ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ တနင်္လာနေ့။ Monday, 9 May 2022 ၁၀၇၂၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# ပွင့်ဖြူမြို့နယ်၌ စားသုံးဆီဖူလုံစေရေးအတွက် နှမ်းနှမ်းကေ ၅၀၀၀၀ ကျော် စိုက်ပျိုးထား

ပွင့်ဖြူ မေ ၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားသုံးဆီဖူလုံစေရေးအတွက် နှမ်းနှမ်းကေ ၅၀၀၀၀ ကျော် စိုက်ပျိုးဆောင်ရွက်ထားရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❋

## ဆိုင်ကလုန်းမုန်တိုင်း "အာစန်နီ" မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

နေပြည်တော် မေ ၈

ဆိုင်ကလုန်းမုန်တိုင်းအခြေအနေ

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "အာစန်နီ" သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ပို့ပလဲယား၏ အနောက်ဘက် ရေမိုင် ၂၇၀ ခန့်၊ ဗီဆာကာပတ္တနမ်မြို့၏

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂




## ယနေ့ ဖတ်စရာ


အပင်အဏုဇီဝသုတေသန




စာမျက်နှာ » ၆

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၅ ရာခိုင်နှုန်းရှိ

စာမျက်နှာ » ၁၉

နယူးဇီလန်နိုင်ငံ၌ အိုမီခရွန် ဗီဇပြောင်းပိုင်းရပ်စ် အမျိုးအစားသစ် BA.5 ကူးစက်ခံရသူတစ်ဦး ပထမဆုံးအကြိမ် တွေ့ရှိ



စာမျက်နှာ » ၁၂

နေကြာသီးနှံ ပိုးမွှား၊ ရောဂါ သတိပြု ကာကွယ်နှိမ်နင်းပါ

စာမျက်နှာ » ၁၆



ရသစုံလင် ပြီးပျော်ရွှင်

စာမျက်နှာ » ၂၀၊ ၂၁

ကြေးမုံ

# စိတ်ထားကောင်းဖြင့် ကောင်းသောအကျိုးဆောင်

ကောင်းသောစိတ်နှလုံးနှင့်ယှဉ်ပါက မကောင်းသောစိတ်နှလုံးတို့သည် ရှုံးနိမ့်စမြဲဖြစ်သည်။ တစ်နည်းဆိုလျှင် စိတ်ထားကောင်း၊ စိတ်ကောင်းထားလျှင် မည်သို့ပင်အခက်အခဲရှိသော်လည်း တစ်နေ့တွင် ကောင်းသောအကျိုးရလဒ်များကို ရရှိနိုင်ပေသည်။ ထို့ကြောင့် မည်သူတရားပျက်ပျက် ကိုယ်မပျက်ဘဲ ကောင်းသောစိတ်ထားဖြင့် မိမိအလုပ်ကိုမိမိ အကောင်းဆုံးဖြစ်အောင်သာ ကြိုးပမ်းလုပ်ကိုင်သွားပါလျှင် အကျိုးပေးအချိန်တန် အမှန်ရရှိနိုင်မည်ဖြစ်ပါသည်။

မြန်မာ့သမိုင်းတွင် ၂၀၂၁ ခုနှစ်သည် ခက်ခဲကြမ်းတမ်းဆုံး ခရီးလမ်းကို ဖြတ်သန်းခဲ့ရသည်ဟု ဆိုနိုင်ပါသည်။ နိုင်ငံရေးအရ အခက်အခဲများနှင့် ကျန်းမာရေးအရ ကိုဗစ်-၁၉ ကပ်ရောဂါဘေးကြောင့် ပြည်သူများ ရောဂါဖိစီးနှိပ်စက်ခြင်းတို့ကို ခံခဲ့ရပါသည်။ တစ်ချိန်တည်းတွင် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခအခက်အခဲများနှင့်ပါ အကျပ်အတည်း သုံးမျိုး ကြုံခဲ့ရပါသည်။ လောကတွင် ဒုက္ခဆင်းရဲရောက်စေနိုင်သော ကပ် သုံးပါး ရှိသည့်အနက် သတ္ထန္တရကပ်၊ ရောဂန္တရကပ်တို့နှင့် ကြုံတွေ့ရသည့် သဘောမျိုးဆိုနိုင်ပါသည်။ ထိုသို့ အခက်အခဲများရှိခဲ့သော်လည်း ပြည်သူများ စားရေရိက္ခာမရှားပါးဘဲ အလုပ်အကိုင်များ အဆင်ပြေခဲ့ပါသည်။

အကြောင်းမှာ မြန်မာနိုင်ငံတွင် အခက်အခဲအကျပ်အတည်း သုံးမျိုး ကြုံခဲ့သော်လည်း မိမိတို့နိုင်ငံကို ကောင်းမွန်ရမည်ဟူသည့် စိတ်ထားကောင်းမွေးမြူ၍ ပြည်သူလူထုနှင့် အစိုးရအဖွဲ့အစည်းအဆင့်ဆင့်တို့က တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဖြေရှင်းဆောင်ရွက်ခဲ့သောကြောင့် အခက်အခဲများကို ကျော်လွှားနိုင်ခဲ့ပြီး အကောင်းဆုံးအခြေအနေသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ မြန်မာတို့သည် ပင်ကိုစိတ်ထားအားဖြင့် အကြောင်းကိစ္စတစ်ခုရှိလာလျှင် တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီလိုစိတ်ရှိကြပြီး လိုအပ်သောကိစ္စအဝဝကို အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးကြသည်။

ထိုသို့ ကောင်းမြတ်သော စိတ်ထားများဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သောကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါဘေးကာလတွင် ကြုံတွေ့ရသော အခက်အခဲများကို အောင်မြင်စွာကျော်လွှားနိုင်ခဲ့သည်။ အလားတူ နိုင်ငံရေးအကျပ်အတည်း၊ လုံခြုံရေးအကျပ်အတည်းနှင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အကျပ်အတည်းများကြားတွင် လူမှုစီးပွားအခက်အခဲများကို အဆင်ပြေအောင် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ အထူးသဖြင့် စားရေရိက္ခာဖူလုံစေရေးအတွက် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ အောင်မြင်အောင် ပြည်သူများနှင့် တာဝန်ရှိသူများ လက်တွဲ၍ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။

ရှေ့ဆက်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေမည့် အခြေအနေကောင်းများလည်း ရှိနေပြီဖြစ်၍ ဆက်လက်ပြီး ထို့ထက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများ များစွာရှိသော်လည်း အပြည့်အဝ ဆောင်ရွက်နိုင်ခြင်းမရှိသေးပေ။ နိုင်ငံအတွင်း အသားတင်စိုက်ဧက ၃၃ သန်းကျော် ရှိသော်လည်း သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ခြင်းနည်းပါးပြီး တစ်ရာသီသာ စိုက်ပျိုးနေသည့်ဧကများသာ ပိုမိုများပြားသည်။ မြေသယံဇာတများတွင် သီးထပ်သီးနှံများ စိုက်ပျိုးနိုင်မည်ဆိုပါက ထုတ်ကုန်နှစ်ဆ တိုးတက်လာမည်ဖြစ်သည်။ တစ်ရာသီသာ စိုက်ပျိုးသည့်မြေနေရာတွင် ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းဆီလိုအပ်မှုကို များစွာအထောက်အကူပြုပြီး ပြည်ပမှ ဆီတင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်သည်။

လက်ရှိတွင်ရှိသည့်အခြေအနေ၊ ရသည့်အခွင့်အလမ်းများဖြင့် အခက်အခဲအကျပ်အတည်းများကြားမှ ကြိုးစားရုန်းကန် လုပ်ကိုင်ခဲ့သောကြောင့် အခြေအနေကောင်းတစ်ခုသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ခေတ်အဆက်ဆက်တွင် ပြည်တွင်းထုတ်ကုန်များထက် ပြည်ပသွင်းကုန်များကို ဦးစားပေးခဲ့သဖြင့် ကုန်သွယ်မှုလိုငွေနှစ်စဉ်ပြခဲ့သည်။ ယခုအခါ အချိန်တိုကာလအတွင်း မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ခဲ့သောကြောင့် ကုန်သွယ်မှုပိုငွေပြနေသည်မှာ ကိုးလရှိပြီဟုသိရသည်။ ယင်းသည် နိုင်ငံတော်၏စီးပွားရေးဘက်၌ အလားအလာကောင်းများ ပေါ်ထွန်းနေခြင်းဖြစ်သည်။ ရှေ့ဆက်၍ ပြည်တွင်းထုတ်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခများ မှန်မှန်ကန်ကန်ရရှိစေရေးနှင့် နိုင်ငံပိုင်လုပ်ငန်းများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နိုင်လျှင် အားလုံးမျှော်လင့်ထားသည့် ပန်းတိုင်သို့ ရောက်ရှိမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်နှစ်ကာလက နိုင်ငံရေးအရ အခက်အခဲ၊ ကျန်းမာရေးအရ အခက်အခဲ၊ လက်နက်ကိုင်ပဋိပက္ခအခက်အခဲဟူသည့် အခက်အခဲ သုံးမျိုး ကြုံတွေ့ခဲ့ရပါသည်။ ထိုသို့ အခက်အခဲ အကျပ်အတည်းများနှင့်ကြုံတွေ့ခဲ့သော်လည်း ပြည်သူလူထု၊ အစိုးရနှင့်အဖွဲ့အစည်းများအားလုံးက မိမိနိုင်ငံတိုးတက်ရမည်၊ ကောင်းမွန်လာရမည်ဟူသည့် ကောင်းသောစိတ်ထားများဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြသဖြင့် ကောင်းသောအကျိုးရလဒ်များကို ဆောင်ကြဉ်းနိုင်ပြီဖြစ်ရာ ရှေ့ဆက်၍ ပိုမိုကောင်းမွန်လာစေရန်အတွက် ကောင်းသောအခြေအနေများကို ဆက်လက်မြှင့်တင်ပေးနိုင်ပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက်(၁၆)နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခြင်းများအား (၁-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂)နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာနေရာများတွင်လည်းကောင်း၊ နိုင်ငံသားကတ်(မှတ်ပုံတင်)ပြသ ဆောင်ရွက်ရသည့်လုပ်ငန်းများတွင် လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်(မှတ်ပုံတင်)အား (၁-၄-၂၀၂၂) နေ့ (၀၆:၀၀)နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ်(မှတ်ပုံတင်)အစား ထောက်ခံစာများအားပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိ ကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## ဓမ္မာစရိယစာမေးပွဲ အဌမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ ကျင်းပ

နေပြည်တော် မေ ၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၂ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၆၃ ဌာနတို့၌ (အဌမနေ့)အဖြစ်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၃၉ ဌာနတို့၌ (ဒုတိယနေ့)အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယစာမေးပွဲ အဌမနေ့ စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၄၅၄ ပါးအနက် ၂၅၃ ပါး ဖြေဆိုကြသဖြင့် ၅၅ ဒသမ ၇၂ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ဒုတိယနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၅၀၅၃၇ ပါး အနက် ၃၈၅၉၈ ပါး ဖြေဆိုကြသဖြင့် ၇၆ ဒသမ ၃၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

နေပြည်တော် မေ ၈

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရွာသစ်ကြီးကျောင်းတိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ပြည်နယ်ကမ္မဋ္ဌာန်းကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ မင်္ဂလာရာမ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ဒက္ခိဏာရာမ ဘုရားကြီးတိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ အင်းဝကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် ရပ်စောက်မြို့နယ်ရှိ မြို့မဘုရားကြီးကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## နောက်နှစ်ရက် အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၈

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် - | ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး - | ဦးဝင်းနိုင် | | |
| စာတည်းများ - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန - | ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် - | ဦးနိုင်လင်းကြည်၊ | စာပြင် - | ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - | ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မိမိတို့နိုင်ငံ၏ သတင်းမှန်ထုတ်ပြန်ရေးနှင့် သတင်းမှားများတိုက်ဖျက်ရေးအတွက် ရည်ရွယ်လုပ်ဆောင်နေသည့် မီဒီယာလုပ်ငန်းများကို မသမာသူများက နည်းမျိုးစုံဖြင့် ဟန့်တားနှောင့်ယှက်နေ



ရန်ကုန် မေ ၈

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပုံနှိပ်သူ၊ ထုတ်ဝေသူ လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

**အလေးအနက်ထား၍ ရေးသားပြောဆို**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယနေ့ရေးသားပြောဆိုမှုများ၊ ထုတ်ဝေမှုများသည် နောင်တစ်ချိန်တွင် မှတ်တမ်းမှတ်ရာအဖြစ် ကျန်ရှိနေမည်ဖြစ်သည့်အတွက် မိမိတို့ရေးသားထုတ်ဝေပြောဆိုမှုများကို သာမန်အဆင့် သဘောမျိုးထား၍ မရဘဲ အလေးအနက်ထား၍ ရေးသားပြောဆိုကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ပုံနှိပ်ခြင်းလုပ်ငန်း/ ထုတ်ဝေခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ပေးကြရန်နှင့် တက်ရောက်လာသူများအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း။

မကြာသေးမီက ညစ်ညမ်းစာအုပ်ထုတ်ဝေခဲ့သော ထုတ်ဝေသူနှင့် ပုံနှိပ်သူများကို သက်ဆိုင်ရာဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်ခဲ့ရပါကြောင်း၊ ထိုသို့ တရားစွဲဆို ဆောင်ရွက်ခြင်းမှာ လွတ်လပ်စွာ ရေးသားထုတ်ဖော်ခွင့်ကို ပိတ်ပင်ဟန့်တားခြင်းမျိုး မဟုတ်ဘဲ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း မရှိသည့်အတွက် သက်ဆိုင်ရာဥပဒေနှင့်အညီ မလွှဲမရှောင်သာ ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ထိုသို့ အရေးယူဆောင်ရွက်ခြင်းသည် မိမိတို့ မြန်မာ့လူ့အဖွဲ့အစည်းက လက်ခံနိုင်ဖွယ်မရှိသော ဟီရိဩတ္တပ္ပတရားကင်းမဲ့သည့် ရေးသားထုတ်ဝေမှုများကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်နေခြင်းပင်ဖြစ်သည်ဟု ပြောလိုပါကြောင်း၊ ယနေ့အချိန်တွင် မိမိတို့နိုင်ငံ၏ သတင်းမှန်ထုတ်ပြန်ရေးနှင့် သတင်းမှားများ တိုက်ဖျက်ရေးအတွက် ရည်ရွယ်လုပ်ဆောင်နေသည့် မီဒီယာလုပ်ငန်းများကို မသမာသူများက နည်းမျိုးစုံဖြင့် ဟန့်တားနှောင့်ယှက်နေသည်ကို ကြုံတွေ့နေရပါကြောင်း။

**မှန်ကန်စွာသိမြင်**

ထို့ပြင် လူမှုကွန်ရက်မီဒီယာတွင် လူပုဂ္ဂိုလ်အချို့၏ အမုန်းစကားများ၊ ပဋိပက္ခကို လှုံ့ဆော်ရာရောက်သည့် ရေးသားပြောဆိုမှုများကိုလည်း တွေ့မြင်ရသည့်အတွက် လွန်စွာစိတ်မကောင်းဖြစ်ခဲ့ရပါကြောင်း၊ မိမိတို့အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၏ မီဒီယာလုပ်ငန်းများကို မည်သို့ပင် ဟန့်တားနှောင့်ယှက်ကြသည်ဖြစ်စေ၊ ပြည်သူများထံ သတင်းမှန်များစီးဆင်းရေးနှင့် သတင်းမှားများ တိုက်ဖျက်ရေးအတွက် နည်းမျိုးစုံဖြင့် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့မိမိတို့အားလုံး စိတ်ရောကိုယ်ပါ ကြိုးပမ်းဆောင်ရွက်မှုများသည် အနာဂတ်နိုင်ငံတော်နှင့် အနာဂတ်မြန်မာ့လူ့အဖွဲ့အစည်းအတွက် လုပ်သင့်လုပ်ထိုက်သည်များအား ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်သည်ကို မှန်ကန်စွာသိမြင်ပြီး ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ပုံနှိပ်သူ၊ ထုတ်ဝေသူလုပ်ငန်းရှင်များက အသီးသီး ဆွေးနွေးတင်ပြခဲ့ကြသည်။

**သတင်းစဉ်**

## ရေကြည်မြို့နယ်၌ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် သစ်စိမ်းမြေသြဇာပေးအပ်ပွဲ ကျင်းပ

ပုသိမ် မေ ၈

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ပုသိမ်ခရိုင် ရေကြည်မြို့နယ် စည်ခွကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ဂျပန်နိုင်ငံ Artic အဖွဲ့နှင့်ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ Artic အဖွဲ့ မန်နေဂျင်းဒါရိုက်တာမှ ကျောင်းဆောင်သစ်နှင့်ပတ်သက်၍ရှင်းလင်းပြောကြားသည်။ ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား တိုင်းဒေသကြီးပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ရာ တာဝန်ခံကျောင်းအုပ်ဆရာမကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်၍ ကျောင်းဆောင်သစ်ဖွင့်ပွဲ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်းပေးကာ ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပြုလုပ်သည့် သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်)ပေးအပ်ပွဲနှင့် ကြဲပက်ပွဲအခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှူးက စိုက်ဧကများနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်က သစ်စိမ်းမြေသြဇာများ၊ ကောက်ရိုးဘိုကာရှိ မြေဆွေးပုံများကို စစ်ဆေးကြည့်ရှုပြီး သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) အိတ်များကို တောင်သူများသို့ ပေးအပ်ကာ တောင်သူများနှင့်အတူ ကြဲပက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တန်ဖိုးမြှင့်သစ်ကုန်ချော ထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်၍ နိုင်ငံတော်ဝင်ငွေတိုးပွားရရှိအောင် စီမံဆောင်ရွက်

နေပြည်တော် မေ ၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၈၇/၆) ရှိ ရဲနွယ်(မြို့ချောင်း) အမြဲတမ်းပျိုးဥယျာဉ်သို့ သွားရောက်စစ်ဆေးသည်။

**မှာကြား**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်းသစ်တောဝင်းရှိ မြန်မာ့သစ်လုပ်ငန်းရုံးချုပ်သို့ရောက်ရှိပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘက လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရည်မှန်းချက်နှင့်လုပ်ငန်းတာဝန်များကို အောင်မြင်အောင် စေတနာထား၍ စွမ်းအားပြည့်ဆောင်ရွက်ရန်၊ တန်ဖိုးမြှင့်သစ်ကုန်ချော ထုတ်ကုန်များ (Value-added Products) ကို တိုးမြှင့်ထုတ်လုပ်၍ နိုင်ငံတော်ဝင်ငွေ တိုးပွားရရှိအောင် စီမံဆောင်ရွက်ရန်၊ ဘဏ္ဍာရေးနှစ်အလိုက် လျာထားငွေများကို ပြည့်မီအောင်ဆောင်ရွက်ရန်၊ ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ အလေးထားဆောင်ရွက်ရန်၊ ဝင်ငွေရရှိရေး ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေသော (Reduced Impact Logging – RIL) စနစ်ကို အသုံးပြုဆောင်ရွက်ရန်၊ ဆင်ထိန်းသိမ်းရေး အခြေပြုခရီးသွားလုပ်ငန်း တိုးချဲ့ဆောင်ရွက်ရန်၊ ထုတ်ပြန်ထားသောဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အလေးထားဆောင်ရွက်ရန် မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ သစ်အခြေခံစက်မှုလုပ်ငန်းဌာန အမှတ်(၁၀)ပရိဘောဂစက်ရုံသို့ သွားရောက်စစ်ဆေးပြီး သစ်အခြေခံအရည်အသွေးမြင့် ပရိဘောဂထုတ်လုပ်ရန် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ရန်၊ အရည်အသွေးမြင့် ပရိဘောဂများ ထုတ်လုပ်ရောင်းချမှုကို လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျဆောင်ရွက်ရန်မှာကြား၍ စက်ရုံကုန်ထုတ်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သဃ်န်းကျွန်းမြို့နယ်ရှိ အမှတ်(၄) ပရိဘောဂစက်ရုံသို့ရောက်ရှိပြီး သစ်အခြေခံအရည်အသွေးမြင့် ပရိဘောဂများ ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အစိုးရပါဠိပထမပြန်စာမေးပွဲဖြေဆိုကြသည့် သံဃာတော်များအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဖူးမြော်ကြည်ညို

ရန်ကုန် မေ ၈

၂၀၂၂ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲဖြေဆိုနေကြသည့် သံဃာတော်များကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ် မြင်သာမြို့ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ စာဖြေဌာနတွင်ကြီးကြပ်ဆရာတော်များနှင့် အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်းပထမကြီးတန်း ဖြေဆိုနေကြသည့်သံဃာတော် ၂၆၁ ပါးတို့ကို ဖူးမြော်ကြည်ညိုပြီး စာဖြေဌာနအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကလှူဒါန်းသည့် ငွေကျပ်ခုနစ်သိန်းကို စာဖြေဌာန ကြီးကြပ်ဆရာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် မယ်လမုစေတီတော်ရှိ ဓမ္မဗိမာန်တော်စာဖြေဌာနတွင် ကြီးကြပ်ဆရာတော်များနှင့် အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းဖြေဆိုနေကြသည့် သံဃာတော်နှင့် သီလရှင် ၃၁၆ ပါးတို့ကို ဖူးမြော်ကြည်ညိုပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသည့်ငွေကျပ် ခုနစ်သိန်းကို ကြီးကြပ်ဆရာတော်များထံ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)



# ဘားအံမြို့နယ် ဒုံရင်းတိုက်နယ်၌ နွေရာသီ ကရင်စာပေနှင့် ယဉ်ကျေးမှုသင်တန်းဖွင့်လှစ်

ဘားအံ မေ ၈

ကရင်တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းမြှင့်တင်ပြီး ရေရှည်တည်တံ့ပြန့်ပွားစေရေးအတွက် ယနေ့ နံနက် ၉ နာရီက ဘားအံမြို့နယ် ဒုံရင်းတိုက်နယ် အောက်ရေတံခွန်တိုက်ကျောင်း၌ နွေရာသီ ကရင်စာပေနှင့် ယဉ်ကျေးမှုသင်တန်းဖွင့်ပွဲ ကျင်းပသည်။

## ကြိုးပမ်းဆောင်ရွက်

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ရှေးဘိုးဘွားများ သားစဉ်မြေးဆက် လက်ဆင့်ကမ်း အမွေချန်ထားပေးခဲ့သည့် စာပေ၊ ဘာသာစကား၊ အနုပညာ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ရေရှည်တည်တံ့အောင်နှင့် ပြန့်ပွားထွန်းကားလာအောင် တာဝန်ရှိသူများက ယခုလိုသင်တန်းများဖွင့်လှစ်ပို့ချပေးခြင်း ဖြစ်ကြောင်း၊ ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း လိုအပ်သည့်ရန်ပုံငွေ အထောက်အပံ့များကို နှစ်စဉ်ဘတ်ဂျက်လျာထားပြီး ထောက်ပံ့ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့၏ ရိုးရာဓလေ့ထုံးတမ်းများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး စရိုက်လက္ခဏာများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်လိုပြီး မိမိတို့လူမျိုးအတွက် ကောင်းမွန်သည့်အနာဂတ် အမွေကောင်းများထားခဲ့နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် နွေရာသီကရင်စာပေနှင့် ယဉ်ကျေးမှုသင်တန်းဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူးက သင်တန်းဆိုင်ရာများ ရှင်းလင်းတင်ပြပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ်က ငွေကျပ် သိန်း ၂၀၀ ကို ထောက်ပံ့ပေးအပ်ရာ သဘာပတိ ဗိုလ်မှူးစောစိုးစိုးက လက်ခံရယူသည်။

ယနေ့ဖွင့်လှစ်သည့် နွေရာသီကရင်စာပေနှင့် ယဉ်ကျေးမှုသင်တန်းကို ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာ ၂၅ ရွာမှ သင်တန်းသား သင်တန်းသူ ၁၀၀၀ ကျော် တက်ရောက်ကြပြီး မေ ၈ ရက်မှ ၂၅ ရက်အထိ စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ပြည်နယ်(ပြန်/ဆက်)

# မကွေးတိုင်းဒေသကြီးတွင် နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲ ကျင်းပ

မကွေး မေ ၈

နွေရာသီ အားကစားသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ၃ နာရီက မကွေးတိုင်းဒေသကြီး မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

## နိုင်ငံတော်ကို အကျိုးပြု

သင်တန်းဆင်းပွဲတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က မျိုးဆက်သစ်လူငယ်များ နွေရာသီ ကျောင်းအားလပ်ရက်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ပြီး အားကစားဖြင့် နိုင်ငံတော်ကို အကျိုးပြုနိုင်သော ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံတော်သော လူငယ်များ ဖြစ်လာစေရေး၊ အခြေခံအားကစားနည်းတစ်ရပ်ရပ်ကို လေ့ကျင့်လိုက်စားခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး အရည်အချင်းမြင့်မားသော အားကစားသမားကောင်းများ၊ နိုင်ငံ့သားကောင်း/ သမီးကောင်းများ ဖြစ်လာစေရေး စသည့် မြင့်မားသည့် ရည်ရွယ်ချက်များနှင့် ယခုသင်တန်းကို ဖွင့်လှစ်သင်ကြားရခြင်းဖြစ်ကြောင်း၊ လူငယ်များအား အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ပြုစုပျိုးထောင်နိုင်ရေးအတွက် အားကစားမှတစ်ဆင့် လူ့အဖွဲ့အစည်းအတွင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာစေရန်နှင့် အားပေးမြှင့်တင်ရန် စည်းရုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကရာတေး အားကစားသမားများနှင့် စားပွဲတင်တင်းနစ် အားကစားသမားများက သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■





# ရှမ်းပြည်နယ်တွင် ကာယပညာနှင့် အားကစားနည်းပြ မွမ်းမံသင်တန်းဖွင့်

တောင်ကြီး မေ ၈

ရှမ်းပြည်နယ် ကာယဆရာ ဆရာမများ ကာယပညာနှင့် အားကစားနည်းပြမွမ်းမံသင်တန်း ဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက တောင်ကြီးမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

## သင်ကြားပို့ချ

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ကာယပညာနှင့် အားကစားနည်းပြ မွမ်းမံသင်တန်းတွင် ဘော်လီဘော၊ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ဘောလုံး၊ ကြက်တောင် စသည့် အားကစားနည်း ခုနစ်မျိုး ပို့ချသွားမည်ဖြစ်ကြောင်း၊ နည်းပြခုနစ်ဦးက ပို့ချပေးမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း၈၀ တက်ရောက်ကြမည်ဖြစ်ကြောင်းနှင့် သင်တန်းကာလမှာ မေ ၇ ရက်မှ ၉ ရက်အထိဖြစ်ပြီး သင်တန်းတွင် စာတွေ့ပို့ချခြင်းကို အထက(၃) တောင်ကြီးတွင် ပို့ချပြီး လက်တွေ့ကို ရှမ်းပြည်နယ် အားကစားရုံနှင့် အားကစားကွင်းတို့တွင် သင်ကြားပို့ချမည်ဖြစ်ကြောင်း ပြောကြားသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကာယပညာနှင့် အားကစားနည်းပြ မွမ်းမံသင်တန်း တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

○



# သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ လုံးတော်ပြည့် မျက်ပါးရွှေသင်္ကန်း ကပ်လှူပူဇော်မှုလုပ်ငန်းနှင့် ကြာမှောက်ကြာလန်တို့တွင် ရွှေစင်ရွှေသားရွှေပြားသင်္ကန်းတော်များ ကပ်လှူပူဇော်မှုလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

ရန်ကုန် မေ ၈

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေတွင် တည်ထားကိုးကွယ်လျက်ရှိသော ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ လုံးတော်ပြည့် မျက်ပါးရွှေသင်္ကန်းကပ်လှူမှုလုပ်ငန်းနှင့် ကြာမှောက်ကြာလန်တို့တွင် ရွှေစင်ရွှေသားရွှေပြားသင်္ကန်းတော်များ ကပ်လှူပူဇော်မှုလုပ်ငန်းကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ပြီးစီးအောင်မြင်ပြီးဖြစ်ကြောင်း သိရသည်။

လုံးတော်ပြည့် မျက်ပါးရွှေသင်္ကန်းကပ်လှူပူဇော်မှုလုပ်ငန်းများကို လေးနှစ်တစ်ကြိမ် ပုံမှန်ကပ်လှူရသော လုပ်ငန်းဖြစ်သောကြောင့် ကြာမှောက်ကြာလန်၌ ယခင်က မျက်ပါးရွှေသင်္ကန်းသာ ကပ်လှူထားရာမှ ယခုရွှေစင်ရွှေသားရွှေပြားသင်္ကန်းတော်များ ပြောင်းလဲကပ်လှူခဲ့ခြင်းဖြစ်သည်။ စေတီတော်အပေါ်ပိုင်း ငှက်ပျောဖူးပေါ်တွင် ကိုးလက်မပတ်လည် ရွှေစင်တစ်ကျပ်သား ရွှေပြားများ ၄၃၉ ချပ် အပြည့်ကပ်လှူထားပြီး ငှက်ပျောဖူးပေါ် အောက် ကြာမှောက်ကြာလန်ကိုကျော်၍ ဖောင်းရစ်တော်တွင် ကိုးလက်မပတ်လည် ရွှေစင် တစ်ကျပ်သား အပြား ၃၁၆ ချပ်ကို ကပ်လှူပူဇော်ထားပြီးဖြစ်သော်လည်း ကြာမှောက်ကြာလန်တွင် ရွှေစင်ရွှေသားရွှေကြာသင်္ကန်းတော်များကို ယခုမှ စတင်ကပ်လှူရခြင်းဖြစ်သည်။

ကြာမှောက်ကြာလန်အစိတ်အပိုင်းအားလုံးများအတွက် ရွှေစင်ရွှေသား ၁၃ ပိဿာခန့်လိုအပ်သော်လည်း ယခုအခါ အလှူခံရရှိပြီးဖြစ်သော ရွှေချိန် သုံးပိဿာခွဲခန့်ကိုသာ ကြာမှောက်ကြာလန်အထက်ပိုင်း လေးပုံတစ်ပုံခန့်ကို ရွှေစင်ရွှေသား ရွှေပြားသင်္ကန်းတော်များ ကပ်လှူပူဇော်နိုင်ခဲ့ပြီးဖြစ်သည်။ ကျန်လေးပုံသုံးပုံ ကြာမှောက်ကြာလန်အပိုင်းကိုလည်း အလှူခံရရှိမှုပေါ်မူတည်၍ တဖြည်းဖြည်းချင်း ဆက်လက်ကပ်လှူဒါန်းသွားမည်ဖြစ်ပါသဖြင့် အလှူရှင်များမှ ရွှေသင်္ကန်းအလှူတော်များကို ဆက်လက်လှူဒါန်းနိုင်ပါကြောင်းဖြင့် ဂေါပကအဖွဲ့ဝင် ဦးလှထွန်းက ရှင်းလင်းပြောကြားသည်။

ရွှေသင်္ကန်းကပ်လှူမှုလုပ်ငန်းများ အောင်မြင်ပြီးမြောက်ပြီးဖြစ်၍ မကြာမီကာလတွင် ရွှေသင်္ကန်းကပ်လှူမှုအောင်ပွဲ ရေစက်ချ အလှူတော်မင်္ဂလာကျင်းပရန်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ရွှေပြည်သာမြို့နယ်၌ သံဃာတော်၊ သီလရှင် အပါး ၃၅၀ ပါဠိပထမပြန်စာမေးပွဲဖြေဆို

ရန်ကုန် မေ ၈

သာသနာရေး ဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၂ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ် (၆) ရပ်ကွက်ရှိ မြို့ဦးစေတီသာသနာ့ဗိမာန်တော်ကြီးအတွင်း စာဖြေဌာန၌ မေ ၇ ရက်မှ ၁၃ ရက် နေ့စဉ်မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပဖြေဆိုလျက်ရှိရာ ပထမကြီးတန်းအတွက် မေ ၇ ရက်မှ ၁၃ ရက်အထိ "ဒွေမာတိကာဘာသာ/ ဓမ္မပဒ၊ ကစ္စည်းသဒ္ဒါကြီးဘာသာ၊ အဘိဓမ္မသင်္ဂဟဘာသာ၊အဘိဓာန်/ အလင်္ကာ/ဆန်းဘာသာ၊ ယမိုက်အထက်ငါးကျမ်းဘာသာ၊ ပဌာန်းကုသလတိတ်ဘာသာ၊ ဘာသာပြန်ဘာသာ"၊ ပထမလတ်တန်းအတွက် မေ ၇ ရက်မှ ၁၂ ရက်အထိ "ဒွေမာတိကာဘာသာ/ ဓမ္မပဒ၊ ကစ္စည်းသဒ္ဒါကြီးဘာသာ၊ အဘိဓမ္မတ္ထသင်္ဂဟဘာသာ၊ သုတ္တန္တိကမာတိကာနှင့်ဓာတုကထာဘာသာ၊ ယမိုက်အောက်ငါးကျမ်းဘာသာ၊ ဘာသာပြန်ဘာသာ"၊ ပထမငယ်တန်းအတွက် မေ ၇ ရက်မှ ၁၁ ရက်အထိ "ဘိက္ခုပါတိမောက်ဘာသာ/ ဓမ္မပဒ၊ ကစ္စည်းသဒ္ဒါကြီးဘာသာ၊ အဘိဓမ္မတ္ထသင်္ဂဟဘာသာ၊ တိကမာတိကာ၊ ဒုကမာတိကာနှင့် ဓာတုကထာဘာသာ၊ ဘာသာပြန်ဘာသာ"၊ အခြေပြုမူလတန်းအတွက် မေ ၇ ရက်မှ ၁၀ ရက်အထိ "ဝိနည်းကျင့်ဝတ်/ သုကုမာရ မဂ္ဂဒီပနီ၊ ကစ္စည်းသဒ္ဒါကြီးဘာသာ၊ အဘိဓမ္မတ္ထသင်္ဂဟဘာသာ၊ တိကမာတိကာ"တို့ ဖြေဆိုကြရမည်ဖြစ်ကြောင်း သိရသည်။

မေ ၇ ရက်နှင့် ၈ ရက်နေ့များတွင် ပထမကြီးတန်း ၃၇ ပါး၊ ပထမလတ်တန်း ၅၈ ပါး၊ ပထမငယ်တန်း ၁၁၃ ပါး၊ အခြေပြုမူလတန်း ၁၄၂ ပါး စုစုပေါင်း သံဃာတော် သီလရှင် အပါး ၃၅၀ တို့ ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။ အဆိုပါပါဠိပထမပြန်စာမေးပွဲဖြေဆိုရာတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှင့် အကျိုးတော်ဆောင်ဆရာတော်များ၊ ဩဝါဒါစရိယဆရာတော်ကြီးများ၊ စာမေးပွဲကြီးကြပ်ရေးဥက္ကဋ္ဌ ဆရာတော်နှင့် ကြီးကြပ်ဆရာတော်များက အနီးကပ်ကြီးကြပ်ခဲ့ကြပြီး စာဖြေသံဃာတော်များ၊ သီလရှင်များ အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရန်အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ဌာနဆိုင်ရာဝန်ထမ်းများက အချိုရည်၊ အအေးဘူးများကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဉာဏ်ဟိန်း**





# ငပလီမြို့ လင်းသာရပ်ကွက် မင်္ဂလသုခကျောင်း၌ စုပေါင်း ၁၀၈ ပါး ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာပွဲကျင်းပ

သံတွဲ မေ ၈

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ငပလီမြို့ လင်းသာရပ်ကွက် မင်္ဂလသုခကျောင်း ဆရာတော်ဘဒ္ဒန္တဝါယမအား အမှူးထားလျက် မင်္ဂလသုခကျောင်း မိသားစုတို့မှ စုပေါင်းလှူဒါန်းသည့် ၁၀၈ ပါး ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာပွဲတော်ကို ယမန်နေ့ ညနေ ၄ နာရီကစတင်၍ အဆိုပါကျောင်းတော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ ၁၀၈ ပါးသော မောင်ရှင်လောင်း၊ ရဟန်းလောင်းများနှင့် သီလရှင်လောင်းများအား အိုးစည်၊ ဒိုးပတ်ဝိုင်းများဖြင့် ရွာအတွင်းလှည့်လည် အပူဇော်ခံကြပြီး ရန်ကုန်မြို့ သိဒ္ဓိဇေယျာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိစက္ခဏထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပင့်ဖိတ်၍ကြွရောက်တော်မူကြသည့် ဆရာတော်သံဃာတော်များထံမှ မေတ္တသုတ် ပရိတ်တရားတော်များ နာယူတော်မူခဲ့ကြသည်။ ဆက်လက်၍ သိဒ္ဓိဇေယျာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိစက္ခဏ ဦးဆောင်၍ ရှင်ပြုခြင်းမင်္ဂလာကို ကျင်းပခဲ့သည်။

## သိမ်ဝင်ခြင်းမင်္ဂလာ ကျင်းပ

ထို့နောက် ယနေ့ နံနက်ပိုင်းတွင် ရဟန်းလောင်းများအား သိဒ္ဓိဇေယျာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိစက္ခဏ ဦးဆောင်၍ သိမ်ဝင်ခြင်းမင်္ဂလာကို ကျင်းပကာ ဆရာတော် သံဃာတော်ကြီးများအား အမှူးထားလျက် ရဟန်းဘဝသို့ သွတ်သွင်းတော်မူကာ သိမ်ဆင်းလောင်းခဲ့ကြသည်။

ဆက်လက်၍ သိဒ္ဓိဇေယျာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိစက္ခဏထံမှ သာဓုအနုမောဒနာတရားနာယူကြပြီး ဆရာတော်များအား လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အား ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**✻ ရွှေဖုံးမှ**

ဒေသတွင်း စားသုံးဆီဖူလုံစေရန်နှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသခံတောင်သူများက အစိုးရဆည်ရေ၊ လျှပ်စစ်ရေတင်စနစ်နှင့် မြေအောက်ရေတို့ကို အကျိုးရှိစွာ အသုံးချပြီး နှမ်း ၊ မိုး ၊ ဆောင်း ရာသီမပြတ် မြေပဲ ၊ နှမ်း ၊ နေကြာသီးနှံတို့ကို အားထားစိုက်ပျိုးကြကြောင်း သိရသည်။ ထိုသို့ သီးနှံများစိုက်ပျိုးရာ၌ ဒေသခံတောင်သူများ သီးနှံအထွက်နှုန်းတိုးတက်ကောင်းမွန်စေရန် အခြေခံစိုက်ပျိုးရေးနည်းစနစ်များနှင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ သွင်းအားစုပစ္စည်းများ အချိုးကျမှန်ကန်စွာ သုံးစွဲတတ်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နယ်မြေအလိုက် တာဝန်ခံကွင်းဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက ပြည်တွင်းစားသုံးဆီ ဖူလုံစေရေးအတွက် ဆီထွက်သီးနှံဖြစ်သည့် နွေနှမ်းစိုက်ပျိုးခြင်းကို အစိုးရဆည်ရေဖြင့် ၄၄၁၃၁ ဧက ၊ လျှပ်စစ်ရေတင်ဖြင့် ၈၀၈ ဧက ၊ ရေစုပ်စက်ဖြင့် ၆၅၅၆ ဧက ၊ မြေအောက်ရေဖြင့် ၂၅၀၂ ဧက စုစုပေါင်း နွေနှမ်းဧက ၅၃၉၉၇ ဧက စိုက်ပျိုးထားရှိကြောင်းနှင့် စိုက်ပျိုးသည့်နှမ်းမျိုးမှာ စမုန်နက်၊ သိပ္ပံနှမ်းနက်၊ ဆင်းရတနာ – ၄ နှမ်းမျိုးများဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# အပင်အဏုဇီဝသုတေသန

ဒေါက်တာမော်မော်သန်း (စိုက်ပျိုးရေးသုတေသနဦးစီးဌာန)

ကျွန်ုပ်တို့လုပ်ကိုင်ဆောင်ရွက်နေရသော စိုက်ပျိုးရေးလုပ်ငန်းတွင် အဏုဇီဝသက်ရှိများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးပါပေသည်။ အဏုဇီဝသက်ရှိမျိုးစိတ်များ၏ ပေါင်းစပ်ဖွဲ့စည်းထားသော လုပ်ဆောင်မှုများသည် သက်ရှိပတ်ဝန်းကျင်အဖွဲ့အစည်းပင် ဖြစ်ပေသည်။ အဏုဇီဝသက်ရှိများမှာ မှို၊ ဗက်တီးရီးယား၊ အက်တီနိုမိုင်စီ၊ တဆေး၊ ပရိုတိုဇိုးဝါး၊ ရေညှိ၊ မော်ပင်နှင့် နီမတုတ် စသဖြင့် အုပ်စုကွဲများစွာတို့ ဖြစ်သည်။ အချို့သော အဏုဇီဝသက်ရှိများသည် အပင်များကို ရောဂါဖြစ်စေပြီး အချို့သည် အပင်များအတွက် အကျိုးပြုစေသည်။ အကျိုးပြုအဏုဇီဝသက်ရှိများ၏ အုပ်စုကွဲတစ်ခုစီတွင် မြေကြီး၏ အာဟာရဓာတ်ထိန်းသိမ်းရေး၊ အပင်တို့၏ ကျန်းမာသန်စွမ်းရေးတို့အတွက် အကျိုးပြုပေးနိုင်သည့် အရည်အချင်းများနှင့် အပင်ရောဂါဖြစ်စေသော သက်ရှိများကို ကာကွယ်ထိန်းချုပ်နိုင်သည့် အရည်အချင်းများ၊ လုပ်ငန်းဆောင်တာများ သီးသန့်ပိုင်ဆိုင်ကြသည်။ စိုက်ပျိုးရေးအခန်းကဏ္ဍနှင့်သက်ဆိုင်သည့် အကျိုးပြုအဏုဇီဝ သက်ရှိတချို့၏ အပင်များနှင့်ဆက်စပ်ပုံ အကျိုးပြုပုံများကို လေ့လာသိရှိရသလောက် စုစည်းဖော်ပြအပ်ပါသည်။

**မိုင်ကိုရိုင်ဇာ (Mycorrhiza)**

မိုင်ကိုရိုင်ဇာသည် အပင်၏ အမြစ်နှင့်မြေကြီးကို ဆက်စပ်ပေးသော သက်ရှိအကျိုးပြုမှိုတစ်မျိုး ဖြစ်သည်။ သဘာဝမြေကြီးများထဲတွင် မိုင်ကိုရိုင်ဇာမှို ပုံစံနှစ်မျိုး တွေ့ရှိရသည်။ သစ်တောပင်များ (ဥပမာ – ထင်းရှူးပင်) ရှိသည့် မြေကြီးတွင် တွေ့ရှိရသော မိုင်ကိုရိုင်ဇာမှိုမှာ အက်တိုမိုင်ကိုရိုင်ဇာ (Ecto Mycorrhiza, ECM) မှိုများဖြစ်ပြီး စိုက်ပျိုးသီးနှံပင်များ စိုက်ပျိုးဖြစ်ထွန်းသည့် နေရာများတွင် တွေ့ရှိရသော မိုင်ကိုရိုင်ဇာမှိုမှာ အင်ဒိုမိုင်ကိုရိုင်ဇာ (Endo Mycorrhiza, Arbuscular Mycorrhiza Fungi, AMF) မှိုများဖြစ်သည်။ မိုင်ကိုရိုင်ဇာမှိုသည် အပင်၏ အမြစ်ထဲတွင် ရှင်သန်ကြီးထွားနိုင်ပြီး အပင်အတွက် လိုအပ်သော ဖော့စဖောရပ် (P)ဓာတ်ကို အပင်များစားသုံးနိုင်သည့် ပုံစံဖြစ်အောင် စုပ်ယူပေးနိုင်သည်။ ၎င်း၏ မှိုမျှင်များသည် မြေမျက်နှာပြင်အောက် သုံးမီတာခန့်အထိ ဆင်းသက်ကြီးထွားနိုင်သောကြောင့် မြေအောက်ရေကို အပင်ရှိရာသို့ မှိုမျှင်မှတစ်ဆင့် ပို့ပေးနိုင်သဖြင့် သီးနှံပင်များ ရေငတ်ဒဏ်ခံနိုင်မှုကိုလည်း အထောက်အကူပြုပေးသည်။ ထို့ပြင် မြေဆောင်ရောဂါဖြစ်စေသော Rhizoctonia solani ၏ မှိုမျှင်များ ကြီးထွားမှုကို ထိန်းချုပ်ဟန့်တားနိုင်သောကြောင့် ခါးရိုရောဂါနှင့် အမြစ်ပုပ်ရောဂါများကိုလည်း သက်သာစေနိုင်ကြောင်း သိရှိရသည်။




အပင်နှင့် အဏုဇီဝသက်ရှိများ၏ ဆက်စပ်ပုံ။

**ထရိုင်ခိုဒါးမား (Trichoderma)**

ထရိုင်ခိုဒါးမားသည် သီးနှံပင်ရောဂါဖြစ်စေသော သက်ရှိများကို ကပ်ပါးအဖြစ် ကာကွယ်နှိမ်နင်းပေးနိုင်သော အဏုဇီဝ သက်ရှိမှိုတစ်မျိုးဖြစ်သည်။ သီးနှံမြေဆောင်ရောဂါများကို ကာကွယ်နှိမ်နင်းပေးနိုင်သည့်အပြင် အပင်အကြွင်းအကျန်များကို မြေဆွေးပြုလုပ်ရာတွင် လျှင်မြန်စွာ ဆွေးမြည့်စေနိုင်သည့် အထောက်အကူပြု ပစ္စည်းအဖြစ်လည်းကောင်း၊ သီးနှံများရိတ်သိမ်းပြီး ရိုးပြတ်များကို လျှင်မြန်စွာဆွေးမြည့်စေရန်လည်းကောင်း၊ အပင်ကြီးထွားမှုကို အားပေးသော ပဋိဇီဝပစ္စည်း (Antibiotics) အဖြစ်လည်းကောင်း အကျိုးပြုနိုင်သည့် အဏုဇီဝသက်ရှိလည်းဖြစ်သည်။ Trichoderma မှို၏ မှိုမျှင်များသည် ရောဂါဖြစ်စေသော သက်ရှိမှိုမျှင်များကို ရစ်ပတ်ပြီး တိုက်ခိုက်ပေးခြင်းဖြင့် ဖျက်ဆီးပေးနိုင်ပေသည်။ ကာကွယ်နှိမ်နင်းပေးနိုင်သော ရောဂါများမှာသီးနှံမြေဆောင်မှိုရောဂါ (Soil-borne fungus diseases) များဖြစ်သည့် Sclerotium spp ကြောင့်ဖြစ်သော ခါးရိုရောဂါများ၊ Rhizoctonia spp ကြောင့်ဖြစ်သော မြစ်ခြောက်ဆွေးရောဂါများ၊ Pythium spp ကြောင့်ဖြစ်သော ပင်ညှိုးရောဂါများနှင့် Aspergillus spp ကြောင့်ဖြစ်သော ပင်ရင်းပုပ်ရောဂါများ စသည်ဖြင့်ဖြစ်သည်။

**အဇိုလာ (Azolla)/ရေကျောက်ခက်**

အဇိုလာသည် သဘာဝမြေသြဇာထဲတွင် တစ်ခုအပါအဝင်ဖြစ်သော ရေမှော်(Aquatic fern) တစ်မျိုးဖြစ်သည်။ ဂရိဘာသာအရ Agro ဆိုသည်မှာ ခြောက်သွေ့ခြင်းဟု အဓိပ္ပာယ်ရပြီး Ollyo ဆိုသည်မှာ သေကျေပျက်စီးခြင်းဟု အဓိပ္ပာယ်ရသော စာလုံးနှစ်လုံးအား ပေါင်းစပ်ပြီး Azolla ဟု အမည်ရသည်။ ရေခြောက်လျှင် သို့မဟုတ် အပူချိန်များလျှင် သေကျေပျက်စီးတတ်သည့် ရေမှော်ပင်တစ်မျိုးဖြစ်သည်။ ရေကျောက်ခက်သည် သစ်စိမ်းမြေသြဇာအဖြစ် အသုံးပြုနိုင်သော ရေမှော်ပင်များဖြစ်ပြီး စပါးခင်းတွင် စပါးနှင့်တစ်ပြိုင်တည်း စိုက်ပျိုးပွားများနိုင်ကာ ယင်းအပင်ငယ်များအတွင်း၌ သဘာဝအလျောက်ရှိနေသော Anabaena azollae ခေါ် စိမ်းပြာရေညှိများသည် လေထဲမှ နိုက်ထရိုဂျင်ဓာတ်ကို ဖမ်းယူပြီး သဟဇီဝနပြုလုပ်၍နေကြသည်။ ရေကျောက်ခက်ပွားများရန်နှင့် နိုက်ထရိုဂျင် ဖမ်းချုပ်ရန် အဓိကလိုအပ်သော အာဟာရဓာတ်မှာ ဖော့စဖိတ်ဓာတ်ဖြစ်ပြီး ၎င်းပွားများရာနေရာတွင် ဖော့စဖိတ်ချို့တဲ့ပါက အစိမ်းရောင်မှ အနီရောင်သို့ ပြောင်းသွားတတ်သည်။

**ဘော့ဗျူရီးယား (Beavueria bassiana)**

ဤအဏုဇီဝ သက်ရှိမှိုတစ်မျိုးသည် တောင်သူဦးကြီးများ၏ စိုက်ခင်းများတွင် ကျရောက်တတ်သော ပိုးမွှားမျိုးစိတ်တော်တော်များများကို ကာကွယ်ထိန်းချုပ်နိုင်သော Entomopathogenic fungi တစ်မျိုးဖြစ်သည်။ Beavueria bassiana မှို၏ မှိုစပိုး (Conidia)သည် အင်းဆက်၏ ခန္ဓာကိုယ်ပေါ်သို့ ကပ်ပါစေပြီး ၎င်းမှိုစပိုးမှ မျိုးဥသောက်ထွက်လာကာ အင်းဆက်ခန္ဓာကိုယ်ထဲသို့ ထိုးဖောက်ဝင်ရောက်သွားပြီး မှိုမျှင်များက အင်းဆက်၏ ခန္ဓာကိုယ်ထဲမှ အစာအာဟာရများကို စုပ်ယူစားသုံးနိုင်သဖြင့် နောက်ဆုံးတွင် အင်းဆက်များ သေဆုံးသွားခြင်းဖြစ်သည်။ ယခုအခါ နိုင်ငံခြားတိုင်းပြည်တချို့တွင် Beavueria bassiana မှိုကို စီးပွားဖြစ်ထုတ်လုပ်ရောင်းချပြီး စိုက်ခင်းများတွင် အင်းဆက်များ ကာကွယ်နိုင်သည့် Biopesticide အဖြစ် အသုံးပြုနေကြကြောင်း သိရသည်။

**ဗက်တီးရီးယားများ (Bacteria)**

အကျိုးပြု အဏုဇီဝသက်ရှိ ဗက်တီးရီးယားများသည် အပင်နှင့်အမြစ်များ ကြီးထွားမှုကို အားပေးခြင်းဖြင့်လည်းကောင်း၊ ပင်ကြွင်းပင်ကျန်များ ဆွေးမြည့်စေခြင်းဖြင့်လည်းကောင်း၊ လေထဲမှ နိုက်ထရိုဂျင် ဖမ်းယူပေးခြင်းဖြင့်လည်းကောင်း အခန်းကဏ္ဍအသီးသီးမှ ဆက်စပ်အကျိုးပြု ရှင်သန်လျက်ရှိကြသည်။

Blue green algae ကဲ့သို့ Cyano-bacteria အဏုဇီဝသက်ရှိများသည် လယ်သီးနှံများတွင် စိုက်ပျိုးရေကို အာဟာရပွားများစေခြင်းဖြင့် အကျိုးပြုသည်။

Azotobacter Bacteria များက စိုက်ပျိုးမြေကြီး၏ အာဟာရဓာတ်ကို တိုးပွားတည်တံ့စေခြင်း၊ နိုက်ထရိုဂျင်ကို ဖမ်းယူပေးခြင်း၊ အပင်ကြီးထွားမှုကို ဖြစ်စေခြင်း (Crop Growth Rate, CGR) ဖြင့် အကျိုးပြုသည်။

Plant Growth Promoting Rhizo-bacteria (PGPR) များက သီးနှံပင်ကြီးထွားမှုကို အားပေးခြင်းဖြင့်လည်းကောင်း၊ Phosphorus Solubilizing Bacteria (PSB) များက Inorganic Phosphorus ပုံစံမှ စိုက်ပျိုးပင်များစားသုံးနိုင်သည့် Soluble P ပုံစံသို့ ပြောင်းလဲပေးခြင်းဖြင့်လည်းကောင်း အကျိုးပြုဗက်တီးရီးယား သက်ရှိများ၏ အခန်းကဏ္ဍကို အသုံးချလျက် ဇီဝမြေသြဇာအဖြစ် ဖန်တီးထုတ်လုပ်သုံးစွဲနေကြသည်များလည်း ရှိပါသည်။

**ပဲမြစ်ဖုဇီဝမြေသြဇာ**

ပဲမြစ်ဖုဇီဝမြေသြဇာတွင် ရိုင်ဇိုဘီယမ် (Rhizobium) ခေါ်သည့် အမြစ်နေအကျိုးပြုသက်ရှိ ဗက်တီးရီးယားများနှင့် ခဲမြေပွားစာတို့ ပါဝင်ပါသည်။ ၎င်းဗက်တီးရီးယားများသည် ပဲပင်များစိုက်ပျိုးသောအခါ ပဲပင်၏အမြစ်ထဲတွင် ဝင်ရောက်နေထိုင်နိုင်ကာ မြစ်ဖုဖြစ်ပေါ်စေပြီး လေထဲမှ နိုက်ထရိုဂျင်ကို ဖမ်းယူဓာတ်လျှော့စေနိုင်ခြင်းအားဖြင့် ပဲပင်များစားသုံးနိုင်သည့် အေမိုင်နိုအက်စစ်ပုံစံအဖြစ် ပြောင်းလဲပေးနိုင်သည့် အစွမ်းသတ္တိရှိသည်။ ပဲပင်များက ရိုင်ဇိုဘီယမ်ဗက်တီးရီးယား နေထိုင်နိုင်ရန် အမြစ်ထဲတွင် မြစ်ဖုအဖြစ် နေစရာပေးပြီး ဗက်တီးရီးယားရှင်သန်နိုင်ဖို့ အစားအစာများ ထောက်ပံ့ပေးသည်။ ရိုင်ဇိုဘီယမ် ဗက်တီးရီးယားက ပဲပင်အသုံးပြုနိုင်သော နိုက်ထရိုဂျင်ကို ထောက်ပံ့ပေးပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိစေနိုင်သည်။ ရိုင်ဇိုဘီယမ် ဗက်တီးရီးယားမျိုးကွဲများသည် ပဲအမျိုးအစားအလိုက် တစ်ဧကလျှင် တစ်နှစ်တွင် နိုက်ထရိုဂျင် ၅၇ ပေါင်မှ ၄၉၂ ပေါင်ထိ ဖမ်းယူပေးနိုင်ကြောင်း ပညာရှင်များက ဖော်ပြထားသည်။

ပဲပင်ကို စစိုက်ပြီး ၁၄ ရက်သားတွင် နိုက်ထရိုဂျင်ဖမ်းယူပေးနိုင်မှု စတင်ပြီး ပဲမျိုးအလိုက် ပန်းဖြိုင်ဖြိုင်ပွင့်ချိန်တွင် မြစ်ဖုဖြစ်ပေါ်မှုအများဆုံးဖြစ်ကာ နိုက်ထရိုဂျင် ဖမ်းယူပေးနိုင်မှု အများဆုံးအချိန်လည်း ဖြစ်သည်။ **စာမျက်နှာ ၇ သို့** ❂



မြစ်ဖုဗက်တီးရီးယားများ။



အပင်နှင့်အဏုဇီဝသက်ရှိ။

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ အမယ်လေးမျိုး၊ နေ့ဆွမ်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၈

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက်ရှိ သီရိဓမ္မာရုံကျောင်းတိုက်၊ မှော်ဘီမြို့နယ် ကွမ်းခြံကုန်းကျေးရွာရှိ ကိုးလုံးကွင်းပရိယတ္တိစာသင်တိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဘန့်ဘွေးကုန်းကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ ဒိုင်ကြီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၊ တောင်ကုတ်မြို့ရှိ စေတျာရာမဘုန်းတော်ကြီးကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် သာသနဟိတသုခကျောင်းနှင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အောင်ချမ်းသာကျေးရွာရှိ မယ်ဒက်ကယ်ဘုန်းတော်ကြီးကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





## ညောင်လေးပင်မြို့၌ ၂၀၂၂ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

ညောင်လေးပင် မေ ၈

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဒက္ခိဏာရာမတောင်ကျောင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သာသနာတော်သန့်ရှင်းရေး၊ တည်တံ့ပြန့်ပွားရေး၏အခြေခံမူရင်းဖြစ်သော ပရိယတ္တိသာသနာတော်ထွန်းကားပြန့်ပွားစေရန် ပါဠိပထမပြန်(ကြီး၊လတ်၊ငယ်၊မူ ) တန်း စာမေးပွဲကို ဒုတိယနေ့အဖြစ် ယနေ့ မွန်းတည့် ၁၂ နာရီတွင် ဆက်လက်ကျင်းပသည်။

အဆိုပါစာမေးပွဲ ဒုတိယနေ့တွင် ပထမကြီးတန်း အပါး၂၀ ၊ ပထမလတ်တန်း ၂၃ ပါး၊ ပထမငယ်တန်း ၄၄ ပါး၊ အခြေပြုမူလတန်း ၄၉ ပါး စုစုပေါင်း ၁၃၆ ပါးတို့ ဖြေဆိုလျက်ရှိသည်။

စာဖြေသံဃာတော်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်ရပ်မိရပ်ဖများက လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နီနီဝင်း(ပြန်/ဆက်)

❂ စာမျက်နှာ ၆ မှ

**ပဲမြစ်ဖုဇီဝမြေဩဇာသုံးစွဲခြင်း၏အကျိုးကျေးဇူးများမှာ-**

- သုံးစွဲရလွယ်ကူပြီး ဈေးနှုန်းသက်သာခြင်း၊
- မြေမှ နိုက်ထရိုဂျင်ဓာတ်လျော့ပါးမှုကို ကာကွယ်ပေးခြင်း၊
- ပဲအပြီး သီးထပ်စိုက်ပျိုးသော ဒုတိယသီးနှံအတွက် မြေဆီဩဇာကို တိုးတက်စေနိုင်ခြင်း၊
- နိုက်ထရိုဂျင်မြေဩဇာ အသုံးပြုရန် မလိုတော့သဖြင့် နိုက်ထရိုဂျင် မြေဩဇာကို အခြားသီးနှံများတွင် ပိုမိုသုံးစွဲနိုင်ခြင်း၊
- ပဲမျိုးအလိုက် ၂၇ မှ ၄၈ ရာခိုင်နှုန်းအထိ အထွက်တိုးစေခြင်း၊
- ပတ်ဝန်းကျင် လေထုညစ်ညမ်းမှုကိုလည်း မဖြစ်စေခြင်းနှင့် အပင်နှင့် သက်ရှိတို့၏ သဘာဝဂေဟစနစ်ကို ပြောင်းလဲဖျက်ဆီးခြင်း မပြုသောကြောင့် ပဲမြစ်ဖု ဇီဝမြေဩဇာများကို တောင်သူများ အသုံးပြုနိုင်ရန် ရည်ရွယ်ပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာနက မြေပဲ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲပုပ်၊ ပဲစင်းငုံ၊ ကုလားပဲနှင့် ပဲလွမ်းတို့အတွက် သီးသန့်စီ ထုတ်လုပ်ဖြန့်ဖြူးပေးခဲ့သည်မှာ ရှေးနှစ်ပေါင်းအတော်ကြာကပင် ဖြစ်ပေသည်။

စိုက်ပျိုးရေး သုတေသနဦးစီးဌာနက ထုတ်လုပ်နေသော ပဲမြစ်ဖုဇီဝမြေဩဇာ တစ်ထုပ်သည် ၁၅၀ ဂရမ် အလေးချိန်ရှိပြီး ပဲမျိုးအလိုက် လေးပြည်အတွက် သုံးရန်ဖြစ်ပါသည်။ အရိပ်အောက်တွင် ဇီဝမြေဩဇာထုပ်များကို စိုက်ပျိုးမည့် မျိုးစေ့များပေါ်သို့ အထက်ပါနှုန်းအတိုင်း တွက်ချက်လောင်းချပြီး ရေစွတ်စိုရုံမျှ ထည့်ကာ သမအောင်မွှေပေးခြင်း၊ လူးနယ်ပြီး မျိုးစေ့များကို မစိုက်သေးပါက နေရောင်ခြည်နှင့် တိုက်ရိုက်မထိအောင် အရိပ်ထဲတွင် ထားခြင်းနှင့် မျိုးစေ့ချပြီးပါကလည်း မြေချက်ချင်းဖုံးပေးခြင်း စသည်ဖြင့် စနစ်တကျ အသုံးပြုရန်လိုအပ်ပါသည်။ ပဲမြစ်ဖုဇီဝမြေဩဇာထဲတွင်ပါဝင်သော ရိုင်ဇိုဘီယမ် ဗက်တီးရီးယားများသည် အပူချိန် ၂၅ ဒီဂရီစင်တီဂရိတ်ထက် ကျော်လွန်ပါက ရှင်သန်နိုင်မှုအားနည်းပြီး အကျိုးပြုစွမ်းအားလျော့ကျနိုင်သောကြောင့် ဇီဝမြေဩဇာထုပ်များကို အသုံးမပြုမီထားသိုရာတွင်လည်း ခြောက်သွေ့၍ အေးပြီး လေဝင်လေထွက်ကောင်းသော နေရာတွင် သိမ်းဆည်းထားရမည် ဖြစ်သည်။

ယခုအခါ မိမိတို့ National Budget၊ ACIAR Project အကူအညီတို့ဖြင့် ယခင် Rhizobium Unit ကို စိုက်ပျိုးရေးအဏုဇီဝသုတေသန ဌာနစုတစ်ခုအဖြစ်သို့ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး အောက်ပါလုပ်ငန်းတို့တွင် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၎င်းတို့မှာ

- အဏုဇီဝဓာတ်ခွဲခန်းကို Compact ဖြစ်အောင်နှင့် အဆင့်မြင့်သော ခေတ်မီဓာတ်ခွဲခန်းတစ်ခု ဖြစ်အောင် ပြန်လည်ပြုပြင်ဖွဲ့စည်းမွမ်းမံနိုင်ခဲ့ခြင်း၊
- ဓာတ်ခွဲခန်းသုံး ခေတ်မီစက်ကိရိယာပစ္စည်းများ တိုးချဲ့ဖြည့်တင်းနိုင်ခဲ့ခြင်း၊
- သုတေသနနှင့် ထုတ်လုပ်မှုအရည်အသွေးစစ်ဆေးခြင်း ဆိုင်ရာ ပြည်တွင်း၊ ပြည်ပ သင်တန်းများ အခြေခံပြီး ကျွမ်းကျင်ပညာရှင်များ မွေးထုတ်နိုင်ခဲ့ခြင်း၊
- အရည်အသွေးပြည့်မီသော ပဲမြစ်ဖုဇီဝမြေဩဇာများ ထုတ်လုပ်ခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းတို့အတွက် Standard Manual / Protocol အသစ်တစ်ခု ရေးဆွဲထုတ်လုပ်နိုင်ခဲ့ခြင်း၊
- ၂၀၁၈ အစောပိုင်းတွင် ISO 9001:2015 (QMS) အသိအမှတ်ပြုလက်မှတ် ရရှိခဲ့ခြင်းကြောင့် ၎င်း၏ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်လုပ်ကိုင်လျက်ရှိသော ဓာတ်ခွဲခန်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိခြင်း။

အထက်ပါ အောင်မြင်မှုများနှင့်အတူ အကျိုးပြု စွမ်းအားကောင်းသောရေမြေရာသီဥတု အကျိုးပြုအဏုဇီဝသက်ရှိများနှင့်ကိုက်ညီသော ဒေသမျိုးကွဲများ ရှာဖွေဖော်ထုတ်ကာ အရည်အသွေးကောင်း ပဲမြစ်ဖုဇီဝမြေဩဇာများကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းပေး တင်ပြအပ်ပါသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးအဏုဇီဝ သုတေသနဌာနမှ သုတေသနပညာရှင်များ အနေဖြင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်း၏ လမ်းညွှန်မှုအောက်တွင် ပဲမြစ်ဖု ဇီဝမြေဩဇာသာမက အခြားသော အကျိုးပြုအဏုဇီဝသက်ရှိများနှင့် အပင်များ၏ ဆက်စပ်မှုများကို လေ့လာသုတေသနပြုပြီး အကျိုးပြုအဏုဇီဝသက်ရှိများ၏ အခန်းကဏ္ဍမြှင့်တင်ရေး၊ အော်ဂဲနစ် စိုက်ပျိုးထုတ်လုပ်ရေးတွင် ဇီဝမြေဩဇာများကို တောင်သူများ အကျိုးရှိစွာ အသုံးပြုစေခြင်းဖြင့် ကမ္ဘာပေါ်ရှိမြေများ၏ မတူကွဲပြားရှုပ်ထွေးနေသော ဂေဟစနစ်ကို ထိခိုက်ပျက်စီးမှုမရှိစေခြင်း၊ ဓာတုပစ္စည်းများသုံးစွဲမှုကို လျော့ကျစေခြင်း၊ ရေရှည်တည်တံ့သော မြေဆီလွှာ အာဟာရဓာတ်ကို ထိန်းသိမ်းထားနိုင်ခြင်းတို့ကို ဦးတည်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ ။

**“ပဲမြစ်ဖုဇီဝမြေဩဇာတွင် ရိုင်ဇိုဘီယမ် (Rhizobium) ခေါ်သည့် အမြစ်နေအကျိုးပြုသက်ရှိ ဗက်တီးရီးယားများနှင့် ခဲမြေပွှားစာတို့ ပါဝင်ပါသည်။ ၎င်းဗက်တီးရီးယားများသည် ပဲပင်များ စိုက်ပျိုးသောအခါ ပဲပင်၏အမြစ်ထဲတွင် ဝင်ရောက်နေထိုင်နိုင်ကာ မြစ်ဖုဖြစ်ပေါ်စေပြီး လေထဲမှ နိုက်ထရိုဂျင်ကို ဖမ်းယူဓာတ်လျှော့စေနိုင်ခြင်းအားဖြင့် ပဲပင်များ စားသုံးနိုင်သည့် အေမိုင်နိုအက်စစ်ပုံစံအဖြစ် ပြောင်းလဲပေးနိုင်သည့် အစွမ်းသတ္တိရှိ”**

**ပဲမြစ်ဖုဇီဝမြေဩဇာများ တောင်သူများသို့ ဖြန့်ဖြူးပေးနိုင်မှုအခြေအနေ (၁၉၇၈ - ၁၉၇၉ မှ ၂၀၂၀ - ၂၀၂၁ အထိ)**

| စဉ် | ပဲအမျိုးအမည် | ဖြန့်ဖြူး/သုံးစွဲမှုအရေအတွက်(အထုပ်) |
|---|---|---|
| ၁ | မြေပဲ | ၃၅၃၄၃၈၂ |
| ၂ | ကုလားပဲ | ၂၂၇၂၂၂၂ |
| ၃ | မတ်ပဲ | ၉၀၄၆၀၂ |
| ၄ | ပဲတီစိမ်း | ၇၃၈၃၈၅ |
| ၅ | ပဲပုပ် | ၁၀၀၆၀၆ |
| ၆ | ပဲစင်းငုံ | ၁၀၆၁၃၀ |
| ၇ | ပဲလွမ်း | ၄၅၆၂၂ |
| ၈ | အခြားပဲများ | ၄၃၉၂၂၃ |
| | စုစုပေါင်း | ၈၁၄၁၁၇၂ |

## ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၌ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများကို မေ ၁၂ ရက်တွင် စတင်ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ကြေညာချက်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၊ ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များ၌ အောက်ဖော်ပြပါ ဘွဲ့ကြို၊ ဘွဲ့လွန် သင်တန်းများကို (၁၂-၅-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်းကြေညာလိုက်သည် -

**(က) အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်ကောလိပ်များ**

(၁) ၂၀၁၉-၂၀၂၀ ပညာသင်နှစ် - ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် ဂုဏ်ထူးတန်း ပထမနှစ်သင်တန်းများ

(၂) ၂၀၂၁-၂၀၂၂ ပညာသင်နှစ် - ပဉ္စမနှစ် ဥပဒေပညာ၊ ပဉ္စမနှစ် ပညာရေးနှင့် ဂုဏ်ထူးတန်း တတိယနှစ် သင်တန်းများ(ဖွင့်လှစ်ဆဲ)

(၃) ၂၀၂၁-၂၀၂၂ ပညာသင်နှစ် - မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာဘွဲ့သင်တန်းများ (ဖွင့်လှစ်ဆဲ)

(၄) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် - ပထမနှစ်သင်တန်းများ (၂၀၂၀ ပြည့်နှစ်တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ)

**(ခ) ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များ**

(၁) ၂၀၁၉-၂၀၂၀ ပညာသင်နှစ် - ပထမနှစ် သင်တန်းများ

(၂) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် - ပထမနှစ်သင်တန်းများ (၂၀၂၀ ပြည့်နှစ်တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ)

(ဂ) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ်သင်တန်းများအတွက် ကျောင်းအပ်လက်ခံခြင်းကို (၁၈-၄-၂၀၂၂) ရက်နေ့မှ စတင်လက်ခံဆောင်ရွက်လျက်ရှိပါသည်။

**ပညာရေးဝန်ကြီးဌာန**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ထားဝယ်ခရိုင်အတွင်းရှိ လူမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ထားဝယ်မြို့ မေ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးတို့သည် ယမန်နေ့ နံနက်ပိုင်းတွင် ထားဝယ်မြို့ ဃောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနဆရာတော်နိုင်ငံတော်သြဝါဒစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တညာဏသာမိအား ဖူးမြော်ကြည်ညိုကာ သြဝါဒများခံယူကြပြီး သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများကို လူမှုရေးပင်စင်ထောက်ပံ့ခြင်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအတွက် ထောက်ပံ့ငွေများပေးအပ်ခြင်းနှင့် ကိုဗစ်-၁၉ရောဂါ ထိန်းချုပ် တုံ့ပြန်ရေးလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခဲ့သည့် စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်း အခမ်းအနားကို ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အကျိုးခံစားခွင့်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအလိုက် Quick Win Project များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီးအတွင်း လူမှုကာကွယ်စောင့်ရှောက်ရေး၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွား ၆၈၈၇ ဦးအတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ် ၂၀၆၆ ဒသမ ၁ သိန်းကိုလည်းကောင်း၊ တည်ထောင်ခွင့်ပြုမိန့်ရ ဂေဟာ/ရိပ်သာများအတွက် ထောက်ပံ့ငွေကျပ် ၂၂၉ ဒသမ ဝ၈ သိန်းကိုလည်းကောင်း ထောက်ပံ့ပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်သော တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ကိုဗစ်-၁၉ ရောဂါထိန်းချုပ် တုံ့ပြန်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည့် စေတနာ့ဝန်ထမ်းများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များထံ ပေးအပ်ပြီး တက်ရောက်လာကြသူများကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးလူမှုရေးဝန်ကြီးတို့သည် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး (သိုလှောင်ရုံ)သို့ ရောက်ရှိကြပြီး ကယ်ဆယ်ရေးပစ္စည်းများ၊ ဒေသဖွံ့ဖြိုးရေးသုံးပစ္စည်းများ၊ အလှူပစ္စည်းများကို သိုလှောင်ရုံထိန်းသိမ်းနည်း လက်စွဲအတိုင်း သိုလှောင်ထိန်းသိမ်းထားရှိမှု၊ သိုလှောင်ရုံမှတ်တမ်း ထိန်းသိမ်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ထားဝယ်မြို့ ဆန်းချိုရပ်ကွက်ရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

**❂ ဆိုင်ကလုန်းမုန်တိုင်းမှ**

အရှေ့တောင်ဘက် ရေမိုင် ၄၅၀ မိုင်ခန့်၊ ပူရီမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၄၈၅ မိုင်ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်- အနောက်တောင်ဘက် ရေမိုင် ၃၃၀ မိုင်ခန့်နှင့် ဟိုင်းကြီးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၄၃၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း"အာစန်နီ"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**ဆိုင်ကလုန်းမုန်တိုင်း "အာစန်နီ"၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "အာစန်နီ"သည် မြန်မာစံတော်ချိန်(၁၇:၃၀)နာရီတွင် မြောက်လတ္တီကျူ ၁၂.၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၈.၂ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ နှုန်းခန့်ဖြစ်သည်။

**နောက် ၇၂ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "အာစန်နီ"သည် နောက် ၆ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာစန်နီ"အဖြစ်သို့ ရောက်ရှိနိုင်ပြီး အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ မေ ၁၀ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ၊ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းလွန် -သြရိသကမ်းခြေ)သို့ ရောက်ရှိနိုင်ကာ ထိုမှတစ်ဆင့် မြောက်-အရှေ့မြောက်ဘက်သို့ကွေ့ပြီး ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ၊ သြရိသကမ်းလွန်)သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

ဆိုင်ကလုန်းမုန်တိုင်း "အာစန်နီ"၏ အရှိန်ကြောင့် ယနေ့ညမှ မေ ၁၂ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကာ အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း"အာစန်နီ"၏အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနေထိုင်ကြရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး ဇ/လ**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မေ ၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀နှင့်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၆၈၇၄ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌ ဒေသခံပြည်သူ ၇၂၁၁ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၃၅၂၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)၌ အခမဲ့အွန်လိုင်းသင်တန်းများ ဖွင့်လှစ်မည်

**သန်လျင် မေ ၈**

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် စီးပွားရေးလုပ်ငန်းဆိုင်ရာဥပဒေများကို သိရှိနားလည်စေရန်၊ စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်စေရန်နှင့် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများကို စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသဘောတရားများနှင့် တတ်သိနားလည်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်အတွက် အောက်ပါ Free Online Certificate Courses များကို ၁၂.၅.၂၀၂၂ ရက်နေ့မှစ၍ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်-

- ❖ Certificate in Business Law
  Link; https://forms.gle/at6hi7o9RYmGKUuEA
- ❖ Certificate of Proficiency in Business English
  Link; https://forms.gle/vS7tkQoeBycokfuB7
- ❖ Certificate in Entrepreneurship and Business Management
  Link; https://forms.gle/QDqWkDmCDU1xTJbF6

အဆိုပါသင်တန်းများသို့ တက်ရောက်လိုသူများအနေဖြင့် သက်ဆိုင်ရာ Link များမှတစ်ဆင့် Google Form ဖြင့် ဖြည့်စွက်ပြီး ၁၀.၅.၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၂ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၈**

ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာ ဟိုတယ်၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်မြင့်က ယခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ ဆောင်ပုဒ်မှာ 'Be Human Kind-ကြင်နာစိတ်ထား ကြက်ခြေနီများ လူတိုင်းအပေါ် ကူညီသွား' ဖြစ်ကြောင်း၊ ဆောင်ပုဒ်၏ရည်ရွယ်ချက်မှာ ယနေ့ကမ္ဘာပေါ်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါ၊ ရာသီဥတုပြောင်းလဲမှုများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေများ၊ ပဋိပက္ခများ ပြည့်နှက်နေသည့် အချိန်ကာလတွင် ကြက်ခြေနီအခြေခံမူ(၇)ချက်မှ လူသားချင်းစာနာထောက်ထားခြင်းဆိုသည့်အချက်ကို ရပ်ရွာလူထုအားလုံးထံ ပျံ့နှံ့ရောက်ရှိရန် လိုအပ်နေသည့်အချိန်ကာလ ဖြစ်ကြောင်း၊ ယခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့တွင် ကျွန်ုပ်တို့၏ အကြင်နာမေတ္တာများဖြင့် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လူတိုင်း၏ဘဝတွင် ကြီးမားသော ပြောင်းလဲမှုဖြစ်စေနိုင်သည့် ကြင်နာမှုများဖြင့် အကူအညီ လိုအပ်နေသူများကို ဆက်လက်ကူညီပေးသွားကြရန်အတွက် ဤဆောင်ပုဒ်ဖြင့် ဂုဏ်ပြုခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr.Stephan Pierrre Sakalian နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း(IFRC) မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Nadia Khoury တို့က အထိမ်းအမှတ်စကားများ ပြောကြားကြသည်။

ဆက်လက်၍ ၂၀၂၂ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အဖြစ် ကြက်ခြေနီလှုပ်ရှားမှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံကြက်ခြေနီ သူနာပြုတပ်ဖွဲ့တွင် အသက် ၆၅ နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကြက်ခြေနီ တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း စေတနာလုပ်အားရှင်များ၏ စကားသံမှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌက မြို့နယ် ကြက်ခြေနီအသင်းခွဲများ၏လိုအပ်ချက်များကို အစဉ်တစိုက် ဖြည့်ဆည်းပေးခဲ့ကြသည့် အလှူရှင်များဖြစ်ကြသည့် အဂ္ဂမဟာသီရိသုဓမ္မဓဇ ဇောတရေ ဦးလှထွန်းနှင့် TTO Pharm Co.,Ltd မှ ဦးထွန်းထွန်းဦး မိသားစုတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ကြသည်။

ကြက်ခြေနီကို စတင်တည်ထောင်ခဲ့သူ ဟင်နရီဒူးနန့်၏မွေးနေ့ဖြစ်သည့် မေ ၈ ရက်တွင် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားများကို ကမ္ဘာတစ်ဝန်းလုံးရှိ အမျိုးသားကြက်ခြေနီ လခြမ်းနီအသင်းများက ကျင်းပပေးလျက်ရှိပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ယခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ကို အသက်ပေါင်းများစွာကယ်တင်ရန်နှင့် ပိုမိုကျန်းမာကောင်းမွန်သော ဘဝများပြောင်းလဲရေးအတွက် လူမှုကရုဏာဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ရန် ကတိကဝတ်ပြုထားကြသည့်ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် ဝန်ထမ်းများ၏ ရဲစွမ်းသတ္တိနှင့် အောင်မြင်မှုများကို ချီးကျူးဂုဏ်ပြုသည့်အနေဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ချောင်းသာမြို့၌ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ရိုက်ကူးထုတ်လွှင့်

**ချောင်းသာ မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ယနေ့နံနက် ၁၁ နာရီက ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်ခေါင်းစဉ်ဖြင့် Talk Show အစီအစဉ်ရိုက်ကူးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆွေးနွေးမေးမြန်း**

အဆိုပါအစီအစဉ်ကို ချောင်းသာမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဦးစီးမှူးဦးဝင်းကျော်ကျော်က ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် ဖြစ်ပေါ်လာရခြင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လုပ်ငန်းစဉ်များ၊ မြို့ကြက်ခြေနီသူနာပြု တပ်ဖွဲ့အနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးမေးမြန်းခဲ့ပြီး ကြက်ခြေနီ သူနာပြုတပ်ခွဲမှူး ဦးသန်းဌေးက အကျယ်တဝင့် ရှင်းလင်းဖြေကြားဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် နေ့ကို ဂုဏ်ပြုသောအားဖြင့် အဆိုပါအစီအစဉ်ကို ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး ချောင်းသာမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူထုအခြေပြု ဗဟိုဌာနတွင် ဌာနဆိုင်ရာမိတ်ဖက်အဖွဲ့ များ၊ လူမှုအကျိုးပြုအဖွဲ့များနှင့် ပူးပေါင်းပြီး အသိပညာပေးအစီအစဉ်များ၊ စာပေချစ်သူများအတွက် စာဖတ်ဝိုင်းများ၊ စာအုပ်/ စာစောင်ပြပွဲများ၊ ကျောင်းသား ကျောင်းသူများအတွက် နွေရာသီကျောင်းပိတ်ရက်ကာလတွင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးသင်တန်းများ၊ ကာယ၊ ဉာဏပြိုင်ပွဲများကို ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လန်းတယ်လို့မွေး

❍ တစ်မိဖွားအရင်းတွေကွဲ့<br>
တစ်မိသားချင်း ညီအစ်ကိုတွေ၊

❍ တစ်ရုံတစ်ဆစ်မှာဖြင့်<br>
ရန်ဖြစ်ကာ အငြင်းပွားရာက<br>
မင်းလားငါလား စကားအချေအတင်ပေါ့<br>
ကြားလေဝင် အချင်းများလေတော့<br>
မစဉ်းစား မဆင်ခြင်ဘဲ<br>
ထင်မြင်ရာ မာန်အစွဲရယ်နဲ့<br>
ရန်ပွဲကြာနေ။

❍ သောကမအေးနိုင်တော့<br>
ရှေ့ရေး မြော်မြင်လို့<br>
ဖြူစင်စင် အယူမလွဲပါဘဲ<br>
အတူယှဉ် အတူတွဲကာပေါ့<br>
မငြူစူဘဲ စိတ်ဝမ်းညီဖို့<br>
ဖိတ်ကမ်းပြီ ညီနောင်အပေါင်းတွေနဲ့<br>
ခေါင်းချင်းဆိုင် တိုင်ပင်မှာပေါ့<br>
အခိုင်အမာ ငြိမ်းချမ်းရေးကိုလ<br>
ဆွေးနွေးလို့ ညှိနှိုင်းမလေ<br>
သမိုင်းအမွေ ကောင်းဖို့အရေး။

❍ မင်္ဂလာအခါ<br>
မင်္ဂလာအဖြာဖြာပေါ့<br>
မင်္ဂလာကျက်သရေရှိပါဘိ<br>
အခက်ပွေသည့် သံသယဖယ်လို့<br>
အမျက်ပြေသည့် ရန်စပြယ်တော့<br>
ကြိဆရွယ် ရှေ့ခရီးလမ်းကိုလ<br>
လျှောက်လှမ်းကာ ပီတိတဝေဝေနဲ့<br>
ပြည်ထောင်မြေ တစ်ခေတ်ဆန်းစေမယ့်<br>
ညီနောင်ဆွေ ပြည်ချစ်ပန်းတွေက<br>
လန်းတယ်လို့မွေး။ ။

ရေနံ့သာမောင်ကျော်ညွန့်

# ၂၀၂၂-၂၀၂၃ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူ

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**<br>
**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**<br>
**၂၀၂၂-၂၀၂၃ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်**<br>
**ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူခြင်း**

အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံတို့တွင် ၂၀၂၂-၂၀၂၃ ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသဖြင့် ဝင်ခွင့်လျှောက်လွှာများကို အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၌ (၁၂-၅-၂၀၂၂) ရက်တွင် စတင်ထုတ်ယူနိုင်ပြီး လျှောက်လွှာများကို (၃၁-၅-၂၀၂၂) ရက် နောက်ဆုံးထား၍ မိမိတို့ တက်ရောက်လိုသည့် ကျောင်းသို့ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

## မော်လမြိုင်တက္ကသိုလ်၌ နည်းပြ/သရုပ်ပြ ဆရာ ဆရာမသစ်လွင်များ ကြိုဆိုပွဲအခမ်းအနား ကျင်းပ

**မော်လမြိုင် မေ ၈**

မော်လမြိုင်တက္ကသိုလ် နည်းပြ/သရုပ်ပြ ဆရာ ဆရာမ သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မော်လမြိုင်တက္ကသိုလ် ပင်မဆောင်ခန်းမ၌ ကျင်းပသည်။

မော်လမြိုင်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ အောင်မြတ်ကျော်စိန်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ဆရာ ဆရာမများသည် စေတနာ၊ ဝါသနာ၊ အနစ်နာ စသော နာသုံးနာတို့ဖြင့် မိမိတို့၏ တပည့်များကို မိမိတို့ထက် ပိုမိုထူးချွန်သော မျိုးဆက်သစ်များ မွေးထုတ်ပေးရန်၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးသည် အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ ကျောင်းသားလူငယ်များကို ပညာတတ်သော လူတော်များ ဖြစ်လာရုံသာမက အကောင်းအဆိုးကို ခွဲခြားစိစစ်နိုင်သော လူကောင်းများဖြစ်အောင် ပုံသွင်းနိုင်ကြောင်း၊ မျက်မှောက်ခေတ်တွင် နည်းပညာများကလည်း တစ်ဟုန်ထိုး တိုးတက်ထွန်းကားနေသောကြောင့် ခေတ်နှင့်အညီ နည်းပညာသစ်များ လိုအပ်ကြောင်း၊ မိမိကျောင်း၊ မိမိဒေသ၊ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုပေးနိုင်သည့် ဆရာ ဆရာမများဖြစ်အောင် ကြိုးစားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နည်းပြ/သရုပ်ပြ ဆရာ ဆရာမ သစ်လွင်များအား ပါမောက္ခချုပ်နှင့် ဆရာကြီး ဆရာမကြီးများက ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဝါးခယ်မမြို့နယ်အတွင်းရှိ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေး

**ဝါးခယ်မ မေ ၈**

ဧရာဝတီ တိုင်းဒေသကြီး ဝါးခယ်မ မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည် မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ဒေါ်ပိုက်မိခန်းမ၌ ဖွင့်လှစ်သင်ကြား ပို့ချသည်။



အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း အုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲတွင် သင်တန်းတက်ရောက်လာသည့် ကျောင်းအုပ်ဆရာ ဆရာမများကို စွမ်းရည်မြင့်မားရေးဆိုင်ရာ အကြောင်းအရာများ၊ စာရင်းအင်းဆိုင်ရာ သင်ခန်းစာများ၊ အခြေခံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းလမ်းများ၊ မူဝါဒလမ်းညွှန်ချက်များ အစရှိသည့် သင်ခန်းစာများကို သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းသည် ကျောင်းအုပ်ကြီးများအနေဖြင့် မိမိတာဝန်ကျရာ နယ်ပယ်အသီးသီးသို့ ပြန်လည် ရောက်ရှိချိန်တွင် လက်ဆင့်ကမ်း ပြန်လည်သင်ကြားပို့ချနိုင်စေရန်၊ လုပ်ငန်းစွမ်းဆောင်ရည်များ ပြည့်ဝစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ် ဆရာ ဆရာမစုစုပေါင်း ၃၃၅ ဦး တက်ရောက်သင်ကြား၍ သင်တန်းပို့ချသူနည်းပြ ငါးဦးက သင်ကြားပို့ချကြောင်း၊ သင်တန်းကို မေ ၇ ရက်မှ ၈ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

**ဝါးခယ်မ(ပြန်/ဆက်)**

## ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနား မြို့နယ်အသီးသီးတွင် ကျင်းပ



**ဗန်းမော်**

ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ဗန်းမော်မြို့တော်ခန်းမ၌ ကျင်းပသည်။

ဗန်းမော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်လွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗန်းမော်မြို့နယ် ကြက်ခြေနီအသင်းခွဲမှ ခင်းကျင်းပြသထားသော လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းများကို ဗန်းမော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အခမ်းအနားသို့ တက်ရောက်လာသူများက လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**ကိန်းဖြူ(ပြန်/ဆက်)**

**ကျောက်မဲ**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကြက်ခြေနီအသင်းခွဲက စီစဉ်ကျင်းပသော ၂၀၂၂ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျောက်မဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

**ချီးမြှင့်ပေးအပ်**

အဆိုပါအခမ်းအနားတွင် ကျောက်မဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်ရွှေက မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင့်မြင့်မှ ပေးပို့လာသည့် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်သဝဏ်လွှာအား ဖတ်ကြားခဲ့ပြီး ကျောက်မဲခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းက ကြက်ခြေနီအသင်းပေါ်ပေါက်လာပုံသမိုင်းကြောင်းများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကျောက်မဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောက်မဲမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါအရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကြက်ခြေနီစေတနာလုပ်အားရှင်များအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်သည်။

**မိုင်းထွန်း(ပြန်/ဆက်)**

**တာမွေ**

၂၀၂၂ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် အခြေခံရှေးဦးပြုစုခြင်း သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တာမွေမြို့နယ်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

တာမွေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုးအောင်က အဖွင့်အမှာစကား ပြောကြားသည်။

**ဆုလက်မှတ်များပေးအပ်**

ထို့နောက် တာမွေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ကြက်ခြေနီအသင်းခွဲမှ တာဝန်ရှိသူများက မြို့နယ်ကြက်ခြေနီအသင်းခွဲက စီစဉ်ဖွင့်လှစ်သော အခြေခံရှေးဦးပြုစုခြင်းသင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ခြင်းနှင့် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြသည်။

**နိုင်လင်းအောင်(တာမွေ)**

**လားရှိုး**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပြည်နယ်ကြက်ခြေနီရုံးခန်းမ၌ ကျင်းပသည်။

ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် စွမ်းရည်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကျင့်ဝတ် ၅၀ ပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးပြီး လားရှိုးခရိုင် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးငွေးဝင်းလှိုင်က မြို့နယ်ကြက်ခြေနီအသင်းများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ကျော်စိုး**



**တံတားဦး**

ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားနှင့် မြို့နယ်အသင်းခွဲအတွက် ကြက်ခြေနီဝတ်စုံ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ် ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

တံတားဦးမြို့နယ် ကြက်ခြေနီအသင်းခွဲ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဟန်တင့်နှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တပ်ဖွဲ့မှူး ဦးအောင်နိုင်မင်းက ကြက်ခြေနီနေ့ ဖြစ်ပေါ်လာပုံနှင့် ကြက်ခြေနီအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားသို့တက်ရောက်လာသူများက မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ပြသထားသော စာအုပ်စာစောင်များ၊ မှတ်တမ်းဓာတ်ပုံများကို လေ့လာကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**မြိတ်**

ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ကြက်ခြေနီအသင်းခွဲရုံး၌ ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနား၌ အကြိမ်(၂၀)မြောက် သွေးအလှူရှင် ဂုဏ်ပြုဆု၊ ရှေးဦးပြုစုခြင်းစွမ်းရည်ပြိုင်ပွဲ၊ အထွေထွေဗဟုသုတပြိုင်ပွဲ၊ ရှေးဦးပြုစုခြင်း အခြေခံအဆင့်ပြိုင်ပွဲ၊ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အဖြစ် ပေါက်ကွဲစေတတ်သောပစ္စည်းများကြောင့် ထိခိုက်မှုလျော့ပါးစေရေး အသိပညာပေး ဆေးရောင်ခြယ်ပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

၂၀၂၂ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌက ပေးပို့သည့်သဝဏ်လွှာအား မြိတ်ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဆွေက ဖတ်ကြားခဲ့ပြီး ဂုဏ်ပြုဆုများရရှိကြသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ကျောင်းသား ကျောင်းသူများအား မြိတ်ခရိုင် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၅-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၅ | ၂၁၁၅ | ၂၁၀၅ | ၂၀၇၅ | ၂၁၁၀ | ၂၁၃၅ | ၂၁၂၀ | ၂၁၀၀ | ၂၁၉၀ | ၂၂၀၅ | ၂၁၀၅ | ၂၁၁၅ | ၂၁၅၀ | ၂၁၅၀ | ၂၁၅၀ | ၂၃၇၀ | ၂၄၆၀ |
| 95 Ron | ၂၁၂၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၃၅ | ၂၁၇၀ | ၂၁၉၅ | ၂၁၈၀ | ၂၁၆၀ | ၂၂၅၀ | ၂၂၇၀ | ၂၁၆၅ | ၂၁၈၀ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၀ | ၂၄၃၀ | ၂၅၇၀ |
| HSD (500 ppm) | ၂၃၄၅ | ၂၃၉၅ | ၂၃၉၀ | ၂၃၅၅ | ၂၃၉၀ | ၂၄၁၅ | ၂၄၁၀ | ၂၃၈၀ | ၂၄၉၅ | ၂၄၉၀ | ၂၃၈၅ | ၂၃၉၅ | ၂၄၃၀ | ၂၄၃၀ | ၂၄၃၀ | ၂၆၅၀ | ၂၇၃၅ |
| HSD (50 ppm) | ၂၃၇၅ | ၂၄၂၀ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၀ | ၂၄၄၅ | ၂၄၄၀ | ၂၄၀၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၁၅ | ၂၄၂၅ | ၂၄၅၅ | ၂၄၆၀ | ၂၄၆၀ | ၂၆၈၀ | ၂၇၇၀ |
| HSD (10 ppm) | ၂၃၇၅ | ၂၄၂၀ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၀ | ၂၄၄၅ | ၂၄၄၀ | ၂၄၀၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၁၅ | ၂၄၂၅ | ၂၄၅၅ | ၂၄၆၀ | ၂၄၆၀ | ၂၆၈၀ | ၂၇၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၆ | ၂၀၃၉ |
| 95 Ron | ၂၀၂၅ | ၂၀၉၉ |
| HSD (500 ppm) | ၂၂၃၉ | ၂၃၁၃ |
| HSD (50 ppm) | ၂၂၆၆ | ၂၃၄၁ |
| HSD (10 ppm) | ၂၂၆၆ | ၂၃၄၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်းအသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

## ကျိုင်းတုံမြို့နယ် လွိုင်မွေတောင်စခန်းမြို့၌ နွားနောက်ပြပွဲ ပြုလုပ်

**နေပြည်တော် မေ ၈**

နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်အတွင်း စိုက်ပျိုး/မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးက နွားနောက်သားများကို ပြည်ပနိုင်ငံများသို့ တရားဝင်တင်ပို့နိုင်ခြင်းဖြင့် မွေးမြူရေးတောင်သူများအနေဖြင့် လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် နောင်လုံစိုက်ပျိုး/မွေးမြူရေးခြံ၌ နွားနောက်ပြပွဲကို ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နွားနောက်မွေးမြူကြသည့် ဒေသခံမွေးမြူရေးတောင်သူများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ဒေသခံနွားနောက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးတို့က နွားနောက်မွေးမြူရေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နွားနောက် မွေးမြူရေးပြခန်းနှင့် နွားနောက်မွေးမြူရေးခြံများသို့ လိုက်လံကြည့်ရှုကြပြီး(ယာပုံ) ဒေသခံတိုင်းရင်းသားမွေးမြူရေးတောင်သူများ၊ မွေးမြူရေးလုပ်ငန်းရှင်များ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ လွိုင်မွေကျေးရွာအုပ်စုတွင် နွားနောက်အကောင်ရေ ၄၀၀ ခန့်၊ မိုင်းကိုင်အုပ်စုတွင် နွားနောက်အကောင်ရေ ၁၅၀ ခန့်၊ နမ့်နီ/နမ့်လုံကျေးရွာတွင် နွားနောက်အကောင်ရေ၂၀ ခန့်၊ မိုင်းနေ့/ဖာတကျေးရွာတွင် နွားနောက်အကောင်



ရေ၂၀၀ ခန့်ဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရှိ မြို့နယ်/ကျေးရွာများတွင် စုစုပေါင်း နွားနောက်အကောင်ရေ ၇၇၀ ခန့် မွေးမြူလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ပခုက္ကူမြို့နယ်တွင် စီးပွားဖြစ်စိုက်ပျိုးသည့် ပဲတီစိမ်းများ စတင်ကောက်ယူရောင်းချ



**ပခုက္ကူ မေ ၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကျွန်းပုလုကျေးရွာတွင် ဒေသခံတောင်သူများ စီးပွားဖြစ်စိုက်ပျိုးလျက်ရှိသော ရာသီပေါ်သီးနှံ ပဲတီစိမ်းများ စတင်ကောက်ယူရောင်းချနေပြီဖြစ်ကြောင်း သိရသည်။

ယခုနွေသီးနှံဖြစ်သည့် ဘုံခုနစ်ဆင့်ပဲတီစိမ်းမျိုးနှစ်များကို အသီးတောင့်ပြီး ခြောက်လာသောကြောင့် အချိန်မီရောင်းချနိုင်ရန် စတင်ကောက်ယူနေကြကြောင်း၊ ယခင်နှစ်တွင် စိုက်ပျိုးခဲ့ခြင်းမရှိသော်လည်း ယခုနှစ် ပဲတီစိမ်းဈေးကောင်းသောကြောင့် ဖေဖော်ဝါရီလမှစတင်ပြီး ပဲတီစိမ်း နှစ်ကေကို ရေသွင်းစမ်းသပ်စိုက်ပျိုးထားကြောင်း၊ စိုက်ပျိုးစရိတ် ငွေကျပ် ၄၅၀၀၀၊ ရေစုပ်စက်ဆီဖိုး ငွေကျပ် ၁၇၆၀၀၀ နှင့် အခြားကုန်ကျစရိတ်များအပါအဝင် စုစုပေါင်းအရင်းအနှီးကုန်ကျငွေကျပ် သုံးသိန်းခန့်ရှိကြောင်း၊ ပဲတီစိမ်းများကောက်ယူရာတွင် အလုပ်သမားတစ်ဦးအတွက် တစ်နေ့လျှင် လုပ်အားခငွေကျပ် ၂၀၀၀ ခန့်ပေးရပြီး အလုပ်သမား ငါးဦးငှားပါက တစ်နေ့ ပဲတီစိမ်းအစေ့တစ်တင်း ကောက်ယူရရှိကြောင်း၊ လက်ရှိဈေးကွက်အရ ပဲတီစိမ်းတစ်တင်းကို ငွေကျပ် ၄၉၈၀၀ ဖြင့် ရောင်းချရကြောင်း၊ ရေသွင်းစမ်းသပ်စိုက်ပျိုးထားသည့် ပဲတီစိမ်းစိုက်ခင်း နှစ်ကေလုံး အောင်မြင်ဖြစ်ထွန်းသောကြောင့် တစ်ကေလျှင် အနည်းဆုံး ၁၂ တင်းခန့် ကောက်ယူရရှိရန်မျှော်လင့်ကြောင်း၊ အမြတ်ငွေလည်း ပိုမိုရရှိမည်ဟုယုံကြည်ကြောင်း ပခုက္ကူမြို့နယ် ကျွန်းပုလုကျေးရွာမှ တောင်သူဦးကြည်နွယ်က ပြောသည်။

ရေဝတီမြစ်ရေ ဝင်ရောက်သည့် ကျေးရွာဒေသများတွင် ပဲတီစိမ်းကို စီးပွားဖြစ် အဓိကစိုက်ပျိုးကြကြောင်း၊ ယခင်နှစ်ထက် ဈေးကွက်ပိုမိုကောင်းမွန်သော ပဲတီစိမ်းစိုက်ပျိုးလုပ်ကိုင်သည့် တောင်သူများအနေဖြင့် မိသားစုအတွက် အပိုဝင်ငွေရရှိကာ စားဝတ်နေရေး အဆင်ပြေကြောင်း ဒေသခံတောင်သူတစ်ဦးထံမှ သိရသည်။

**ဆလိုင်းကိုကီး(မဟာဝိဇ္ဇာ)**

# ကမ္ဘောဒီးယားနိုင်ငံ၌ တစ်ရက်အတွင်း ပထမဆုံးအကြိမ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ မရှိ

ဖနောင်ပင် မေ ၈

ကမ္ဘောဒီးယားနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ မရှိကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ယနေ့ ပြောကြားသည်။

ယင်းသို့ နေ့စဉ်ကူးစက်ခံရသူ တစ်ယောက်မှ မတွေ့ရှိခြင်းသည် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း စတင်သော ပြီးခဲ့သည့်လ ဖေဖော်ဝါရီလနောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်သည်။

ရောဂါကူးစက်ခံရသူမတွေ့ရှိခြင်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်အတွက် ကြီးမားသော အောင်မြင်မှုရလဒ်ဖြစ်ကြောင်းနှင့် ရောဂါကာကွယ်တားဆီးရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ကြသည့် ကျန်းမာရေးဝန်ထမ်းနှင့် စည်းမျဉ်းများကို တိကျစွာလိုက်နာကြသည့် ပြည်သူများအား ကျေးဇူးအထူးတင်ရှိပါကြောင်း ဝန်ကြီးချုပ် ဟွန်ဆန်က ရေဒီယိုမှတစ်ဆင့် ပြောကြားသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၉ ဦးရှိသည့်အတွက် ကမ္ဘောဒီးယားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကင်းစင်သည့် နိုင်ငံအသွင်သို့ မရောက်ရှိသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းစဉ်၏ အောင်မြင်မှုကို ရရှိပြီးဖြစ်ကြောင်းနှင့် ရောဂါကူးစက်မှုမရှိစေရန် ပြည်သူများအနေဖြင့် ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုခံယူကြရန် လိုအပ်ကြောင်း ဝန်ကြီးချုပ် ဟွန်ဆန်က ဆိုသည်။

ထို့ပြင် ကာကွယ်ဆေးလှူဒါန်းသည့် နိုင်ငံများကိုလည်း ကျေးဇူးအထူးပင်တင်ရှိပါကြောင်းနှင့် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ်ကြောင့် နိုင်ငံ၏ စီးပွားရေးကို ပြန်လည်ဦးမော့လာစေရန် ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ပါကြောင်း ဟွန်ဆန်က ပြောသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ်ကို စတင်ခဲ့ပြီး တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများဖြစ်သည့် Sinovac နှင့် Sinopharm တို့ကို အသုံးပြုလျက်ရှိကြောင်း သိရသည်။



လက်ရှိတွင် ကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ် ထိုးနှံမှုခံယူပြီးသူပေါင်း ၁၅ သန်းနီးပါး (လူဦးရေ၏ ၉၃ ဒသမ ၇ ရာခိုင်နှုန်း) ရှိပြီဖြစ်သည်။ ယင်းတို့အနက် ၁၄ ဒသမ ၂၂ သန်း (လူဦးရေ၏ ၈၉ ရာခိုင်နှုန်း)သည် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးကြောင်း သိရသည်။

လက်ရှိတွင် ရောဂါကူးစက်ခံရသူပေါင်း ၁၃၆၂၆၂ ဦး ရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၀၅၆ ဦးရှိသည်။ ရောဂါမှ ပြန်လည်ကျန်းမာလာ သူပေါင်း ၁၃၃၁၇၇ ဦးရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်



# နယူးဇီလန်နိုင်ငံ၌ အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ်အမျိုးအစားသစ် BA.5 ကူးစက်ခံရသူတစ်ဦး ပထမဆုံးအကြိမ် တွေ့ရှိ

ဝယ်လင်တန် မေ ၈

နယူးဇီလန်နိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ်အမျိုးအစားသစ် BA.5 ကူးစက်ခံရသူကို ပထမဆုံးအကြိမ် စစ်ဆေးတွေ့ရှိကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

အဆိုပါ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူသည် လွန်ခဲ့သော ရက်သတ္တပတ်အတွင်း ရောဂါကူးစက်ခံရသူ ၁၂၃၉၂ ဦးအနက် တစ်ဦးဖြစ်သည်။ ၎င်းသည် တောင်အာဖရိကနိုင်ငံမှ နယူးဇီလန်နိုင်ငံသို့ အလည်အပတ်လာရောက်သူဖြစ်ကြောင်း သိရသည်။

အလားတူ မေ ၁ ရက်တွင် အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ် BA.4 ကူးစက်ခံရသူကိုလည်း စစ်ဆေးတွေ့ရှိခဲ့သည်။ ၎င်းသည်လည်း တောင်အာဖရိကနိုင်ငံမှဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။ ဗီဇပြောင်းဗိုင်းရပ်စ်မျိုးကွဲတစ်ခုချင်းစီ၏ လက္ခဏာများကို အကဲဖြတ်ရန် ကျန်းမာရေးဝန်ကြီးဌာနက အနီးကပ်စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်သည်။

လွန်ခဲ့သော နှစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၃၉၂ ဦးစစ်ဆေးတွေ့ရှိရပြီး ၁၅ ဦး ထပ်မံသေဆုံးကြောင်း သိရသည်။ လက်ရှိတွင် ရောဂါကူးစက်ခံရသူပေါင်း ၉၈၆၂၆၁ ဦးရှိပြီဖြစ်သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၆၉ ဦး ထပ်မံတွေ့ရှိ

ဟနွိုင်း မေ ၈

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၆၉ ဦးထပ်မံတွေ့ရှိခဲ့ကြောင်းနှင့် ယင်းကူးစက်ခံရသူအရေအတွက်သည် ယမန်နေ့တွင် ကူးစက်ခံရသူအရေအတွက်ထက် ၁၀၇၇ ဦးအထိ လျော့ကျမှုရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် တစ်ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူဖြစ်ပြီး ကျန်ကူးစက်ခံရသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၀၆၇၆၁၈၄ ဦးရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၃၀၅၆ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၉၃၂၀၅၉၁ ဦးရှိပြီး ယင်းအရေအတွက်သည် ကူးစက်ခံရသူစုစုပေါင်း၏ ၈၇ ရာခိုင်နှုန်းရှိကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၂၁၅ ဒသမ ၇ သန်းကျော်အသုံးပြုပြီးဖြစ်ကြောင်းနှင့် အဆိုပါနိုင်ငံအတွင်း အသုံးပြုခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအနက် အသက် ၁၈ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၉၆ ဒသမ ၅ သန်းနီးပါး ထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၄၅၁ ဦး ထပ်မံတွေ့ရှိ

နယူးဒေလီ မေ ၈

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၄၅၁ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၄၃၁၀၂၁၉၄ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးကိန်းဂဏန်းများအရ သိရသည်။

ရောဂါထပ်မံတွေ့ရှိသူများအနက် ၁၄၀၇ ဦးသည် မြို့တော် နယူးဒေလီမှဖြစ်သည်။ လက်ရှိအချိန်အထိ မြို့တော်အတွင်း ပိုးတွေ့ဆဲလူနာ ၅၉၁၅ ဦးရှိကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၄၀ ထပ်မံ သေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၄၀၆၄ ဦးရှိကြောင်း သိရသည်။ လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၀၆၃၅ ဦးရှိသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၇၉ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားကြရာ ရောဂါမှပြန်လည်သက်သာလာသူပေါင်း ၄၂၅၅၇၄၉၅ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်နယ်သုံးခုမှ မိသားစု ၆၅၀ ခန့် စားနပ်ရိက္ခာ အထောက်အပံ့များလက်ခံရရှိ

ကဘူးလ် မေ ၈

အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်နယ်သုံးခုမှ မိသားစု ၆၅၀ ခန့်တို့သည် စားနပ်ရိက္ခာအထောက်အပံ့များ လက်ခံရရှိခဲ့ကြကြောင်း အာဖဂန်နစ္စတန်ဒုက္ခသည်များနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးဝန်ကြီးဌာနက မေ ၈ ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်မြောက်ပိုင်း ဆာရီပူးလ်ပြည်နယ်မှ ရွှေ့ပြောင်းမိသားစု ၄၄၀ တို့သည် မေ ၇ ရက်တွင် လည်းကောင်း၊ ဝါဒက်ပြည်နယ် အရှေ့ပိုင်းမှ မိသားစု ၁၉၀ တို့သည် မေ ၆ ရက်တွင်လည်းကောင်း စားနပ်ရိက္ခာအထောက်အပံ့များ ရရှိခဲ့ကြကြောင်း အဆိုပါဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

ထို့ပြင် အာဖဂန်နစ္စတန်နိုင်ငံ ပက်တိကာပြည်နယ် အရှေ့ပိုင်းရှိ ရွှေ့ပြောင်းမိသားစု ၂၀ တို့သည်လည်း မိသားစုတစ်စုလျှင် ယခုသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၆၀ ခန့်ရရှိခဲ့ကြကြောင်း အာဖဂန်နစ္စတန်ဒုက္ခသည်များနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုသီတင်းပတ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ ပြည်နယ် ၁၁ ခုမှ မိသားစုပေါင်း ၇၆၀၅ စုတို့သည် စားနပ်ရိက္ခာအထောက်အပံ့များ လက်ခံရရှိခဲ့ကြကြောင်း အာဖဂန်နစ္စတန်ဒုက္ခသည်များနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။




အာဖဂန်နစ္စတန်နိုင်ငံသည် စားနပ်ရိက္ခာအထောက်အပံ့များအပြင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ငွေကြေးအထောက်အပံ့အဖြစ် အမေရိကန်ဒေါ်လာ ၃၂ သန်းကိုလည်း မေ ၈ ရက်တွင် လက်ခံရရှိခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ ဗဟိုဘဏ်က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်

# ယူကရိန်းနိုင်ငံ၏ ကျန်းမာရေးလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ဂါဘရီယီးဆပ် ကီယက်ဗ်သို့ သွားရောက်




ကီယက်ဗ် မေ ၈

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ဂါဘရီယီးဆပ်သည် ယူကရိန်းနိုင်ငံ၏ ကျန်းမာရေးလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးရန် ယူကရိန်းနိုင်ငံ မြို့တော်ကီယက်ဗ်သို့ မေ ၇ ရက်တွင် သွားရောက်ခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲသည် ယူကရိန်းကျန်းမာရေးဝန်ကြီး ဗစ်တာလီယာရှ်ကိုအပါအဝင် အခြားသော တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ယူကရိန်းနိုင်ငံအား အထောက်အပံ့များ မည်သို့ပေးအပ်နိုင်ကြောင်းနှင့် စပ်လျဉ်း၍ တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ယူကရိန်းနိုင်ငံအား အထောက်အပံ့များ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်းလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲက ပြောကြားသည်။

ယူကရိန်းနိုင်ငံ၌ ယူကရိန်း-ရုရှား ပဋိပက္ခဖြစ်ပွားခြင်းကြောင့် ဆေးရုံ၊ ဆေးခန်းပေါင်း ၄၀၀ နီးပါး ပျက်စီးမှုရှိခဲ့ကြောင်းလည်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အလင်းသစ်

# ကိုလံဘီယာနိုင်ငံ၌ အသက် ၅၀ နှင့်အထက် ပြည်သူများအား ကာကွယ်ဆေး ဒုတိယအကြိမ် ထပ်ဆောင်းထိုးနှံပေးမည်

ဘိုဂိုတာ မေ ၈

ကိုလံဘီယာနိုင်ငံ၌ အသက် ၅၀ နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထပ်ဆောင်းထိုးနှံမှုအစီအစဉ်ကို စတင်မည်ဖြစ်ကြောင်း ကိုလံဘီယာသမ္မတ အိုင်ဗန်ဒူကေ ယမန်နေ့တွင် ပြောကြားသည်။

ကာကွယ်ဆေးထိုးနှံခြင်းသည် ရောဂါကူးစက်မှုကို ကာကွယ်တားဆီးရန်နှင့် အသက်ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် လွန်စွာအရေးကြီးပါကြောင်း ၎င်းက ဆိုသည်။

ကာကွယ်ဆေး ပထမအကြိမ် ထပ်ဆောင်းထိုးနှံမှုခံယူပြီးနောက် လေးလအကြာတွင် ကာကွယ်ဆေး ဒုတိယအကြိမ် ထပ်ဆောင်းထိုးနှံမှုခံယူရမည်ဖြစ်ကြောင်း ကိုလံဘီယာသမ္မတ အိုင်ဗန်ဒူကေ ဆိုသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံမှုခံယူပြီးသူပေါင်း ၈၃ ရာခိုင်နှုန်းကျော်ရှိပြီး ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီးသူပေါင်း ၇၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အသက် ၅၀ နှင့်အထက် ပြည်သူ ၁၂ ဒသမ ၅ သန်းကျော်သည် ကာကွယ်ဆေး ဒုတိယအကြိမ် ထပ်ဆောင်းထိုးနှံမှုခံယူရမည်ဖြစ်သည်။

လွန်ခဲ့သော လအနည်းငယ်အတွင်း နေ့စဉ်ကူးစက်မှုအရေအတွက် လျော့ကျလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၆၀၈၃၆၄၅ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၉၈၀၉ ဦးရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄ ဒသမ ၄၅ သန်းကျော် ရှိလာ

ကွာလာလမ်ပူ မေ ၈

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၇၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၄၅၆၇၃၆ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၁၃၆၇ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ငါးဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့်အချက်အလက်များအရ သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ သုံးဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၅၅၇၉ ဦးရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၃၆၁၀ ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၃၉၇၈၈၀ ဦးရှိလာကြောင်းနှင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာ စုစုပေါင်း ၂၃၂၇၆ ဦးရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၅ ဒသမ ၁ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း၊ ၈၂ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်းနှင့် ၄၉ ဒသမ ၁ ရာခိုင်နှုန်းသည် တတိယအကြိမ်အပိုဆောင်းထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်

# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၁၆၂ ဦး ထပ်မံတွေ့ရှိ



စင်ကာပူ မေ ၈

စင်ကာပူနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၁၆၂ ဦး ထပ်မံစစ်ဆေး တွေ့ရှိရသည့်အတွက် ရောဂါ ကူးစက်ခံရသူပေါင်း ၁၂၁၅၄၉၉ ဦး ရှိလာကြောင်း စင်ကာပူ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

## ရောဂါတွေ့ရှိခြင်းဖြစ်

ပြည်တွင်း ကူးစက်ခံရသူများအနက် ၃၆၅ ဦးသည် ရောဂါကွင်းဆက်တုံ့ပြန်မှုဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ပြီး ၂၇၉၇ ဦးသည် ရောဂါ ရှိ မရှိ လျင်မြန်စွာစစ်ဆေးသည့် နည်းလမ်းများဖြင့် ရောဂါတွေ့ရှိခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ရောဂါကွင်းဆက်တုံ့ပြန်မှုဖြင့် စစ်ဆေးတွေ့ရှိသူများအနက် ၃၄၀ သည် ဒေသတွင်း ကူးစက်ခံရသူများဖြစ်ပြီး ၂၅ ဦးသည် နိုင်ငံရပ်ခြားမှပြန်လည်ရောက်ရှိလာသူများဖြစ်သည်။ ထို့ပြင် ရောဂါ ရှိ မရှိ လျင်မြန်စွာ စစ်ဆေးသည့် နည်းလမ်းများဖြင့် ရောဂါတွေ့ရှိသူများအနက် ၂၆၀၇ ဦးသည် ဒေသတွင်း ကူးစက်ခံရသူများဖြစ်ပြီး ၁၉၀ သည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။

## ရောဂါပြင်းထန်စွာခံစားနေရ

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၇ ဦးသည် ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူလျက်ရှိပြီး ယင်းတို့အနက် ငါးဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်မှုကြောင့် လေးဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကူးစက်မှုကြောင့်သေဆုံးသူပေါင်း ၁၃၅၀ ရှိပြီဖြစ်သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ လေးသောင်းကျော် ထပ်မံတွေ့ရှိ

ဆိုးလ် မေ ၈

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၀၆၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၇၅၄၄၃၉၈ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက မေ ၈ ရက်တွင် ပြောကြားသည်။

## သေဆုံးသူပေါင်း ၂၃၁၆၀ ရှိ

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၀ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၂၃၁၆၀ ရှိလာကြောင်း တောင်ကိုရီးယား ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း သေဆုံးသူစုစုပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၈ ရာခိုင်နှုန်း သို့မဟုတ် ၄၄၅၅၅၅၁၁ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၃၃၁၇၇၄၅ ဦး သို့မဟုတ် နိုင်ငံလူဦးရေ၏၆၄ ဒသမ ၇ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတတိယအကြိမ် အပိုဆောင်းထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

# တရားမဝင် သစ်မျိုးစုံနှင့် အလှကုန်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၈**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော အလှကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၅၅၈၄၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



**သိမ်းဆည်းရမိ**

ထို့ပြင် မေ ၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်တွင် လိုင်စင်မဲ့ Toyota Townace မော်တော်ယာဉ် တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပန်းတောင်းမြို့နယ် ပြည်–တောင်ကုတ်ကားလမ်း မိုင်တိုင်(၁၈/၁–၂)တွင် တရားမဝင် ကျွန်းတံခါးချပ်နှင့် ပျဉ်းကတိုးကျည်းဘောင်များ ၁ ဒသမ ၃၃၂၄တန်(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၅၄၈၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ လေးမှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇၄၁၃၈၈၀၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ရပ်ကွက်များအတွင်း လုယက်/ခိုးယူခံရသည့် ဆိုင်ကယ်များအား ပိုင်ရှင်များထံသို့ ပြန်လည်ပေးအပ်

**လားရှိုး မေ ၈**

လားရှိုးမြို့ပေါ်ရပ်ကွက်များအတွင်း ဆိုင်ကယ်လုယက်ခြင်းများ၊ ခိုးယူခြင်းများနှင့် ရဲအယောင်ဆောင်၍ လုယူထွက်ပြေးခြင်းများ ဖြစ်ပေါ်နေသဖြင့် ဒုတိယ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့၏ အနီးကပ်ကြီးကြပ်ညွှန်ကြားမှုဖြင့် ဒုစရိုက်နှိမ်နင်းရေးတပ်ဖွဲ့ဝင်များ၊ မှု/ကူ တပ်ဖွဲ့ဝင်များ၊ နယ်ထိန်းတပ်ဖွဲ့ဝင်များက လားရှိုးမြို့ပေါ် ရပ်ကွက်များအတွင်း အပူတပြင်း လိုက်လံစုံစမ်းရှာဖွေဖော်ထုတ်ဖမ်းဆီးခဲ့ရာ သန့်ဇင်(ခ) ကျော်ကျော်နိုင်နှင့် ရဲအယောင်ဆောင်၍ ဆိုင်ကယ်လုယက်သူ အောင်မိုးဦးတို့အား ဖမ်းဆီးရမိခဲ့သည်။ စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းတို့သည် ဆိုင်ကယ်စုစုပေါင်း ၃၆ စီးခန့်အား လုယက်ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ခိုးယူခဲ့သည့် ဆိုင်ကယ်များကို လိုက်လံသိမ်းဆည်းရာ စုစုပေါင်း ဆိုင်ကယ် အစီး ၂၀ ကို ပြန်လည် သိမ်းဆည်းရမိခဲ့သည်။



သိမ်းဆည်းရမိသည့် ဆိုင်ကယ်များ ပိုင်ရှင်အမှန်ထံသို့ ချိတ်ဆက်ဆောင်ရွက်၍ ဆိုင်ကယ် ၁၁ စီးကို ယနေ့နံနက်ပိုင်းတွင် ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ပိုင်ရှင်များထံသို့ ကျန်ရှိဆိုင်ကယ်များ ပြန်လည်ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဇာဏီအောင်(လားရှိုး)**

# ကပ်ပါးမွှားရောဂါ ထိန်းချုပ်ရေးအတွက် အသိပေးနှိုးဆော်ချက်

ရာသီဥတုအပူချိန် ပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်း၌ မွေးမြူရေးပျားအုံများတွင် ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါသဖြင့် ဥရောပ ပျားမွေးမြူရေးအုံများတွင် ကပ်ပါးမွှားရောဂါထိန်းချုပ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

၁။ ပျားစခန်းရွှေ့ပြောင်းလျှင် မိမိပျားစခန်းအား ပျားရောဂါကုသပြီးမှသာ ရွှေ့ပြောင်းရန်။

၂။ လက်ရှိချထားမွေးမြူလျက်ရှိသော ဒေသရှိ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ် တာဝန်ခံမှ ထုတ်ပေးသော ပျားရောဂါကုသပြီးစီးကြောင်း ထောက်ခံချက်လက်မှတ် ရရှိမှသာ ရွှေ့ပြောင်းရန်။

၃။ ပျားစခန်းအားလုံး ဧပြီလဆန်းမှ မေလပထမပတ်အတွင်း ကပ်ပါးမွှားရောဂါ တစ်ချိန်တည်း တစ်ပြိုင်တည်းကုသမှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

၄။ ပျားစခန်းရွှေ့ပြောင်းချထားမွေးမြူမည့် နေရာပတ်ဝန်းကျင်ရှိ ပျားစခန်းများတွင် ကပ်ပါးမွှားရောဂါ ကျရောက်ဖြစ်ပွားမှုရှိ၊ မရှိ ဦးစွာစုံစမ်းပြီး ရောဂါကင်းရှင်းမှသာ ရွှေ့ပြောင်းမွေးမြူရန်။

၅။ ဒေသခံပျားများ ပေါများစွာရှိသောနေရာတွင် ပျားစခန်းချထားမွေးမြူခြင်း မပြုရန်။

၆။ ပျားအုံပြင်ပစစ်ဆေးခြင်းကို နေ့စဉ်ဆောင်ရွက်ရန်။

၇။ အုံတွင်းစစ်ဆေးမှု ပြုလုပ်သည့်အခါတိုင်း သံသယရှိသော ရုပ်ဖုံးသားလောင်းများကို ဖောက်ထုတ်စစ်ဆေးရန်။

၈။ ပျားအင်အားကောင်းအောင် ဆောင်ရွက်၍ ပျားသလက်ချပ်နှင့် ပျားအင်အား မျှတမှုရှိနေစေရေး ဆောင်ရွက်ရန်။

၉။ ပျားအုံများကို ရောဂါဒဏ်ခံနိုင်ရည်ရှိသော ပျားဘုရင်မများဖြင့် မွေးမြူနိုင်ရေး လုပ်ဆောင်ရန်။

၁၀။ လိုအပ်သော ဖြည့်စွက်စာများကို တိုက်ကျွေးရန်။

၁၁။ ရောဂါကျရောက်ပါက ဌာနမှသတ်မှတ်ထားသော ဆေးဝါးများကိုသာ အသုံးပြုကုသရန်။

၁၂။ ရောဂါဆိုးရွားစွာ ကျရောက်နေသော ပျားစခန်းကို အခြားပျားစခန်းများနှင့် အနည်းဆုံး (၃)မိုင် အကွာအဝေးသို့ ရွှေ့ပြောင်း၍ သီးခြားထားရှိစေပြီး ပျားစခန်းရှိ ပျားအုံအားလုံးကို အမြန်ဆုံးဆေးကုသမှုဆောင်ရွက်ရန်။

၁၃။ ရောဂါကျရောက်ဖြစ်ပွားနေကြောင်းသိရှိပါက နီးစပ်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ် ပျားမွေးမြူမှုဖွံ့ဖြိုးရေး တာဝန်ခံရုံးနှင့်မြန်မာနိုင်ငံပျားလုပ်ငန်းရှင်များအသင်းထံသို့ ဆက်သွယ်အကြောင်းကြား၍ ပူးပေါင်းဆောင်ရွက်မှုရယူရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၅-၂၀၂၂ တနင်္လာနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ တောရှုဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ဒီမိုကရေစီဆိုရာဝယ် |
| ၀၉:၁၀ | မွေးမြူရေးရာအဖြာဖြာ |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | ရာဇဝင်ထဲကသမိုင်းအနုပညာ |
| ၁၃:၃၀ | MRTV National News |
| ၁၄:၅၀ | အလှဖြာဝေငွေတောင်ပြည် |
| ၁၆:၃၅ | ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ |
| ၁၇:၀၀ | သတင်းသမားပြောတဲ့သတင်းစကား |
| ၁၇:၅၀ | Road to 31st SEA Games Vietnam (တိုက်ရိုက်ထုတ်လွှင့်မှု) |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချိတက်' (အပိုင်း–၃၄) (ဇာတ်သိမ်း) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ်စုံဝမ်းဇော်ထုတ်' (အပိုင်း–၂၁) |
| ၂၂:၃၅ | ရုပ်မြင်သံကြားဇာတ်လမ်း 'အသိစိတ်သင့်ပေတ္တာ' |

**mitv**

| | |
|---|---|
| 07:01 | Evergreen Classic: Dhamma Set Taw (Sein Lei Lei) |
| 07:07 | Mogok, Ruby Land |
| 07:24 | Myanmar Musical Orchestra |
| 07:27 | Those Who Never Give Up (Ep-6) In Pursuit of a dream |
| 08:01 | Mushroom Farming |
| 08:25 | Myanmar Traditional Thatched Roofs: Nipa Palm |
| 08:41 | The Great Collector: Myanmar Antique Furniture and Handicraft |
| 09:01 | News |
| 09:27 | Global Partnership for Brighter Future: Colombia Pavilion at Expo 2020 Dubai |
| 09:35 | Discovering Tribes- Gaybar Kayin |
| 10:01 | Lines & Wash Painting |

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
မြန်မာ့လက်မှုပညာပုသိမ်ထီးလုပ်ငန်း

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဖားပုတောင်ပေါ်မှလှပသောမြင်ကွင်းတစ်ခွင်

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
တောင်ဇလပ်ရဲ့ရှိုးရာအလှ(အပိုင်း–၁)

**ချင်း (ချို) (၀၉:၀၀ မှ ၁၀:၀၀)**
အစွမ်းထက်တဲ့ရတ်ကောင်းအကြောင်းသိကောင်းစရာ

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း–၁)

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရခိုင်လာဘ်ကောင်ရျာလ္လအကြောင်း

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း–၂)

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
မုန့်ဖတ်ထောင်းပြုလုပ်နည်း

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ခေါင်လန်ဖူးအလွန်မှဒီးလာဝါဇီကျေးရွာသို့

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာဝလေ့ဆိုရိုးစကားများ (အပိုင်း–၃)

**ဝကြောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ချင်းရိုးရာကြက်သားသုပ်

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၀:၄၅ | ကလောင်စွမ်းဖြင့်ဉာဏ်အလင်းတံခါးဖွင့်ကြသူများ |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'မကောင်းဆိုးဝါး' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း–၆) |
| ၁၁:၀၀ | ရွေးချယ်တင်မြှောက်ပုံစနစ်(အပိုင်း–၂) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း–၆) |

**MRTV FARMERS'**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၃၀ | လှပဝေစည်ရှမ်းတို့ပြည် |
| ၀၆:၄၅ | စပါးအခြောက်စိုက်ခင်းများနှင့် ပေါင်းပြဿနာအဖြေရှာ |
| ၀၇:၁၅ | ပကွေးမြေတစ်ခွင် သီးထပ်သီးညှပ်သီးနှံများနှင့်အလှဆင် |
| ၀၈:၂၀ | ဇလုပ်ခြံ၏စွမ်းပကား |
| ၀၉:၂၀ | ပေါ်ဆန်းဆိုရွှေဘို |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**"အဂတိလိုက်စားမှုတားဆီးဖို့ "1111" ကို ဖြေကြားစို့"**

**"ဝန်ဆောင်မှုများ ကောင်းစေရေး "1111" ကိုဖြေကြားပေး"**

**"အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"**

## ကွန်ပျူတာတက္ကသိုလ်(ထားဝယ်)တွင် (၁၂) ကြိမ်မြောက် ဘွဲ့ကြို/ဘွဲ့လွန်ဒီပလိုမာသင်တန်းများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**ထားဝယ် မေ ၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ကွန်ပျူတာတက္ကသိုလ်(ထားဝယ်)တွင် ပညာသင်ကြားလျက်ရှိသော ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ဘွဲ့ကြိုကွန်ပျူတာသိပ္ပံသင်တန်း၊ ဘွဲ့ကြိုကွန်ပျူတာနည်းပညာသင်တန်းနှင့် ဘွဲ့လွန်ကွန်ပျူတာသိပ္ပံဒီပလိုမာသင်တန်းတို့အတွက် ယမန်နေ့နံနက်ပိုင်းက (၁၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ၍ ဘွဲ့အသီးသီးကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘွဲ့ယူမောင်မယ်များအား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက Zoom Application ဖြင့် ဂုဏ်ပြုအမှာစကားပြောကြားသည်။

**အပ်နှင်းချီးမြှင့်**

ထို့နောက် ဘွဲ့ရမောင်မယ်များအား ကွန်ပျူတာတက္ကသိုလ် (ထားဝယ်) ဒုတိယပါမောက္ခချုပ်ဦးဆောင်၍ စီမံခန့်ခွဲရေးအဖွဲ့နှင့် ပညာရေးအဖွဲ့တို့က ဘွဲ့ကြိုဘွဲ့လွန်ဒီပလိုမာဘွဲ့များကို အပ်နှင်းချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ကွန်ပျူတာတက္ကသိုလ်(ထားဝယ်) ဒုတိယပါမောက္ခချုပ်က ဘွဲ့ရမောင်မယ်များအား



ဘက်စုံဖွံ့ဖြိုးပြီး လူကောင်း၊ လူတော်များဖြစ်လာအောင် ပညာသင်ကာလတစ်လျှောက်အတွင်းမှာ ဆရာ ဆရာမများမှ ပြုစုပျိုးထောင်ပေးခဲ့သဖြင့် ဘဝရပ်တည်နိုင်ရေးအတွက် အလိုအပ်ဆုံး အခြေခံကောင်းများ ပေးလိုက်နိုင်ခဲ့ကြောင်း၊ ယနေ့ Digital Transformation မှာ ICT ဖွံ့ဖြိုးမှုဟာ အရေးပါတဲ့ အခန်းကဏ္ဍမှာ ပါဝင်နေကြောင်း၊ ထို့ကြောင့် ကွန်ပျူတာတက္ကသိုလ် (ထားဝယ်)မှ မွေးထုတ်လိုက်သော ဘွဲ့ရမောင်မယ်တို့အနေဖြင့် မိမိတို့ တတ်မြောက်ထားသော ပညာရပ်များကို အသုံးချနိုင်သော အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိလာတော့မည်ဖြစ်ကြောင်း၊ ရရှိလာသော အခွင့်အလမ်းများကို လက်လွှတ်မခံဘဲ အကျိုးရှိစွာအသုံးချ၍ မိမိတို့ရပ်ရွာဒေသကောင်းကျိုး၊ နိုင်ငံတော်ကောင်းကျိုးများကို မိမိတို့စွမ်းနိုင်သလောက် ကြိုးစားသွားကြရန်လိုအပ်ကြောင်း၊ လက်ရှိအရည်အသွေးမျှဖြင့် တင်းတိမ်မနေဘဲအစဉ်လေ့လာ သင်ယူနေသော လူကောင်း လူတော်ဖြစ်ရန်လေ့ကျင့်၍ ကျရာအခန်းကဏ္ဍအလိုက် အကောင်းဆုံးကြိုးစားသွားကြရန် လိုအပ်ကြောင်းပြောကြားသည်။

**ဘွဲ့များပေးအပ်**

(၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် ကွန်ပျူတာသိပ္ပံဘွဲ့၊ ကွန်ပျူတာနည်းပညာဘွဲ့နှင့် ဘွဲ့လွန် ကွန်ပျူတာသိပ္ပံ ဒီပလိုမာဘွဲ့တို့အတွက် ကျောင်းသား ကျောင်းသူ ၁၁ ဦးအား ဘွဲ့များပေးအပ်ခဲ့ပြီး ကွန်ပျူတာတက္ကသိုလ်(ထားဝယ်)အနေဖြင့် တက္ကသိုလ် စတင်ဖွင့်လှစ်စဉ်မှ ယနေ့အထိ ကွန်ပျူတာသိပ္ပံဘွဲ့ ၃၄၆ ဦး၊ ကွန်ပျူတာနည်းပညာဘွဲ့ ၁၂၃ ဦး၊ ကွန်ပျူတာသိပ္ပံ (ဂုဏ်ထူး)ဘွဲ့ ၇၄ ဦး၊ ကွန်ပျူတာနည်းပညာ(ဂုဏ်ထူး)ဘွဲ့ ၂၁ ဦး၊ မဟာကွန်ပျူတာ သိပ္ပံဘွဲ့ ၁၇ ဦး၊ မဟာကွန်ပျူတာနည်းပညာဘွဲ့ သုံးဦး၊ မဟာအသုံးချသိပ္ပံဘွဲ့ ကိုးဦး၊ မဟာအသုံးချသိပ္ပံ (ကွန်ပျူတာအင်ဂျင်နီယာ)ဘွဲ့ သုံးဦး၊ ဘွဲ့လွန်ကွန်ပျူတာ သိပ္ပံဒီပလိုမာဘွဲ့ ၁၄၁ ဦး၊ ကွန်ပျူတာပြုပြင်ထိန်းသိမ်းတပ်ဆင်ရေး ဒီပလိုမာဘွဲ့ နှစ်ဦး စုစုပေါင်း ၇၃၉ ဦးကို မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးသည် ယနေ့နံနက်ပိုင်းက ရွှေပြည်သာမြို့နယ် ၅ ရပ်ကွက် သီရိမင်္ဂလာပတ်လမ်းနှင့် ငွေလမ်းထောင့်ရှိ ရွှေပြည်သာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှု လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အိမ်ရာဝင်းအတွင်း ရေကြီးရေလျှံမှုမဖြစ်စေရေးအတွက် Excavator ယန္တရားယာဉ်များဖြင့် ရေစုကန်တူးဖော်နေမှုနှင့် တာမွေချောင်းအတွင်းဗေဒါနှင့် ဒိုက်များဆယ်ယူရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် အင်းစိန်မြို့နယ် ပုလဲလမ်းမကြီးဘေး လမ်းသားတိုးချဲ့ကွန်ကရစ်ခင်းကျင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီစေရေးဆောင်ရွက်ရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ဆက်သွယ်ရေးတပ်မြေအတွင်း ဖြတ်သန်းစီးဆင်းနေသည့် အောင်သိဒ္ဓိချောင်းအတွင်း Excavator ယန္တရားယာဉ်များဖြင့် အမှိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှု၊ ချောင်းဝဲ/ယာ မြက်ပင်ချုံနွယ်များ ရှင်းလင်းနေမှုနှင့် မရမ်းကုန်းမြို့နယ် (၄)ရပ်ကွက် မင်းဓမ္မလမ်းဘေး အောင်သိဒ္ဓိချောင်းအတွင်း လုပ်သားများဖြင့် အမှိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# နေကြာသီးနှံ ပိုးမွှား၊ ရောဂါ သတိပြု ကာကွယ်နှိမ်နင်းပါ

**ဒေါက်တာခင်မာမြိုင်နှင့် ဒေါက်တာသက်ရည်ခိုင် (စိုက်ပျိုးရေးသုတေသနဦးစီးဌာန)**

မြန်မာနိုင်ငံ၏ စားသုံးဆီဖူလုံစေရန် ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးရာတွင် မျှော်မှန်းအထွက်ရရှိစေရေးအတွက် နေကြာသီးနှံတွင် ကျရောက်သောပိုးမွှား၊ ရောဂါကာကွယ်နှိမ်နင်းနည်းများကို သိရှိပြီး သတိပြုလိုက်နာဆောင်ရွက်ရန်လိုအပ်ပါသည်။ ပိုးမွှား၊ ရောဂါများကို စနစ်တကျကာကွယ်နှိမ်နင်းနိုင်ရန်အတွက် သီးနှံသက်တမ်းတစ်လျှောက် ပိုးမွှားများ၏ ကျရောက်ဖျက်ဆီးမှုအလေ့အထနှင့် ရောဂါများ၏ကူးစက်ပျံ့နှံ့မှုတို့ကို သိရှိထားရန်လိုအပ်ပါသည်။ နေကြာသီးနှံတွင် ပိုးမွှား၊ ရောဂါကျရောက်ပါက အထွက်ကို ၂၅-၄၅ ရာခိုင်နှုန်းခန့်အထိ ထိခိုက်နိုင်ပါသည်။ ပိုးမွှား၊ ရောဂါများကို ဓာတုဆေးများ အလွန်အကျွံသုံး၍ ကာကွယ်နှိမ်နင်းပါက ပိုးမွှား၊ ရောဂါများသည် ဆေးယဉ်ပါးလာခြင်း၊ ပတ်ဝန်းကျင်ရေထု၊ လေထုကို ညစ်ညမ်းစေခြင်း၊ ကုန်ကျစရိတ်များခြင်း၊ စားသုံးသီးနှံများတွင် ဓာတ်ကြွင်းအာနိသင်ကျန်ရှိခြင်း၊ သဘာဝသားရဲကောင်များကို သေစေခြင်းတို့ကြောင့် ဓာတုဆေးများကို လိုအပ်မှသာ သုံးစွဲရမည်ဖြစ်ပါသည်။

**ဖျက်ပိုးဆိုသည်မှာ -** သီးနှံများ၏ အရည်အသွေး၊ အထွက်နှုန်းနှင့် မျိုးစေ့ အပင်ပေါက်နိုင်စွမ်းတို့ကို ထိခိုက်ပျက်စီးစေပါသည်။ ဖျက်ပိုးတွင် ပိုးမွှား၊ ရောဂါ၊ ပေါင်း၊ ကြွက်၊ ခရု စသည်တို့ ပါဝင်ပါသည်။

**ပိုးမွှားဆိုသည်မှာ -** အပင်နှင့် အပင်ထွက်ပစ္စည်းများကို စားသောက်၊ ဖျက်ဆီးသည့်အပြင် ရောဂါများကိုပါ သယ်ဆောင်ပြန့်ပွားနိုင်သည့် သက်ရှိများ ဖြစ်ပါသည်။

**အပင်ရောဂါဆိုသည်မှာ-** အပင်၏ မှုမှန်အခြေအနေမှ မူမမှန်အခြေအနေသို့ အကြောင်းတစ်ရပ်ရပ်ကြောင့် ပြောင်းလဲခြင်းကို ခေါ်ပါသည်။ မျက်မြင်အားဖြင့် မမြင်နိုင်သည့် အဏုဇီဝသက်ရှိများဖြစ်သော မှို၊ ဗက်တီးရီးယား၊ ဗိုင်းရပ်စ်၊ နီမတုတ်တို့ကြောင့် ဖြစ်နိုင်သကဲ့သို့ အာဟာရချို့တဲ့မှုနှင့် ပတ်ဝန်းကျင်အခြေအနေပြောင်းလဲမှုကြောင့်လည်း မူမမှန်ပြောင်းလဲခြင်းများ ဖြစ်တတ်ပါသည်။

**သားရဲကောင်ဆိုသည်မှာ-** ဖျက်ပိုးများကို ရှာဖွေစားသောက်သည့် အကောင်များ ဖြစ်သည်။ သားရဲကောင်မျိုးစိတ်များသည် ဖျက်ပိုးများ၏ လောက်ကောင်ငယ်ဘဝနှင့် အကောင်ကြီးဘဝနှစ်မျိုးလုံးကို စားသောက်လေ့ရှိသည်။ သားရဲကောင်များတွင် ပိုးတောင်မာကျိုင်း၊ ပုစဉ်း၊ လင်ကောင်ပိုး၊ ပင့်ကူ၊ ပုရစ်၊ နံ့ကောင်မျိုးရင်းတို့ ပါဝင်ပါသည်။

**နေကြာသီးနှံတွင် ကျရောက်တတ်သော ပိုးမွှားများနှင့် ကာကွယ်နှိမ်နင်းနည်းများ**

နေကြာသီးနှံတွင် ကျရောက်ဖျက်ဆီးသော ပိုးမွှားများမှာ နေကြာပွင့်စားပိုး (Head borer)၊ ခူမွေးရှည် (Common hairy caterpillar)၊ ပိုးနဂါး (Tobacco caterpillar)၊ ဖြုတ်စိမ်း (Jassids)၊ ပျပိုး (Aphids)၊ ကြွက်နှင့် ကြက်တူရွေး စသည်တို့ဖြစ်ပါသည်။

**(၁) နေကြာပွင့်စားပိုး (Head borer)**

**ဖျက်ဆီးမှုလက္ခဏာ-** နေကြာပင်ငယ်စဉ်တွင် ပိုးလောက်ကောင်သည် အရွက်များကို စားသောက်ဖျက်ဆီးတတ်ပါသည်။ အပင်ကြီးအဆင့်တွင် နေကြာပွင့်အတွင်းသို့ ထိုးဖောက်ဝင်ရောက်သွားပြီး အစေ့နုများကို စားသောက်ဖျက်ဆီးတတ်ပါသည်။ နေကြာပွင့်စားပိုး စားသောက်ဖျက်ဆီးသည့် ဒဏ်ရာမှတစ်ဆင့် မှိုများ ဝင်ရောက်ပေါက်ပွားလာပြီး နေကြာပွင့်မှာ ပုပ်၍ပျက်စီးသွားပါသည်။



နေကြာပွင့်စားပိုးဖျက်ဆီးမှုလက္ခဏာများ

**ကာကွယ်နှိမ်နင်းနည်း -** နေကြာပွင့်စားပိုးသည် ပိုးရုပ်ဖုံးအဆင့်တွင် မြေကြီးအတွင်း နေထိုင်သောကြောင့် မြေပြင်စဉ်တွင် ထယ်ရေးနက်နက်ထိုးရန် လိုအပ်ပါသည်။ စိုက်ခင်းအတွင်း ပင်ကြွင်းပင်ကျန်များကို ဖယ်ရှားရှင်းလင်းရပါမည်။ အပင်ဖြစ်ထွန်းပြီး နောက်ပိုင်း နေကြာရွက်တွင် ဥများစတင်တွေ့ပါက ထိသေပိုးသတ်ဆေးတစ်မျိုးမျိုး (ဥပမာ-ဆိုက်ပါမီသရင်)ဖြင့် ကာကွယ်နိုင်ပါသည်။ အပွင့်တွင် ဖျက်ဆီးမှုလက္ခဏာ တွေ့ရှိရပါကလည်း အလားတူဆေးဖျန်းနှိမ်နင်းနိုင်ပါသည်။

**(၂) ရွက်စုံစားခူမွေးရှည် (Common hairy caterpillar)**

**ဖျက်ဆီးမှုလက္ခဏာ-** ပိုးလောက်ကောင်ငယ်များသည် အရွက်အောက်မျက်နှာပြင်မှခြစ်၍ စားသောက်ဖျက်ဆီးတတ်ပါသည်။ ဖျက်ဆီးပါက အရွက်တွင် ဆန်ခါပေါက်များအဖြစ် တွေ့မြင်ရပြီး ပြင်းထန်စွာကျရောက်ပါက အရွက်ရိုးတံများသာ ကျန်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။



ရွက်စုံစားခူမွေးရှည်ဖျက်ဆီးမှုလက္ခဏာများ

**ကာကွယ်နှိမ်နင်းနည်း -** ဥမြုံများနှင့် ဥမှပေါက်စ ပိုးလောက်ကောင်များရှိသောအရွက်နှင့် အပင်များကို ဖယ်ရှားရှင်းလင်းရပါမည်။ ပိုးလောက်ကောင်များ စိုက်ခင်းအတွင်း ပျံ့နှံ့လာပါက ပင်လုံးပျံ့ ပိုးသတ်ဆေးတစ်မျိုးမျိုး (ဥပမာ- ဒိုင်မီသိုအိတ်၊ အက်ဆီဖိတ်) တို့ဖြင့် ဖျန်းရပါမည်။

**(၃) ပိုးနဂါး (Tobacco caterpillar)**

**ဖျက်ဆီးမှုလက္ခဏာ-** ပိုးလောက်ကောင်သည် ငယ်စဉ်တွင် အရွက်နုများ၊ အရွက်များပေါ်၌ အစုလိုက်၊ အပြုံလိုက်ကျရောက်၍ စားသောက်ဖျက်ဆီးတတ်ပါသည်။ စားသောက်ဖျက်ဆီးမှုပြင်းထန်ပါက အရွက်တွင် အဖြူရောင်အမြှေးပါးများသာ ကျန်ရှိသည်ကို တွေ့မြင်ရပါမည်။ ပိုးလောက်ကောင်ကြီးများသည် နေကြာစေ့အနုများကိုလည်း စားသောက်ဖျက်ဆီးတတ်ပါသည်။



ပိုးနဂါးဖျက်ဆီးမှုလက္ခဏာများ

**ကာကွယ်နှိမ်နင်းနည်း -** ဥမြုံများနှင့် ဥမှပေါက်စပိုးလောက်ကောင် အစုအဝေးလိုက်ပါရှိသော အရွက်များနှင့်အပင်များကို ရှာဖွေဖျက်ဆီးရပါမည်။ ပိုးနဂါးကျရောက်ပါက ပင်လုံးပျံ့ ပိုးသတ်ဆေးတစ်မျိုးမျိုး (ဥပမာ- ဒိုင်မီသိုအိတ်) ဖြင့် နှိမ်နင်းနိုင်ပါသည်။

**(၄) ဖြုတ်စိမ်း (Jassids)**

**ဖျက်ဆီးမှုလက္ခဏာ -** ဖြုတ်စိမ်းများကျရောက်ပါက ပင်ရည်ကို စုပ်သောကြောင့် အရွက်များ အဝါဖျော့ရောင်ပြောင်းသွားပါသည်။ ပြင်းထန်စွာကျရောက်ပါက အရွက်များကုပ်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။



ဖြုတ်စိမ်းဖျက်ဆီးမှုလက္ခဏာများ

စာမျက်နှာ ၁၇ သို့ ✪

❂ စာမျက်နှာ ၁၆ မှ

**ကာကွယ်နှိမ်နင်းနည်း** – အလန်း ၁၅ ဒဗလျူပီ၊ သန်းဒါး ၂၅၀ အီးစီ၊ ကဲ့သို့သော ပိုးသတ်ဆေးများကို ဖျန်းပက်ခြင်းဖြင့် ကာကွယ်နှိမ်နင်းနိုင်ပါသည်။

**(၅) ပျပိုး (Aphids)**

**ဖျက်ဆီးမှုလက္ခဏာ** – ပျပိုးအကောင်ငယ်နှင့် အကောင်ကြီးအဆင့်များကျရောက်ပါက ပင်စည်များနှင့် ပွင့်ချပ်များမှပင်ရည်ကို စုပ်ယူ၍ စားသောက်ဖျက်ဆီးတတ်ပါသည်။ အရွက်များ အောက်ဘက်သို့ ကုပ်သွားပြီး အနီရောင်သို့ ပြောင်းသွားတတ်သလို ကျပ်ခိုးမှိုကျရောက်နိုင်ပြီး အရွက်များမည်းသွားနိုင်ပါသည်။



ပျပိုးဖျက်ဆီးမှု လက္ခဏာ

**ကာကွယ်နှိမ်နင်းနည်း** – နေကြာမျိုးစေ့ တစ်ကီလိုဂရမ်လျှင် မျိုးစေ့လူးနယ်ဆေး (အေမီဒါ ကလိုပရစ် 70 WP) ၁၀ ဂရမ်နှုန်းဖြင့် လူးနယ်၍ စိုက်ပျိုးရပါမည်။ ပင်လုံးပျံ့ပိုးသတ်ဆေး တစ်မျိုးမျိုးဖြင့် နှိမ်နင်းနိုင်ပါသည်။

**(၆) ကြွက်**

**ဖျက်ဆီးမှုလက္ခဏာ** – ကြွက်များသည် နေကြာမျိုးစေ့ချပြီးနှင့် အစေ့အဆန်တည်ချိန်တွင် စားသောက်ဖျက်ဆီးတတ်ပါသည်။ ကြွက်များ အဖွဲ့လိုက်၊ အစုလိုက် အပင်များပေါ်သို့ တက်၍ နေကြာစေ့များကို စားသောက်ဖျက်ဆီးတတ်ပါသည်။ နေကြာတစ်ခင်းလုံးကို လျင်မြန်စွာ ဆုံးရှုံးပျက်စီးစေနိုင်ပါသည်။

**ကာကွယ်နှိမ်နင်းနည်း** – ကြွက်များကို ထောင်ချောက်များဖြင့် ကာကွယ်နိုင်ပါသည်။ ကြွက်များကို စားသောက်တတ်သော သားရဲကောင်များ (ဥပမာ–ခွေး၊ ကြောင်၊ လင်ကောင်ပိုး)ဖြင့်လည်း ကာကွယ်နိုင်ပါသည်။ လူအင်အားဖြင့်လည်း ဖမ်းဆီးနှိမ်နင်းနိုင်ပါသည်။ ကြွက်သတ်ဆေးတစ်မျိုးမျိုး (ဥပမာ–ဟက်ပီးကြွက်သတ်ဆေး)၊ ကြွက်မကြိုက်သော အနံ့အမျိုးမျိုးပေး၍ ကာကွယ်နိုင်ပါသည်။

**(၇) ငှက်များ (ကြက်တူရွေး)**

**ဖျက်ဆီးမှုလက္ခဏာ** – ငှက်များ(ကြက်တူရွေး)သည် အစေ့စတည်ချိန်မှ ရိတ်သိမ်းချိန်အထိ စားသောက်ဖျက်ဆီးတတ်ပါသည်။

**ကာကွယ်နှိမ်နင်းနည်း** – ငှက်များ (ကြက်တူရွေး)ကို လူအင်အားဖြင့် ငှက်များအားခြောက်လှန့်ခြင်း၊ ငှက်ဖမ်းပိုက်များသုံးခြင်းဖြင့်လည်း ကာကွယ်ပေးနိုင်ပါသည်။

**နေကြာသီးနှံတွင် ကျရောက်တတ်သော ရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းများ**

အပင်ရောဂါဖြစ်စေရန် အဓိကအကြောင်းအရင်း သုံးမျိုးရှိပါသည်။ ၎င်းတို့မှာ (၁) ရောဂါဖြစ်စေသောသက်ရှိ (ဥပမာ– မှို၊ ဘက်တီးရီးယား၊ ဗိုင်းရပ်စ်)၊ (၂) ခံနိုင်ရည်မဲ့သောမျိုးနှင့် (၃) ရောဂါဖြစ်စေရန် အားပေးသော ပတ်ဝန်းကျင်အခြေအနေတို့ ဖြစ်ပါသည်။ ထိုအကြောင်း သုံးချက်မှ တစ်ချက်ကို ထိန်းချုပ်ပေးနိုင်ပါက ရောဂါဖြစ်ခြင်းကို လျှော့ချနိုင်ပါသည်။ နေကြာသီးနှံတွင် ရောဂါဖြစ်စေသောသက်ရှိများသည် မြေ၊ ရေ၊ လေတို့မှတစ်ဆင့် ကူးစက်နိုင်ပါသည်။ မြန်မာနိုင်ငံတွင် အတွေ့များသော ရောဂါများမှာ နေကြာပင်ခြေပုပ်ရောဂါနှင့် နေကြာရွက်ခြောက်ရောဂါတို့ ဖြစ်ပါသည်။

**(၁) နေကြာပင်ခြေပုပ်ရောဂါ (Sclerotium Stem Rot)**

**ရောဂါလက္ခဏာ** – စိုက်ခင်းအတွင်းတွင် ညှိုးနေသောအပင်များကို စတင်တွေ့ရှိရပါမည်။ ၎င်းအပင်များကို စစ်ဆေးပါက အပင်ခြေတွင် ညိုပုပ်သည့် ရောဂါလက္ခဏာအား တွေ့ရှိနိုင်ပါသည်။ အပင်ခြေတွင် အဖြူရောင်မှိုမျှင်များကိုလည်း မျက်စေ့ဖြင့်ပင် မြင်တွေ့နိုင်ပါသည်။ ရောဂါပြင်းထန်လာပါက တစ်ပင်လုံးညှိုး၍ သေဆုံးနေသည်ကို တွေ့ရှိရပါမည်။ ပင်ခြေပုပ်ရောဂါသည် ပူနွေးပြီးစိုထိုင်းဆများလာသည့် အချိန်တွင် လျင်မြန်စွာပျံ့နှံ့နိုင်ပါသည်။



နေကြာပင်ခြေပုပ်ရောဂါလက္ခဏာ

**ကာကွယ်နှိမ်နင်းနည်း** – ရောဂါကင်းသောမျိုးစေ့ကို သုံးခြင်း၊ ထယ်ရေးနက်နက်ထိုးခြင်း၊ သီးလှည့်စိုက်ခြင်း၊ ရောဂါကျ ပင်ကြွင်းပင်ကျန်များအား မီးရှို့ ဖျက်ဆီးရှင်းလင်းခြင်းတို့ဖြင့် ကာကွယ်နိုင်ပါသည်။ စိုက်ခင်းတွင် အစိုဓာတ်မများစေရန် ဂရုစိုက်ပေးရပါမည်။ မျိုးစေ့ကို ရောဂါသတ်ဆေးများဖြစ်သော ဟိုမိုင်း၊ တော့ပ်စင်၊ မက်တယ်လဇီကဲ့သို့သော ဆေးတစ်မျိုးမျိုးဖြင့် လူးနယ်စိုက်ပျိုးရပါမည်။ အပင်ငယ်အဆင့်တွင် ကြက်သွန်ဖြူ စစ်ထုတ်ရည်ကို အသုံးပြုခြင်း၊ ထရိုင်ခိုဒါးမားတို့ကို မြေကြီးအတွင်းထည့်ခြင်းတို့ဖြင့်လည်း ကာကွယ်နှိမ်နင်းနိုင်ပါသည်။ အပင်သက်တမ်းတစ်လျှောက် ဤရောဂါကျရောက်ပါက အထက်ဖော်ပြပါ ဆေးတစ်မျိုးမျိုးကို အသုံးပြု၍ နှိမ်နင်းနိုင်ပါသည်။

**(၂) နေကြာရွက်ခြောက်ရောဂါ (Alternaria leaf blight)**

**ရောဂါလက္ခဏာ**– အရွက်ပေါ်တွင် အညိုရင့်ရောင်အနာကွက်များကို စတင်တွေ့နိုင်ပါသည်။ နောက်ပိုင်းတွင် ရွက်ညှာများပေါ်အထိ ပျံ့နှံ့သွားပြီး ပင်စည်ပေါ်သို့ ကူးစက်သွားနိုင်ပါသည်။ အရွက်တစ်ခုလုံးခြောက်ခြင်း၊ ပင်စည်နှင့် ပန်းပွင့်တစ်ခုလုံးပုပ်ခြင်းများကို ဖြစ်စေနိုင်ပါသည်။ ရောဂါပြင်းထန်လာပါက အရွက်များ လျင်မြန်စွာခြောက်သွေ့ပြီး သေဆုံးနိုင်ပါသည်။



နေကြာရွက်ခြောက်ရောဂါလက္ခဏာ

**ကာကွယ်နှိမ်နင်းနည်း** – ရောဂါကျပင်ကြွင်းများနှင့် ပေါင်းမြက်များကို သုတ်သင်ရှင်းလင်းပေးရပါမည်။ သီးလှည့်စိုက်ပျိုးပေးရပါမည်။ မျိုးစေ့ကို ဟိုမိုင်း/ ထရိုင်ခိုဒါးမားဖြင့် လူးနယ်စိုက်ပျိုးရပါမည်။ ရောဂါလက္ခဏာစတွေ့ရပါက မှိုသတ်ဆေးတစ်မျိုးမျိုး (ဥပမာ– မန်ကိုဇက်)၊ ထရိုင်ခိုဒါးမားမှိုတို့ကို အသုံးပြု၍ ပြန့်ပွားခြင်းကို ထိန်းချုပ်နိုင်ပါသည်။

နေကြာသီးနှံတွင် ပိုးမွှား၊ ရောဂါ ကျရောက်ဖျက်ဆီးပါက သတ်မှတ် ရိတ်သိမ်းအပင်ဦးရေ မရရှိခြင်း၊ တစ်ပွင့်ပါအောင်စေ့ လျော့နည်းခြင်း၊ အစေ့တစ်ထောင်အလေးချိန် လျော့နည်းခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။ သို့ဖြစ်ပါ၍ တစ်ဧကမျှော်မှန်းအထွက် ရရှိရန် ပိုးမွှား၊ ရောဂါများကျရောက်ခြင်းမှ အထူးသတိပြု ကာကွယ်နှိမ်နင်းသွားရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

> **‘နေကြာသီးနှံတွင် ပိုးမွှား၊ ရောဂါ ကျရောက်ဖျက်ဆီးပါက သတ်မှတ်ရိတ်သိမ်းအပင်ဦးရေ မရရှိခြင်း၊ တစ်ပွင့်ပါအောင်စေ့ လျော့နည်းခြင်း၊ အစေ့တစ်ထောင်အလေးချိန် လျော့နည်းခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။ သို့ဖြစ်ပါ၍ တစ်ဧကမျှော်မှန်းအထွက်ရရှိရန် ပိုးမွှား၊ ရောဂါများ ကျရောက်ခြင်းမှ အထူးသတိပြု ကာကွယ်နှိမ်နင်းသွားရန် တိုက်တွန်းနှိုးဆော်’**

ကျမ်းကိုးစာရင်း


- ထွန်းဆိုင်နှင့် ခင်မာမာနွယ်။ ၂၀၁၁ ခုနှစ်။ နေကြာစိုက်ပျိုးရေး၊ သစ်တော၊မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်များအဖွဲ့
- Chattopadhyay.C., S.J.Kolte and F.Waliyar. (2016). Disease of Edible Oilseed Crops., CRC Press, Taylar & Francis Group, Boca Raton London New York.


## မင်းဘူး(စကု)မြို့နယ်၌ နှမ်းဧက ၂၀၀၀၀ ကျော်စိုက်ပျိုး

**မင်းဘူး မေ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ စားသုံးဆီဖူလုံစေရေးအတွက် နှမ်းဧက ၂၀၀၀၀ ကျော် စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးဇော်မင်းသူက ပြောသည်။

နှမ်းစိုက်ပျိုးရာတွင် ဆည်ရေနှင့် မြစ်ရေတင်စီမံကိန်းများမှ ရေပေးဝေခဲ့ပြီး အိုင်းမဆည်မှ ဧက ၁၆၇၀၀၊ ကမ်းနီမြစ်ရေတင်စီမံကိန်းမှ ဧက ၄၅၀၊ ကျောက်စံလျှပ်စစ်ရေတင်စီမံကိန်းမှ ဧက ၄၀၀၊ မြေအောက်ရေတူးဖော်ပေးဝေရေးမှ ၈၂၁ ဧက စုစုပေါင်း ၂၀၂၇၄ ဧက စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

နှမ်းစိုက်ပျိုးမှုများ လျာထားချက် ပြည့်မီရေး၊ မျိုးကောင်းမျိုးသန့်ဖြစ်စေရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်စေရေး၊ သွင်းအားစု အလုံအလောက်ရရှိရေးတို့အပြင် ပိုးမွှားရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ဝန်ထမ်းများက စိုက်ခင်းထဲအရောက် ကွင်းဆင်း၍ အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးဇော်မင်းသူထံမှ သိရသည်။

**ဇေယျာထက်(မင်းဘူး)**



# ကျုံပျော်၌ သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) ပေးအပ်ပွဲနှင့် ကြဲပက်ကွင်းသရုပ်ပြပွဲ ပြုလုပ်

ကျုံပျော် မေ ၈

တောင်သူများ မြေဆီလွှာဖွံ့ဖြိုးတိုးတက်၍ သီးနှံအထွက်နှုန်း ကောင်းမွန်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ကာ ၂၀၂၂-၂၀၂၃ မိုးစပါးရာသီအတွက် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) ပေးအပ်ပွဲနှင့် ကြဲပက်ကွင်းသရုပ်ပြပွဲကို ယမန်နေ့က မြေရဲတောင်ကွင်းရှိ တောင်သူ ဦးတင်ရှိန်၏ လယ်မြေ၌ ကျင်းပသည်။



ရှေးဦးစွာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိန်မောင်မြင့်က သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ရခြင်းရည်ရွယ်ချက်နှင့် အသုံးပြုခြင်းဖြင့်ရရှိမည့် အကျိုးကျေးဇူး၊ နေကြာဆီ အသုံးဝင်မှု၊ နေကြာ စိုက်ပျိုးထုတ်လုပ်မှုနည်းလမ်းနှင့် စားသုံးဆီဖူလုံရေးကိစ္စများကိုလည်းကောင်း၊ ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက လယ်ယာသုံး ဓာတုဆေးဝါးများ၏ မြေယာပျက်စီးမှုဆိုးကျိုးများနှင့် မြေယာကောင်းများရရှိရန် မြေယာပြုပြင်ခြင်းနည်းစနစ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်)မျိုးစေ့ ၂၆ ဒသမ ၃၅ တင်းကို လယ်ယာမြေ ၁၀၅ ဒသမ ၄၀ ဧကတွင် ကြဲပက်နိုင်ရန်အတွက် တောင်သူ ၂၉ ဦး၏ လက်ဝယ်သို့ ပေးအပ်ခဲ့ပြီး ကွင်းအမှတ်(၁၀၀၁) တောင်သူ ဦးတင်ရှိန်၏ လယ်မြေ သုံးဧကတွင် (ပိုက်ဆံလျှော်) မျိုးစေ့များကို တက်ရောက်လာသူများက စုပေါင်းကြဲပက်စိုက်ပျိုးခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာသူများအား သဘာဝ(EM) ဘိုကာရှီမြေသြဇာ ပြုလုပ်သုံးစွဲပုံနည်းစနစ်များအား လက်တွေ့ရှင်းလင်းပြသသည်။

အဆိုပါ မျိုးစေ့ပေးအပ်ပွဲနှင့် ကွင်းသရုပ်ပြပွဲသို့ တိုင်းဒေသကြီးနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျမင်း၊ အဖွဲ့ဝင် (၂) ဦးရန်နိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်နှင့် ဝန်ထမ်းများ၊ မြေရဲတောင်အုပ်စုမှတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ၂၀၂၂ ခုနှစ် မိုးရာသီချေးငွေ ထုတ်ချေးရေးကိစ္စရပ်များ ရှင်းလင်းအသိပေး

နေပြည်တော် မေ ၈

ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းရှိ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း၊ ပေါင်းတည်၊ ရွှေတောင်၊ ပေါက်ခေါင်း၊ သဲကုန်း၊ ပြည်နှင့် ပန်းတောင်းမြို့နယ်များသို့ မေ ၂ ရက်မှ ၆ ရက်အထိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုးနှင့်အဖွဲ့ဝင်များသည် ဘဏ်၏ ၂၀၂၂ ခုနှစ် မိုးရာသီချေးငွေ တောင်သူများသို့ ထုတ်ချေးမည့်ကိစ္စရပ်များနှင့် အချိန်စေ့လွန်ကြွေးကျန်များ ကောက်ခံရရှိရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး တောင်သူများ၏ သိရှိလိုသည်များကို ရှင်းလင်းပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်သူ သုံးသိန်းကျော်အတွက် လိုအပ်သော စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ နှစ်စဉ်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။ **ဇေယျဇော်**

# မင်းတုန်းမြို့နယ်၌ ဆီထွက်သီးနှံနေကြာ စတင်စိုက်ပျိုး



မင်းတုန်း မေ ၈

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၌ ယနေ့နံနက် ၇ နာရီက ဘူးတောင်းကျေးရွာ တောင်သူ ဦးဇော်ခင်၏ယာမြေတွင် ဆီထွက်သီးနှံနေကြာ စတင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

စိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနှင့် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဦးတို့က နေကြာစိုက်ပျိုးမှုအခြေအနေအား ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

မင်းတုန်းမြို့နယ်အတွင်း ၂၀၂၂-၂၀၂၃ စိုက်ပျိုးရာသီတွင် နေကြာသီးနှံ သီးညှပ် ၃၅၉ ဧကနှင့် သီးသန့် ၉၀၈ ဧက စိုက်ပျိုးရန်လျာထားပြီး တောင်သူများ နေကြာသီးနှံ စိုက်ပျိုးနိုင်ရန်အတွက် ဌာနဆိုင်ရာများက ကွင်းဆင်း၍ ပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ဝင်လမ်းမကြီးတစ်လျှောက်နှင့် မြို့ရှောင်လမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းကို မေလပထမပတ်က ဆောင်ရွက်စဉ်။ လှမိုး(ပြန်/ဆက်)

## ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

## ၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်း ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲအတွက် ဖိတ်ခေါ်ခြင်း

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၂၂ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ကို** “တစ်ခုတည်းသော ကမ္ဘာမြေ (Only One Earth)” ဆောင်ပုဒ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ကျွန်ုပ်တို့သည် သဘာဝတရားနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲစွာ နေထိုင်ရန်လိုအပ်ကြောင်း၊ မူဝါဒများနှင့် တစ်ဦးချင်းစီ၏ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ နေထိုင်နိုင်မည့် နည်းလမ်းရွေးချယ်မှုများမှတစ်ဆင့် ပိုမိုစိမ်းလန်းသော နေထိုင်မှုပုံစံသို့ အသွင်ကူးပြောင်းနိုင်ရေးအတွက် ဖြစ်နိုင်သမျှ ဆောင်ရွက်သွားရန်နှင့် ရေရှည်တည်တံ့စွာ နေထိုင်နိုင်စေရေးအတွက် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ သဘာဝနှင့် လိုက်လျောညီထွေ နေထိုင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များတွင် လူသားတိုင်း ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ယခုနှစ် ဆောင်ပုဒ်မှ တိုက်တွန်းထားသည်။

ယခုနှစ်ဆောင်ပုဒ်၏ တိုက်တွန်းနှိုးဆော်ချက်များကို ပြည်သူများ သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ “တစ်ခုတည်းသော ကမ္ဘာမြေ (Only One Earth)” ခေါင်းစဉ်ဖြင့် မိမိတို့ရေးသားတင်ပြလိုသည့် အချက်အလက်များ၊ သာဓကများပါဝင်သော အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးများကို အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ ရေးသားပေးပို့ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည် -

အလွတ်တန်း ဆောင်းပါး/ စာစီစာကုံးပြိုင်ပွဲကိုမည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 ဆိုဒ်စာမျက်နှာ အနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ၊ ပြိုင်ပွဲဝင် စာစီစာကုံးများကို A4 ဆိုဒ်စာမျက်နှာအနည်းဆုံး ငါးမျက်နှာမှ အများဆုံး ခုနစ်မျက်နှာအထိ ရေးသားရန် (သတ်မှတ်စာမျက်နှာထက် မကျော်လွန်ရ)၊ သတ်မှတ်ထားသော ခေါင်းစဉ်အောက်မှ မိမိကြိုက်နှစ်သက်ရာပုံစံဖြင့် ယှဉ်ပြိုင်ရန်၊ ကွန်ပျူတာစာလုံး (Pyidaungsu)၊ စာလုံးအရွယ်အစား ၁၄ (Font Size 14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် တစ်လက်မပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရန်၊ အခြားမှ ကူးယူထားခြင်းမဟုတ်ဘဲ မိမိကိုယ်တိုင် ဖန်တီးရေးသားထားသော စာမူရင်းဖြစ်ရန်၊ အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ပုံနှိပ်ဖော်ပြထားသော စာမူများ မဖြစ်စေရန်၊ ကိုယ်တိုင်ဖန်တီးရေးသားထားသော ကာယကံရှင် လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ဆောင်းပါး၊ စာစီစာကုံးနှင့် အတူပေးပို့ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တရားဝင်အသုံးပြုခွင့်ပေးရန်နှင့် ဆုရွေးချယ်ခံရခြင်းမရှိသော ဆောင်းပါး/စာစီစာကုံးများအား ပြန်လည်ပေးပို့မည်မဟုတ်ဘဲ ပြိုင်ပွဲဝင် စည်းကမ်းနှင့် မညီညွတ်သော စာမူများအား ပယ်ချသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများ ပေးပို့ရာတွင် အလွတ်တန်း ဆောင်းပါး/ စာစီစာကုံးအတွက် စာမူ (Hard+ Soft Copy (Word+ Pdf)) တစ်စုံစီ၊ ပြိုင်ပွဲဝင် အမည်၊ မှတ်ပုံတင်/ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်၊ ကာလာဓာတ်ပုံ သုံးပုံ (၁.၅" x ၂"ဆိုဒ်)၊ ဆက်သွယ်ရန်လိပ်စာ၊ အမှန်တကယ် အသုံးပြုသည့် ဖုန်းနံပါတ်တို့နှင့် အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအမှတ် ၅၈၊ နေပြည်တော် ဖုန်း- ၀၆၇-၄၃၁၃၂၉၊ ၀၆၇-၄၃၁၄၉၇၊ အီးမေးလ် hr.env.ecd@gmail.com သို့ ၂၀၂၂ ခုနှစ် မေ ၁၂ ရက်ကြာသပတေးနေ့ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပြီး အသေးစိတ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန Website (www.ecd.gov.mm) နှင့် Facebook Page (Environmental Conservation Department-ECD) တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သတ်မှတ်ရက်ကျော်လွန်ပြီး စည်းကမ်းချက်များနှင့် မပြည့်စုံသော ဆောင်းပါးနှင့် စာစီစာကုံးများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

ဆုရရှိသူများစာရင်းကို ၂၀၂၂ ခုနှစ် ဇွန် ၁ ရက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Website နှင့် Facebook Page များတွင်ကြေညာသွားမည်ဖြစ်ပြီး ဆုရရှိသူများကို ၂၀၂၂ ခုနှစ် ဇွန် ၅ ရက်တွင် နေပြည်တော်၌ ကျင်းပမည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုချီးမြှင့်သွားမည်ဖြစ်သည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ဝ၅ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၈-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၁၃၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၀၂၄,၉၈၄) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၀၅၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၁,၉၆၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၇-၅-၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၃၀,၉၃၁,၂၂၆) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၆,၈၄၆,၉၃၀) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူ (၂၄,၀၈၄,၂၉၆) ဦးနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးသူ (၁,၅၉၄,၇၆၁) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၇-၅-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း (၅၆,၆၁၀,၂၈၃) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

## (၈-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၃) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၉၂) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁၅၂၄) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၀၂) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၄၄၄) ခု | (၂) ဦး |
| စုစုပေါင်း | (၈,၁၃၅) ခု | (၄) ဦး |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအခြေအနေ

## (၇-၅-၂၀၂၂)ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၆,၈၄၆,၉၃၀) ဦး |
| ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၂၄,၀၈၄,၂၉၆) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၁,၅၉၄,၇၆၁) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၃၀,၉၃၁,၂၂၆) ဦး |
| စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၅၆,၆၁၀,၂၈၃) ကြိမ် |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၃၅၆၇၇၀၇ | ၈၀၉၃၀၀၈၆ | ၁၀၂၄၅၂၅ |
| ၂။ | အိန္ဒိယ | ၄၃၁၀၂၅၀၈ | ၄၂၅၅၇၄၉၅ | ၅၂၄၀၆၄ |
| ၃။ | ဘရာဇီး | ၃၀၅၅၈၅၃၀ | ၂၉၆၁၇၁၆၄ | ၆၆၄၁၇၉ |
| ၄။ | ပြင်သစ် | ၂၈၉၂၈၀၉၇ | ၂၇၆၂၄၃၅၄ | ၁၄၆၆၇၀ |
| ၅။ | ဂျာမနီ | ၂၅၃၃၇၉၉၆ | ၂၃၂၄၆၉၀၀ | ၁၃၆၉၁၄ |
| ၆။ | ဗြိတိန် | ၂၂၁၁၄၀၃၄ | ၂၁၄၈၇၀၅၉ | ၁၇၆၂၁၂ |
| ၇။ | ရုရှား | ၁၈၂၂၇၆၆၆ | ၁၇၆၀၃၃၉၈ | ၃၇၆၉၄၆ |
| ၈။ | တောင်ကိုရီးယား | ၁၇၅၄၄၃၉၈ | စိစစ်ဆဲ | ၂၃၃၆၀ |
| ၉။ | အီတလီ | ၁၆၇၆၇၇၇၃ | ၁၅၄၇၁၉၉၂ | ၁၆၄၄၁၇ |
| ၁၀။ | တူရကီ | ၁၅၀၄၁၈၉၉ | ၁၄၉၃၉၈၉၃ | ၉၈၈၃၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၆၇၆၁၈၄ | ၉၃၂၀၅၉၁ | ၄၃၀၅၆ |
| ၂။ | အင်ဒိုနီးရှား | ၆၀၄၈၄၃၁ | ၅၈၈၅၈၅၈ | ၁၅၆၃၈၁ |
| ၃။ | မလေးရှား | ၄၄၅၆၇၃၆ | ၄၃၉၇၈၈၁ | ၃၅၅၇၉ |
| ၄။ | ထိုင်း | ၄၃၂၄၈၅၀ | ၄၂၀၄၄၈၃ | ၂၉၀၉၁ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၇၀၁၈ | ၃၆၂၂၄၇၃ | ၆၀၄၃၉ |
| ၆။ | စင်ကာပူ | ၁၂၁၅၄၉၉ | ၁၁၄၇၂၉၆ | ၁၃၅၀ |
| ၇။ | မြန်မာ | ၆၁၃၀၅၃ | ၅၉၁၉၆၄ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၈၅၃၅ | ၂၀၇၁၈၂ | ၇၄၉ |
| ၉။ | ဘရူနိုင်း | ၁၄၂၈၅၈ | ၁၄၁၈၀၆ | ၂၁၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၁၈၁ | ၃၀၅၆ |

## ပုံပြင်

# သစ္စာရှိသော မောင်ညို

မင်းယုဝေ

လွန်လေပြီးသောအခါ ဘုရင်ကြီးတစ်ပါးရှိသည်။ သူသည် နတ်ရွာစံအံ့ဆဲဆဲ၌ သူ၏ကျွန်ယုံ မောင်ညိုအား ဤသို့ မှာကြားလေ၏။

"မောင်ညို၊ သင်သာလျှင် ငါ၏ သစ္စာအရှိဆုံးသော လူယုံဖြစ်ပေသည်။ ငါသေသွားသော် ငါ၏သားတော်ကို ကောင်းစွာစောင့်ရှောက်ရစ်ပါဘိ။ သားတော်အား ငါပိုင်ဆိုင်သော ပစ္စည်းများအားလုံးကို ပြပါ။ သို့သော် ရွှေနန်းကြီးရှင်၏ သမီးတော်ဖြစ်သော လှဧကရီကလေး၏ ပန်းချီပုံတူ ရုပ်ပုံကား ထားသည့်အခန်းကိုကား မပြပါလေနှင့်။ ထိုပုံကိုမြင်လျှင် မုချပင် သားတော်သည် ထိုမင်းသမီးကို မေတ္တာသက်ဝင်လိမ့်မည်။ သို့မေတ္တာသက်ဝင်မိသောကြောင့်ပင် သားတော်မှာ ဘေးဒုက္ခအမျိုးမျိုးနှင့် တွေ့ကြုံရပေလိမ့်မည်။ သင်သည် ဂရုပြု၍ စောင့်ရှောက်ရစ်ပါဘိ"

ထို့နောက် ဘုရင်ကြီးသည် နတ်ရွာစံလေတော့၏။

သစ္စာရှိသော မောင်ညိုသည် ဘုရင်ကြီး၏သားတော် ဘုရင်ကလေးထံ၌ ဆက်လက်၍ သစ္စာရှိစွာ အမှုထမ်း၏။ သူသည် ဘုရင်ကြီးမှာသည့်အတိုင်း သားတော်ဘုရင်အား နန်းတော်တစ်ခုလုံးနှင့် ပစ္စည်းအမျိုးမျိုးတို့ကို လိုက်လံပြသလေသည်။ သို့ရာတွင် ရွှေနန်းကြီးရှင်၏ သမီးတော် ပုံတူပန်းချီကားရှိသည့် အခန်းတံခါးကိုကား ဖွင့်မပြပေ။

ကာလအတန်ကြာသော်ဘုရင်သည် ထိုအခန်းကို သူ့အားအဘယ့်ကြောင့် မောင်ညို မပြလေသနည်းဟု တွေးတောကာ သိလိုစိတ် ဖြစ်ပေါ်လာလေ၏။ ထို့ကြောင့် မောင်ညိုအား မေးမြန်း၏။ မောင်ညိုက သူသည် ခမည်းတော်ဘုရင်ကြီးထံ၌ ဤအခန်းကို သားတော်အား မပြပါဟု ကတိပြုထားကြောင်း ပြောပြလေ၏။ သို့ရာတွင် ဘုရင်သည် အတင်းအကျပ် တိုက်တွန်းလေရကား မောင်ညိုသည် အခန်းတံခါးကို ဖွင့်ပြရလေတော့၏။

တံခါးဖွင့်ပြီးနောက် မောင်ညိုသည် ပုံတူပန်းချီကားကို ဘုရင်ကလေး မမြင်စေခြင်းငှာ ပန်းချီကားနှင့် ဘုရင်အကြားတွင် ဝင်၍ရပ်ပါသေး၏။ သို့သော် ဘုရင်ကလေးသည် ခြေဖျားထောက်ကာ မောင်ညို၏ ပခုံးမှ ကျော်ကြည့်လေသဖြင့် ပန်းချီကားကို မြင်သွားလေတော့၏။ သို့မြင်သည်နှင့်တစ်ပြိုင်နက် ရွှေရောင်ဝင်းပသော မင်းသမီး၏ အလှဒဏ်ကို မခံနိုင်ဘဲ သတိလစ်ကာ လဲကျသွားလေ၏။

သတိရလာသောအခါ ဘုရင်ကလေးသည် ထိုမင်းသမီးမှာ မည်သူဖြစ်ကြောင်း မေးမြန်းလေ၏။ မောင်ညိုကလည်း ထိုမင်းသမီးမှာ ရွှေအများဆုံးပိုင်ဆိုင်သည့် ရွှေနန်းကြီးရှင်၏ သမီးတော်ဖြစ်ကြောင်း ပြောပြလေ၏။ ထိုအခါ မင်းသားက ထိုမင်းသမီးကို သူရအောင်ယူမည်။ ထိုသို့ရယူရန်အတွက်လည်း မောင်ညိုသည် အစွမ်းကုန်ကူညီရမည်ဟု ဆိုလေ၏။ "ကောင်းပါပြီ"ဟု မောင်ညိုလည်း ဝန်ခံရလေ၏။ ထို့နောက် မောင်ညိုသည် မင်းသမီးကို မည်သို့ရအောင် ယူရပါမည်နည်းဟု ကြံစည်စိတ်ကူးနေလေ၏။ မကြာမီ သူသည် အကြံတစ်ခုရလေ၏။ မင်းသမီးမှာ ရွှေအလွန်ပေါသူ ဖြစ်၏။ သူ၏နန်းတွင်း၌ ရှိသမျှသော အသုံးအဆောင်တို့မှာ ရွှေဖြင့်ပြုလုပ်ထားသည်ချည်း ဖြစ်လေသည်။ ထို့ပြင် မင်းသမီးသည် ရွှေဖြင့်ပြုလုပ်ထားသော လှပသည့် အရာဝတ္ထုမှန်သမျှ အလွန်နှစ်သက်စွာ ဝယ်ယူလေ့ရှိသည်။ ထို့ကြောင့် ဘုရင်ကလေးသည် ရွှေဖြင့် လှပဆန်းကြယ်သည့် ပစ္စည်းအမျိုးမျိုးကို ပြုလုပ်ကာ မင်းသမီးထံ သွားရောက်ရောင်းချရလျှင် ကောင်းမည်ဟု ဆင်ခြင်မိလေသည်။

ဘုရင်ကလေးသည် မောင်ညို၏ အကြံကို နှစ်သက်၏။ ထို့ကြောင့် ဘဏ္ဍာတိုက်မှ ရွှေများထုတ်၍ လှပဆန်းကြယ်သော ပစ္စည်းအမျိုးမျိုးကို ပြုလုပ်စေ၏။ ထို့နောက် ပစ္စည်းများကို သင်္ဘောတစ်စင်းတွင်တင်ကာ မင်းသမီးရှိရာ တိုင်းပြည်သို့ လွှင့်ခဲ့ကြလေ၏။ ဘုရင်ကလေးနှင့် မောင်ညိုတို့သည်လည်း ကုန်သည်များအသွင် ရုပ်ဖျက်လျက် လိုက်ပါသွားကြလေသည်။

မင်းသမီးနေထိုင်ရာ တိုင်းပြည်သို့ ရောက်သော် သင်္ဘောဆိုက်ကပ်လေ၏။ မောင်ညိုသည်ဘုရင်ကလေးအားသင်္ဘောပေါ်တွင်နေရစ်စေ၍ သူတစ်ယောက်တည်း ပစ္စည်းအချို့ကိုယူကာ နန်းတော်သို့ သွားလေ၏။

နန်းတော်ဥယျာဉ်တွင်းသို့ မောင်ညိုဝင်မိသောအခါ လှပသော မိန်းမပျိုတစ်ယောက် ရွှေရေပုံးနှစ်ပုံးဖြင့် ရေခပ်နေသည်ကို တွေ့ရလေ၏။ မောင်ညိုသည် မိန်းမပျိုအနီးသို့ ချဉ်းကပ်၍ ယူဆောင်လာသောပစ္စည်းများကို ပြသလေ၏။ ထိုမိန်းမပျိုမှာ ရွှေမင်းသမီးလေး၏ အပျိုတော်တစ်ယောက်ပင်ဖြစ်လေသည်။ သူက ထိုပစ္စည်းများကို သူ၏သခင်မအား ပြလိုပါသည်ဟု ဆိုလေသည်။ ထို့ကြောင့် မောင်ညိုသည် နန်းတော်တွင်းသို့ လိုက်သွားလေ၏။

မင်းသမီးထံရောက်သော် မောင်ညိုသည် သူ၏ပစ္စည်းများကို ပြသလေ၏။ မင်းသမီးက အလွန်နှစ်သက်သဖြင့် ဝယ်ယူမည်ဆို၏။ ထိုအခါ မောင်ညိုက..

"ကျွန်တော်မျိုးမှာ ဤပစ္စည်းများကို ပိုင်သောကုန်သည်ကြီး၏ တပည့်မျှသာ ဖြစ်ပါသည်။ ဤပစ္စည်းများမှာ သင်္ဘောပေါ်တွင် ကျန်ရှိနေသေးသော ပစ္စည်းများနှင့် နှိုင်းစာလျှင် ပြောပလောက်သည် မဟုတ်ပါ။ အရှင်မသည် ထို့ထက်ပိုမို၍ ဆန်းကြယ်သော ပစ္စည်းများကို အလိုရှိပါက သင်္ဘောပေါ်သို့ ကြွရောက်ကြည့်ရှုတော်မူစေလိုပါသည်။ ကျွန်တော်မျိုးသည် ပစ္စည်းများအားလုံးကို အရှင်မထံ ယူလာပြသလိုပါသော်လည်း များပြားလွန်းသဖြင့် သယ်ယူရန် မစွမ်းဆောင်နိုင်ပါ"ဟူ၍ ပြောဆို၏။

ထိုစကားကိုကြားလျှင် မင်းသမီးသည် မောင်ညိုနှင့်အတူ သင်္ဘောပေါ်သို့ လိုက်ရန် သဘောတူလေ၏။ သင်္ဘောပေါ်သို့ရောက်သော် မောင်ညိုသည် ဘုရင်ကလေးအား မင်းသမီးကို ပစ္စည်းများ လိုက်လံပြသစေ၏။ သူကိုယ်တိုင်ကား သင်္ဘောသားများအနီးသို့သွား၍ နေ၏။ မင်းသားသည် အထူးထူးအပြားပြားသော ဆန်းကြယ်သည့်ပစ္စည်းများကို မင်းသမီးအား ပြသလေ၏။ မင်းသမီးသည်လည်း တပ်မက်မောခြင်းကြီးစွာဖြင့်ကြည့်ရှုရာ ကြည့်၍ အားမရနိုင်အောင် ဖြစ်လေ၏။ ထိုအခိုက်တွင် မောင်ညိုသည် သင်္ဘောသားများအား အမိန့်ပေးလိုက်လေ၏။

မင်းသမီးသည် ရွှေထည်များကို စိတ်ဝင်စားနေသဖြင့် သင်္ဘောထွက်သည်ကို မသိပေ။ နောက်ဆုံးကြည့်ရှု၍ အားရသဖြင့် ပြန်ရန်ကုန်းပတ်ပေါ်သို့ တက်လိုက်သည့်အခါမှ သူ့တိုင်းပြည်နှင့် အတော်ပင် ဝေးခဲ့ပြီဖြစ်ကြောင်း သိရလေတော့၏။ ထိုအခါ သူသည် ကုန်သည်တို့၏ လှည့်ဖြားခိုးယူခြင်းကို ခံရလေပြီဟု ထိတ်လန့်စွာ ငိုကြွေးလေ၏။ ထိုအခါ မင်းသားသည် အနီးသို့ချဉ်းကပ်၍ သူသည် ကုန်သည်မဟုတ်ကြောင်း၊ မင်းသမီးကဲ့သို့ပင် ထီးသွေးနန်းသွေးပါသည့် ဘုရင်တစ်ပါးဖြစ်ကြောင်း ပြောပြလေ၏။ ထို့ပြင် မင်းသမီး၏ပုံတူပန်းချီကားကို မြင်သည့်နေ့မှစ၍ ချစ်ခင်စွဲလမ်းလွန်းလှသဖြင့် ဤသို့ ကြံရခြင်းဖြစ်ကြောင်းကိုလည်း ပြောပြလေ၏။ စာမျက်နှာ ၂၁ သို့ ○

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

(ယခင်အပတ်မှအဆက်)





○ စာမျက်နှာ ၂၀ မှ

မင်းသမီးသည် ထိုစကားတို့ကိုကြားသောအခါ အတန်ပင် သက်သာရာရလေ၏။ ထို့ကြောင့်ဘုရင်၏ တောင်းပန်ချက်ကို လိုက်လျောကာ မိဖုရားအဖြစ် သိမ်းပိုက်ခြင်းကို လက်ခံလိုက်လေ၏။

ထိုအချိန်၌ မောင်ညိုသည် သဘော်ဦးတွင် ထိုင်လျက် ပလွေကိုမှုတ်လျက်ရှိလေသည်။ ထိုခဏ၌ သူ့ထံသို့ ရေးရှုပုံသန်းလာသော တောကျီးသုံးကောင်ကို မြင်ရလေ၏။ မောင်ညိုသည် တိရစ္ဆာန်တို့၏ ဘာသာစကားကို ကောင်းစွာတတ်ကျွမ်းနားလည်သူ ဖြစ်သည်။ ထို့ကြောင့် ပလွေမှုတ်ရပ်၍ ကျီးတို့ အချင်းချင်းစကားပြောသည်ကို နားစွင့်ထောင်လေ၏။

ပထမတောကျီးက အဖော်များအား

"အဆွေတို့၊ ဘုရင်သည် ယခုကဲ့သို့မင်းသမီးကို ခိုးပြေးသော်လည်း အချည်းနှီးသာ ဖြစ်သည်။ သူသည် သူ၏နိုင်ငံသို့ရောက်၍ ကုန်းပေါ်သို့တက်မိလျှင်ပင် အလွန်လှပသောမြင်းနီကြီးတစ်ကောင်ကို တွေ့ရလိမ့်မည်။ ထိုအခါ မြင်းပေါ်သို့ တက်စီးရန် သူကြိုးစားလိမ့်မည်။ သို့စီးမိလျှင် မြင်းသည် လေထဲသို့ မြင့်စွာခုန်သဖြင့် သူသည်မြင်းပေါ်မှကျကာ သေလိမ့်မည်" ဟု ပြောဆို၏။ ဤတွင် ဒုတိယကျီးက...

"ဘုရင့်အဖို့ ထိုဘေးရန်မှ လွတ်မြောက်ရန် နည်းလမ်းမရှိပြီလော" ဟု မေးမြန်းသည်။

ထိုအခါ ပထမကျီးက...

"ရှိပေသည်အဆွေ၊ အကယ်၍တစ်စုံတစ်ယောက်သောသူသည် ထိုမြင်းပေါ်သို့ ဦးအောင်ခုန်တက်ကာ မြင်းကုန်းနှီးတွင် အသင့်ထိုးထားသော ဓားမြှောင်ဖြင့် မြင်းကိုထိုးသတ်လျှင် ဘုရင်သည် ဘာမျှမဖြစ်နိုင်ပေ။ သို့ရာတွင် ထိုသူသည် ထိုအကြောင်းကို ဘုရင့်အား မပြောရ၊ ပြောမိပါက ကျောက်ရုပ်အဖြစ်သို့ ပြောင်းသွားရပေလိမ့်မည်"ဟု ဆို၏။

(ဆက်လက်ဖော်ပြပါမည်)

ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင် ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

## ကဗျာ

### ကဆုန်ပွဲ

**လကဆုန် နွေအကူးဟာမို့**
**မြတ်တိဂုံ ခြေတော်ဦးကိုဖြင့်**
**ဖူးကြစို့ ခင်လေးပျို။**
**ရွှေဗီဦးငယ်နဲ့**
**ကွမ်းဖူးရယ် အဖြာဖြာပ**
**စကားဝါ သိင်္ဂါသွေးတို့မှာ**
**မွေးနံ့ကပို။**
**အောင်စေရာ အောင်စေကြောင်းရယ်နဲ့**
**ခေါင်ပရမေမှာ ညောင်ရေလောင်းခဲ့ကြ**
**တောင်းဆုနဲ့ တူနှစ်ကိုယ်**
**ရှင်ချိုလို့ ကြည်ပြုံး။**
**လကဆုန် ဘုရားရွှေတိဂုံ၌**
**တေးသံစုံ ကခုန်နွဲ့ပါပေ့ါ**
**လှျူညောင်ရေ ကဆုန်ပွဲဟာမို့**
**နိဗ္ဗူကို စိတ်တူခဲလို့ရယ်ကွယ်**
**(မေရယ်) သဲခြိမ့်ခြိမ့်အုံး။**

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

လူမှု ဘဝ

# လူငယ်များသိသင့်သော အကျင့်စာရိတ္တအခြေခံသည့် အပြုအမူများ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

လူငယ်များအနေဖြင့် အများယုံကြည်မှုကို တည်ဆောက်ရာတွင် အကျင့်စာရိတ္တကိုအခြေခံသော အပြုအမူများဖြင့် လက်တွေ့ပြသရန်လိုသည်။ တည့်တည့်မတ်မတ် ပြောဆိုခြင်းသည် လူငယ်များ အနေဖြင့် နားလည်မှုလွဲခြင်းမဖြစ်စေရန် ရှင်းရှင်းလင်းလင်း ဆက်ဆံပြောဆိုခြင်းပင်ဖြစ်သည်။ လူငယ်များသည် အခြားသူများနှင့် ဆက်ဆံပြောဆိုရာတွင် မိမိရည်ရွယ်ချက်ကို တည့်တည့်မတ်မတ်ပြောဆိုရန် လိုသည်။ ဟန်ဆောင်ထားသော အပြုအမူများကို ရှောင်ကြဉ်သင့်သည်။ ယင်းအပြုအမူများတွင် သတင်းအချက်အလက်များ ထိမ်ချန်ထားခြင်း၊ မြှောက်ပင့်ပြောဆိုခြင်း၊ လှည့်ပတ်ပြောဆိုခြင်း တို့ပါဝင်သည်။ မှားယွင်းသော ထင်မြင်ချက်များကို မပေးဘဲ ရိုးသားမှုရှိစွာ ပြောဆိုပါ။

လူငယ်များအနေဖြင့် လူကြီးများ၊ မိဘဆွေမျိုးများအပေါ် ရိုသေလေးစားမှုကို ပြုမူပြသရန်လိုသည်။ လူငယ်အချင်းချင်းလည်း အပြန်အလှန် ရိုသေရန် လိုအပ်သည်။ ရိုသေလေးစားမှု အပြုအမူသည် မှန်ကန်မျှတမှု၊ ကြင်နာမှု၊ ချစ်ခင်မှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ ရည်မွန်မှုဆိုင်ရာ အခြေခံသဘောတရားများ အပေါ် အခြေခံသည်။ ဟန်ဆောင်ခြင်းသည်လေးစားမှု အတုပြုလုပ်ခြင်းပင် ဖြစ်သည်။

လူငယ်များအနေဖြင့် ပွင့်လင်းမှုအပြုအမူကို ဖန်တီးရန်လိုအပ်သည်။ ပွင့်လင်းမှုသည် မိမိ၏ စစ်မှန်မှုကိုပြသခြင်းဖြစ်သည်။ အများသူငါ လက်ခံ ယုံကြည်နိုင်သော နည်းလမ်းတစ်ခုဖြင့် အမှန်တရားကို ပြောဆိုရမည်ဖြစ်သည်။ လူငယ်များသည် ပွင့်လင်းမှုနှင့် စစ်မှန်မှုရှိခြင်းဖြင့် ယုံကြည်မှုကို လျင်မြန်စွာ တည်ဆောက်ဖော်ဆောင်နိုင်သည်။ ထို့ပြင် ဖုံးကွယ်ခြင်းမရှိဘဲ ဖွင့်ဟပြောဆိုခြင်းဖြင့် ယုံကြည်မှုကိုတည်ဆောက်နိုင်သည်။

လူငယ်များသည် အချို့သောမှားယွင်းမှုများကို စိတ်ရင်းမှန်ဖြင့် ဆောင်ရွက်တတ်ကြသည်။ တောင်းပန်ခြင်းပြုလုပ်မည့်အစား မူလအခြေအနေ ပြန်လည်ရောက်ရှိစေခြင်းကို ပြုမူရမည်ဖြစ်သည်။ လူငယ်များသည် အတ္တကြောင့် မှားယွင်းမှုများကို မှန်ကန်မျှတအောင် ပြုမူဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းအပြုအမူ ရရှိအောင်မြင်ရန် ပုဂ္ဂိုလ်ရေးဆန်သော နှိမ့်ချသောစိတ်ထားကို ပြသလုပ်ဆောင်ရန်လိုသည်။

လူငယ်များသည် အခြားသူများနှင့် ဆက်ဆံရာတွင် ထိုသူတို့ကို တစ်ခါတစ်ရံ အသိအမှတ်ပြုချီးကျူးပေးရန်လိုသည်။ စစ်မှန်မှုနှင့်ထိုက်တန်သော အပြုအမူတစ်ခုကိုပြသရန် အသိအမှတ်ပြု ချီးကျူးပေးခြင်းအား လွတ်လွတ်လပ်လပ် ဆောင်ရွက်ရန် လိုသည်။ လူအများ၏နောက်ကွယ်တွင် မကောင်းကြောင်း အပုပ်ချခြင်း မပြုလုပ်သင့်ချေ။ အခြားသူများ၏ ပုဂ္ဂလိကအချက်အလက်များကို ဖွင့်ဟပြောဆိုခြင်း မပြုရန် လိုအပ်သည်။

တစ်ဖန် လူငယ်များတွင် လုပ်ရည်ကိုင်ရည်ကို အခြေခံသော အပြုအမူများကို တွေ့ရသည်။ လူငယ်များသည် ရလဒ်ကိုသယ်ဆောင်နိုင်သည့် အပြုအမူများကို လုပ်ဆောင်နိုင်ကြသည်။ ယင်းသည် အရာရာကို စိတ်တိုင်းမကျဘဲ အပြစ်မြင်နေသူများကို ပြောင်းလဲရန် နည်းလမ်းတစ်ခုဖြစ်ပြီး ဆက်ဆံရေး အသစ်တစ်ခုတွင် ယုံကြည်မှုကို ဖော်ဆောင်ရန် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းအပြုအမူသည် ရလဒ်များကိုတိုင်းတာရန် မကြာခဏဆိုသလို ခက်ခဲလှသည်။ ရလဒ်များကို အဓိပ္ပာယ်ဖွင့်ဆိုရန် အချိန်ယူရသည်။ မှတ်တမ်းများ ရယူခြင်းဖြင့် မှန်ကန်သောအရာများ ဖြစ်ပျက်လာအောင် ပြုမူကြသည်။ ရလဒ်များကို အချိန်မီပြုမူခြင်းဖြင့် လူငယ်များ၏ လုပ်ရည်ကိုင်ရည်ကို ပီပြင်လာစေပြီး ဆုံးရှုံးသွားသောယုံကြည်မှုကို လျင်မြန်စွာ ပြုပြင်ထိန်းသိမ်းရန် အရေးကြီးလှပေသည်။

လူငယ်များသည် ပိုမိုကောင်းမွန်သော အပြုအမူကို ဖော်ဆောင်နိုင်ကြသည်။ ယင်းသည်လည်း လုပ်ရည်ကိုင်ရည်ကို အခြေခံသော အပြုအမူပင်ဖြစ်သည်။ လူငယ်များအနေဖြင့် အသိပညာဗဟုသုတ လေ့လာဆည်းပူးခြင်း၊ တိုးတက်မှုရှိအောင်ပြုလုပ်ခြင်း၊ ဆန်းသစ်ဖန်တီးမှုပြုလုပ်ခြင်းဖြင့် မိမိတို့၏ ကိုယ်ရည်ကိုယ်သွေးကို စဉ်ဆက်မပြတ် တိုးတက်မှုရယူဖော်ဆောင်ရမည်ဖြစ်သည်။ လူငယ်များသည် လျင်မြန်စွာပြောင်းလဲနေသော ပတ်ဝန်းကျင်တွင် မိမိတို့၏ပညာရေးနှင့် ဘဝရည်မှန်းချက်များ အောင်မြင်မှုရရှိရန် စွမ်းရည်မြှင့်တင်ရန်လိုသည်။ မိမိကိုယ်ကို ယုံကြည်မှုရှိအောင် တည်ဆောက်ရမည်ဖြစ်သည်။ အမှားများမှလေ့လာသင်ယူရမည်ဖြစ်သည်။ မိမိဘဝရည်မှန်းချက်အောင်မြင်ရန် နည်းလမ်းများကိုလေ့လာရင်း ပိုမိုကောင်းမွန်အောင် ကြိုးစားရန်လိုသည်။

လူငယ်များအနေဖြင့် ခက်ခဲကြမ်းတမ်းသော ထိပ်တိုက်ရင်ဆိုင်ရသည့် ပြဿနာများကို ဖြေရှင်းနိုင်ရန် ကြိုးစားရမည်။ ပွင့်လင်းသော အပြန်အလှန် ဆက်သွယ်မှုဖြင့် ပြဿနာများဖြေရှင်းရာတွင် အခြားသူများ၏ ဖန်တီးနိုင်စွမ်း၊ စွမ်းဆောင်ရည်နှင့် စုပေါင်းဆောင်ရွက်မှု၏ အကျိုးရလဒ်ကို ချိတ်ဆက်ဆောင်ရွက်ရန်လိုသည်။

လူငယ်များအနေဖြင့် မိမိတို့မျှော်လင့်ထားမှုများကို အလွယ်တကူနားလည်အောင်ရှင်းပြနိုင်သော စွမ်းရည်နှင့် အပြုအမူရှိရန်လည်း လိုအပ်သည်။ အနာဂတ်အမြင်ကို ဖန်တီးဆောင်ရွက်ရာတွင် ရှင်းလင်းစွာပြောဆိုနိုင်ရမည်ဖြစ်သည်။ ထို့ပြင် လူငယ်များသည် အနာဂတ်၏ခေါင်းဆောင်များ ဖြစ်ရာ တာဝန်ခံမှုကို လေ့ကျင့်ထားရန်လိုသည်။ တာဝန်ယူမှုမရှောင်ရှားဘဲ တာဝန်ခံမှုဖြင့် စွမ်းဆောင်ရည်ကိုမြှင့်တင်ရန်လိုအပ်သည်။

လူငယ်များတွင် အကျင့်စာရိတ္တနှင့် လုပ်ရည်ကိုင်ရည်အပြုအမူများလည်း လိုအပ်သည်။ အခြားသူများ၊ လူကြီးမိဘ ဆရာသမားများ၏ အတွေးအခေါ်များနှင့် ခံစားချက်များကို စစ်စစ်မှန်မှန် နားလည်ရန် လိုသည်။ ကောင်းစွာနားထောင်မှုပြုခြင်းသည် အခြားသူများ၏ ရင်ဖွင့်ချက်များကို သိရှိနိုင်သလို လေ့လာရာလည်းရောက်သည်။ လူငယ်များသည် ဆက်ဆံပေါင်းသင်းမှုပြုရာတွင် ကတိကဝတ်တို့ဖြင့် ဆောင်ရွက်မှုကို ထိန်းသိမ်းသော အပြုအမူလည်း ရှိရမည်။ ဤသို့ဖြင့် အခြားသူများနှင့် ယုံကြည်မှု တည်ဆောက်နိုင်မည်ဖြစ်ပြီး မိမိ၏ဂုဏ်သိက္ခာကို ပြသရာရောက်သည်။

**Ref:** **The Speed of Trust by Stephen M.R Lovey**



**ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။**




**၆-၅-၂၀၂၂ ရက်နေ့မှအဆက်**

တင်တင်ရီသည် အံ့သြတုန်လှုပ်ခြင်းနှင့်အတူ နာကြည်း၍လည်း လာမိသည်။

"သူ့မှာ ရုပ်ရည်၊ ပညာနဲ့ ရာထူးက အစ အစစ ပြည့်စုံနေတာပဲ မဟုတ်လား"

"တော်ပါတော့ မေမေ။ တော်ပါတော့။ ကျွန်တော် ဆက်ပြီး မကြားပါရစေနဲ့တော့"

တင်တင်ရီသည် နားကိုတင်တင်း ပိတ်ရင်း အော်လိုက်မိသည်။

သည်တွင် မအေးမြ၏မျက်နှာမှာ တစ်မျိုးတစ်မည် ဖြစ်လာသည်။ တင်တင်ရီ၏ မျက်နှာကို အကဲခတ်သလို ကြည့်သည်။ တင်တင်ရီသည် ခင်မောင်စိုးအား တကယ်တမ်း မနှစ်သက်၍ ငြင်းပယ်လေသလား၊ သူနှင့် ခင်မောင်စိုးတို့အကြောင်းကို ရိပ်စားမိ၍လား စသည်ဖြင့် စူးစမ်းလာခြင်းဖြစ်သည်။

သည်နောက်ပိုင်းတွင် မအေးမြနှင့် ဆက်ဆံရသည်မှာ ပို၍ခက်ခဲလာသည်။ ထာဝစဉ်ဆိုသလို သံသယမကင်းသော မျက်နှာမျိုးဖြင့် အကဲခတ်ခြင်း ခံနေရသည်။ ခင်မောင်စိုးက တစ်မှောင့်။

သူ့ဘက်ကသူတော့ သေချာနေဟန်ရှိသည်။ ပိုင်စိုးပိုင်နင်း ဆက်ဆံလာသည်။

စင်စစ် ခင်မောင်စိုးနှင့် မိမိလက်ထပ်စေလိုခြင်းမှာ မအေးမြ၏ အကြံအစည်ဖြစ်ကြောင်း တင်တင်ရီရိပ်စားမိလာသည်။ မိမိနှင့်ခင်မောင်စိုးတို့ လက်ထပ်လိုက်ခြင်းအားဖြင့် ခင်မောင်စိုးသည် အိမ်သို့ ရောက်လာမည်။ သူတို့ချင်း ပိုမို နီးကပ်လာပြီး ပတ်ဝန်းကျင်၏ သံသယမကင်း ရှိမှုကို ရှောင်လွှဲနိုင်မည်ဟု တွက်ချက်မိပုံရသည်။ ခင်မောင်စိုးကို အရုပ်တစ်ခုလို သဘောထားနိုင်သည်။ တင်တင်ရီကိုလည်း စည်းရုံးနိုင်လိမ့်မည်ဟု အထင်ရောက်ခဲ့ပုံရသည်။

သို့ရာတွင် တင်တင်ရီနှင့်ပတ်သက်၍ သူထင်သလောက် မလွယ်ကူကြောင်း မအေးမြတွေ့ရလေသည်။

ခင်မောင်စိုးသည် တင်တင်ရီအား အကျပ်ကိုင်နိုင်ရန် အစီအစဉ်ပြုခဲ့ပြန်သည်။

ထိုနေ့က အိမ်တွင် ဖေဖေမရှိ။ မအေးမြ မရှိ။ ကလေးများသည်လည်း မအေးမြနှင့်အတူပါသွားသည်။ အိမ်တွင် တင်တင်ရီတစ်ယောက်သာရှိသည်။

အစက အိမ်သို့ ခင်မောင်စိုး ရောက်လာသည်မှာ လမ်းကြုံ၍ ဝင်လာသည်ဟု ထင်သည်။ တမင်တကာ အကွက်ဆင်ခဲ့ခြင်းဖြစ်ကြောင်း တင်တင်ရီ မသိ။ သူမီးဖိုခန်းမှာရှိသည်။ ထမင်းအိုးငှဲ့နေသည်။

ခင်မောင်စိုးသည် သူ့နောက်သို့ တိတ်တဆိတ် ရောက်လာသည်။ ခြေသံ မကြားရအောင် ချဉ်းကပ်လာသည်။ နောက်မှ သိမ်းကျုံးပွေ့ဖက်ခြင်းခံရမှပင် သူရောက်လာကြောင်း တင်တင်ရီသိသည်။ တင်တင်ရီမှာ ထမင်းအိုးတစ်ဖက်နှင့်မို့ ရုန်းကန်ရန် ခက်နေသည်။

"ခင်ဗျား ဘယ်လိုလုပ်တာလဲ ကိုခင်မောင်စိုး"

ပါးစပ်က မကျေမချမ်းဆိုမိသည်။

"မင်းကို ချစ်လို့ပေါ့တင်တင်၊ မင်းကို ချစ်လို့ပေါ့"

"လွှတ်စမ်းပါ ကိုခင်မောင်စိုး၊ ကျွန်တော့်ကိုလွှတ်"

"ကိုယ့်ကိုချစ်တယ်လို့ မပြောမချင်း မလွှတ်ဘူး"

ခင်မောင်စိုးက အကျပ်ကိုင်သည်။ သူသည် တင်တင်ရီ၏ကိုယ်ကို ပွတ်သပ်ကိုင်တွယ်ရန် ကြိုးစားသည်။ ပါးကို နမ်းနိုင်ရန် အားထုတ်သည်။

တင်တင်ရီသည် အရှန်းရခက်ရုံမက အတွေးရလည်း ကျပ်လာသည်။ ရင်ထဲမှာ မူ ဒေါသဂယက်ထန်နေသည်။ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်မတတ်ရှိသည်။

"နေဦး ကိုခင်မောင်စိုး၊ ကျွန်တော် ပြောဦးမယ်"

"ဘာပြောမှာလဲဟင်"

"ကျွန်တော့်မှာ ခင်ဗျားကို ပြောစရာတွေ တစ်ပုံကြီးပဲ၊ လွှတ်ရင်ပြောပြမယ်"

တင်တင်ရီ၏ အသံမှာ ပျော့ပျောင်းသည်။ ပြောပုံက ချိုသာသည်။ ခင်မောင်စိုးသည် တင်တင်ရီ သူ့ဘက်သို့ ပါလာပြီဟု ထင်ပုံရသည်။ လက်ကိုလျှော့လိုက်သည်။ ကိုယ်ကို လွှတ်ပေးလိုက်သည်။ တစ်ပြိုင်နက်တည်းမှာပင် တင်တင်ရီသည် ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်လေသည်။

ခင်မောင်စိုး အထိတ်တလန့် ဖြစ်သွားသည်။

တင်တင်ရီသည် ခင်မောင်စိုးနှင့် မျက်နှာချင်းဆိုင်ရပ်လိုက်သည်။ သူ၏မျက်နှာမှာ ဒေါသဖြင့် နီမြန်းနေသည်။ ကိုယ်မှာ နတ်ကျသလို တုန်နေသည်။

"ဟုတ်တယ် ကိုခင်မောင်စိုး။ ခင်ဗျားကို ပြောစရာတွေ ကျွန်တော့်မှာ အများကြီးရှိတယ်။ ခင်ဗျားမို့ ကျွန်တော်နဲ့ လက်ထပ်ဖို့တောင်းဆိုတတ်ပလေဗျာ။ ခင်ဗျားမို့ ဒီစိတ်ကူးမျိုးရတတ်ပလေ။ ဒီမယ် ကိုခင်မောင်စိုး၊ လောကမှာ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိဘူးတဲ့။ ဒီစကားကလေးလောက်ကိုတော့ ခင်ဗျားသတိထားမိခဲ့ဖို့ ကောင်းပါတယ်"

ခင်မောင်စိုး၏ မျက်နှာမှာ သွေးဆုတ်သလို ဖြူရော်သွားသည်။ တင်တင်ရီကို ထိတ်လန့်တကြားကြည့်လိုက်သည်။

"ကျွန်တော်ဒီလောက်ပဲ ပြောမယ် ကိုခင်မောင်စိုး။ ဒါဆိုရင်လည်း ခင်ဗျားကိုယ်ခင်ဗျား ဘာဆိုတာ နားလည်နိုင်လိမ့်မယ်ထင်တယ်။ ဒီတော့ နောက်ထပ်ကျွန်တော့်ကို မစော်ကားဖို့ရယ်၊ လက်ထပ်မယ့်စကားကို မေ့ပစ်လိုက်ဖို့ရယ် ခင်ဗျားမှာ တာဝန်ရှိနေပြီ။ ဒီကြားထဲက ထပ်ကဲလာမယ်ဆိုရင်တော့ ခင်ဗျာ့ဒုက္ခကို ခင်ဗျားဘာသာ ရှာသလိုဖြစ်လာမှာပဲ ကိုခင်မောင်စိုး"

ခင်မောင်စိုး ဘာမျှမပြောတတ်တော့နိုင်။ ခေါင်းငိုက်စိုက်ကျသွားသည်။ တင်တင်ရီအပါးမှ ခွာသည်။ သည့်နောက် အိမ်တွင် သူ့မျက်နှာကို မကြာခဏမတွေ့ရတော့။ မလွဲမကင်းသာ၍ အိမ်သို့ရောက်လေပြီဆိုလျှင်လည်း ကြာရှည်မနေတတ်။

ခင်မောင်စိုးဘက်က စိတ်အေးရပြီဆို သော်လည်း မအေးမြဘက်က မီးမငြိမ်းသေး။ ခင်မောင်စိုးက တင်တင်ရီနှင့် သူ့အဖြစ်ကို ပြန်ပြောခဲ့ဟန်တူသည်။ သူတို့အကြောင်းကို တင်တင်ရီ သိသွားခဲ့ပြီဟု နားလည်ဟန်ဖြင့် မအေးမြ အနေကျုံ့သည်။ သို့တိုင်အောင် ဆူဆူပူပူလုပ်ခြင်း၊ စောင်းမြောင်းဆဲရေးခြင်းတို့ကို အခါတိုင်းကထက် ပြုမူသည်။ ယခုအခါ မအေးမြသည် အခါတိုင်းကထက်ပင် မိမိအားအိမ်မှာ ရှိမနေစေချင်ကြောင်း တင်တင်ရီ သိလာခဲ့ရသည်။

ဖေဖေ့ကို အားကိုးအားထားပြု၍လည်း မဖြစ်။ ဖေဖေသည် သည်ရက်ပိုင်းအတွင်း ပို၍အရက်သောက်သည်။ ပို၍မူးသည်။ အိပ်ရာထစမှသည် အိပ်ရာဝင်သည်အထိ ဖေဖေမူးနေတတ်မြဲ။ ပေါင်နှံစရာ လက်ဝတ်လက်စားမရှိတော့။ အိမ်ဂရန်ပေါင်ဖို့အထိ စဉ်းစားလာရပေပြီ။

ခင်မောင်စိုးထံမှ ငွေယူရသည်။ သုံးစွဲဖို့အပြင် ဖေဖေ့အရက်ဖိုးပါ သူပေးနေသည်။ သို့ဖြင့် ဖေဖေကိုယ်တိုင် ခင်မောင်စိုး၏ လူဖြစ်လာသည်။ ခင်မောင်စိုးကို အားကိုးတကြီး ဖြစ်နေသည်။ လူတော်လူကောင်း တစ်ယောက်အနေနှင့် ထင်မှတ်လာသည်။ ဤသည်မှာလည်း အရက်ဖိုးမှန်မှန်ရခြင်း အကြောင်းတစ်ခုတည်းနှင့် ဖြစ်သည်။ ဖေဖေသည် အစသော် အရက်၏ ကျေးကျွန်ဖြစ်သည်။ ထိုမှ ဆက်နွယ်လျက် ခင်မောင်စိုး၏ ကျေးကျွန်ဖြစ်လာရသည်။

ခင်မောင်စိုးမှာလည်း ငွေကို အလဟဿ ပေးကမ်းခဲ့သည်တော့ မဟုတ်။ သူ့မှာလည်း သူ့အကြံနှင့်သူပင်။ တစ်အိမ်လုံး လက်ဝါးကြီးအုပ်နိုင်ရန် ကြိုးစားခြင်းပင်။ ထိုမှသည် တင်တင်ရီအား အပိုင်စီးရန်အထိ ကြိုးစားမည်မှာ သေချာနေသည်။

များမကြာမီမှာပင် သူ၏နန်းဇာတိရုပ် ပေါ်လာသည်။ ဖေဖေမှတစ်ဆင့် လက်ထပ်ခွင့်ကို တောင်းဆိုလာသည်။ အကယ်၍ သမီးဖြစ်သူက လက်ခံမည်ဆိုလျှင် လက်ထပ်ခွင့်ကို သူ့အနေနှင့် ငြင်းပယ်စရာ မရှိဆိုသော စကားကို ကြားရသည့်အခါ ဖေဖေသည် အရက်အတွက်နှင့် ခင်မောင်စိုးအပေါ် သည်အထိ လိုက်လိုက်လျောလျော ရှိနေပါပကောဟု စဉ်းစားမိသည်။

သို့ဖြင့် သည်အိမ်မှာ ဆက်လက်နေထိုင်ရန် မည်သို့မျှ မဖြစ်နိုင်တော့ကြောင်း တွေးမိလာသည်။ သည်မြေကို စွန့်ခွာမှ ဖြစ်တော့မည်ဟု တွက်မိ သည်။ ဆုံးဖြတ်ချက်နှင့် အဓိဋ္ဌာန်တို့သည်လည်း ပိုမိုခိုင်မာလာရလေသည်။

သည်မြေ၊ သည်ဒေသကို တကယ်တမ်း စွန့်ခွာမည်ဆိုပြန်တော့လည်း ထင်သလောက် လွယ်ကူခြင်း မရှိသည့်အဖြစ်ကို တွေ့ရသည်။ စင်စစ် တင်တင်ရီအဖို့ ကမ္ဘာလောကသည် အများတကာတွေထက် ပိုမိုကျယ်ဝန်းသည်။ လျှို့ဝှက်နက်နဲခြင်းတို့ဖြင့် ပြည့်နှက်နေသည်။ တင်တင်ရီသည် မန္တလေးမြို့နယ်နိမိတ်ကို ကျော်ခဲ့ဖူးသည်မဟုတ်၊ မန္တလေးမြို့အတွင်းမှာပင် ပတ်ပတ်နပ်နပ်နှံ့နှံ့စပ်စပ် သွားလာဖူးသည်မဟုတ်။ ကွဲခြေရာကွက်ကို ကမ္ဘာတစ်ခုဟု ထင်နေရသည့် ဘဝမျိုး။

ထို့ကြောင့်လည်း တကယ်တမ်းပြင်ပကမ္ဘာသို့ ထွက်ခွာရမည်ဆိုသောအခါ၊ ပြင်ပလောကအတွင်း တိုးဝင်ရတော့မည်ဆိုသောအခါ တင်တင်ရီ ကြောက်လန့်နေသည်။ နောက်တွန့်နေသည်။ ဆုတ်ဆိုင်းနေသည်။

မစွန့်ဖူးသူအတွက် စွန့်စားရမည့် အလုပ်လောက် ခက်ခဲသည့်အလုပ်မရှိ ဆိုသည်သို့ ဖြစ်သည်။ တင်တင်ရီသည် အိမ်မှာပင် ဆက်လက်သောင်တင်နေသည်။

ပူပြင်းခြောက်သွေ့သော နွေဥတုမှသည် အေးမြစွတ်စိုသော မိုးဥတုသို့ ကူးပြောင်းစပြုလာသည်။ ကျောင်းတို့ ပြန်လည်ဖွင့်လှစ်ရန် နီးကပ်လာချေပြီ။

ဥသြငှက်ငယ်သည် သည်မြေကို စွန့်ခွာသွားလေပြီ။ သူ၏လွမ်းမက်ဖွယ် တေးသံကို မကြားရတော့ပြီ။ မည်သည့်နေရာကလာခဲ့သည်မသိရ။ ယခုလည်း မည်သည့် နေရာသို့ သွားမည်မပြောတတ်။ တေလေဆန်သော သူ့ဘဝမှာ တစ်မျိုးတော့ လွတ်လပ်သည်ဟု ထင်မှတ်ဖွယ်ရှိသည်။

ဥသြငှက်ငယ်ကဲ့သို့ လွတ်လပ်မှုမျိုးရှိလေလျှင် အဘယ်မျှကောင်းလေမည်နည်း။ တောအထပ်ထပ်ကို ဖြတ်ကာ၊ တောင်ယံအသွယ်သွယ်ကို ကျော်ကာ သည်မြေနှင့် ဝေးရာသို့ ပျံသန်းသွားလိုက်ချင်သည်။

ကျောင်းတို့ပြန်ဖွင့်လေပြီ။ ရက်အတန်ကြာမျှ အသံတိတ်ဆိတ်ခဲ့လေသော ကျောင်းစာသင်ခန်းတို့တွင် ကျောင်းသား ကျောင်းသူတို့၏ အသံဖြင့် ညံစီစပြုပေပြီ။

တင်တင်ရီတို့မှာမူ အောင်စာရင်းအတွက်ကို ထိုင်စောင့်နေကြရသည်။ မအေးမြပြောသော စကားမှာ မှန်ကန်သည်။ မိမိအတွက် စာမေးပွဲ အောင်လျှင်လည်း တက္ကသိုလ်ပညာကို မျှော်လင့်၍ မဖြစ်။ မအောင်လျှင်လည်း ကျောင်းပြန်တက်ရန် အခွင့်အရေး မရနိုင်တော့ခြင်းကို နားလည်လာသည်။ သူမကျောင်းဆက်နေရေး၊ ကျောင်းပြန်တက်ရေးတို့ကို မည်သူ့မျှ စကားစပ်မပြောဘဲ နေကြသည်။

သည်အိမ်မှာမိမိသည် လူပိုတစ်ယောက်လိုဖြစ်နေကြောင်း တင်တင်ရီမြင်ရသည်။ စင်စစ်တွင်လည်း တစ်အိမ်သားလုံးနှင့် သူတို့သွေးသားမတော်စပ်၊ သည်အိမ်တွင် ရှိသောသူမှန်သမျှ သူနှင့် သူစိမ်းပြင်ပြင်ချည်းပါကလား။

တင်တင်ရီသည် အများတကာတို့အကြားမှာပင် မိမိကိုယ်ကိုယ် အထီးကျန်ဆန်နေရသည်ဟု မှတ်ထင်မိသည်။

စာမေးပွဲအောင်စာရင်းများ အမြန်ဆုံး ထွက်စေချင်သည်။ စာမေးပွဲအောင်လျှင် မိမိတစ်ဝမ်းတစ်ခါး အတွက်တော့ စိတ်ချရမည်ထင်သည်။ စာမေးပွဲ ကျရှုံးရမည့်အဖြစ်ကိုမူ မတွေးရဲ။

မျှော်လင့်မိကာမှ အောင်စာရင်းက ထွက်ခဲလှသည်။

ယင်းကာလမှာပင် သည်အိမ်မှထွက်ခွာရဖို့ အကြောင်းသည် အလိုလိုပေါ်ပေါက်လာခဲ့လေသည်။

x x x x x

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**"ပူပြင်းခြောက်သွေ့သော နွေဥတုမှသည် အေးမြစွတ်စိုသော မိုးဥတုသို့ ကူးပြောင်းစပြုလာသည်။ ကျောင်းတို့ပြန်လည်ဖွင့်လှစ်ရန် နီးကပ်လာချေပြီ။ ဥသြငှက်ငယ်သည် သည်မြေကို စွန့်ခွာသွားလေပြီ။ သူ၏လွမ်းမက်ဖွယ်တေးသံကို မကြားရတော့ပြီ။ မည်သည့်နေရာက လာခဲ့သည်မသိရ။ ယခုလည်း မည်သည့်နေရာသို့ သွားမည်မပြောတတ်။ တေလေဆန်သော သူ့ဘဝမှာ တစ်မျိုးတော့ လွတ်လပ်သည်ဟု ထင်မှတ်ဖွယ်ရှိသည်။ ဥသြငှက်ငယ်ကဲ့သို့ လွတ်လပ်မှုမျိုးရှိလေလျှင်..."**

# အိမ်မဲမြို့နယ် ငါးဖျင်းသလက်ကျေးရွာ၌ RC နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ



**အိမ်မဲ မေ ၈**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ငါးဖျင်းသလက်ကျေးရွာတွင် The Nippon Foundation က ဆောက်လုပ်လှူဒါန်းသော RC နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို မေ ၇ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြောင်းမြခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးမောင်မောင်ငြိမ်း၊ ခရိုင်ပညာရေးမှူး ဆရာကြီးဦးစသိန်းကျော်၊ The Nippon Foundation(Artic)မန်နေးဂျင်းဒါရိုက်တာ ဦးစေတနာတို့က အဆိုပါကျောင်းဆောင်သစ်ကြီးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကျင်းပရာ မြောင်းမြခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီးမောင်မောင်ငြိမ်း၊ ခရိုင်ပညာရေးမှူး ဆရာကြီးဦးစသိန်းကျော်၊The Nippon Foundation(Artic) မန်နေးဂျင်းဒါရိုက်တာ ဦးစေတနာတို့က အဖွင့်အမှာစကားနှင့် ပညာရေးဆိုင်ရာကိစ္စများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ပညာရေးဌာနသို့ တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ချစ်သက်လယ်(အိမ်မဲ)



# ကျောက်ကြီးမြို့နယ်၌ ရှေးဦးပြုစုခြင်းသင်တန်းဆင်းပွဲ ကျင်းပ

**ကျောက်ကြီး မေ ၈**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကြက်ခြေနီတပ်ဖွဲ့တို့ ပူးပေါင်း၍ ကမ္ဘာ့ကြက်ခြေနီနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်း (၃/၂၀၂၂) သင်တန်းဆင်းပွဲကို ပြန်/ဆက်ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် ဆုရရှိသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများချီးမြှင့်ပေးပြီး ကျောက်ကြီးမြို့နယ် ကြက်ခြေနီအသင်းခွဲနာယက မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်းသား ၃၅ ဦးအား သင်တန်းဆင်းလက်မှတ် ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




# အမေများနေ့အထိမ်းအမှတ် ဘိုးဘွားရိပ်သာများအား စားသောက်ကုန်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် မေ ၈**

ယနေ့တွင် ကျရောက်သည့် အမေများနေ့ အထိမ်းအမှတ်အနေဖြင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာနှင့် သဘာဝတရားရိပ်သာ၊ ကန်တော်လေးသီလရှင်များဘိုးဘွားရိပ်သာမှ အဘိုးအဘွားများအတွက် Grand Wynn Group of Companies မှ ဖြန့်ဖြူးရောင်းချလျက်ရှိသော Mother’s Choice Soft Margarine, Arla Milk နှင့် Arla Cheessy Spread အစရှိသည့် စားသောက်ကုန်ပစ္စည်းများ ကျပ်သိန်း ၂၀ ဖိုးကို သွားရောက်လှူဒါန်းသည်။

ထို့အပြင် နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အမေ ၁၀ ဦးအား လိုအပ်သည့် စားနပ်ရိက္ခာများဝယ်ယူနိုင်ရန်အတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ စီ ပေးအပ်လှူဒါန်းခဲ့ပြီး Grand Food Mart သို့ သွားရောက် ဈေးဝယ်ယူနိုင်စေရန်အတွက် မော်တော်ယာဉ်များဖြင့် အကြိုအပို့စီစဉ်ပေးခြင်းများ ပြုလုပ်ပေးသည်။

ကြေးမုံ

# ရေးမြို့နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီး



**နေပြည်တော် မေ ၈**

နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ နယ်စပ်ဒေသကျေးရွာများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လတာကာလတွင် ဖလံချောင်း၀ - ညီဆား လမ်းပိုင်း ၁၄ မိုင် ၄ ဖာလုံအနက် သုံးမိုင်အပြီးသတ်ကျောက်ခင်းခြင်း၊ အဆိုပါလမ်းပိုင်း နှစ်မိုင်ကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် လမ်းတစ်လျှောက် လိုအပ်သော ပေ ၆၀ ကွန်ကရစ်တံတား နှစ်စင်း၊ ပေ ၃၀ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၇၈၆ ဒသမ ၈၂၅ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ ရာနှုန်းပြည့်ပြီးစီး၍ ဒေသခံပြည်သူများ ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဇေယျဇော်

# ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေး

**မောင်တော မေ ၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးစီးသော ပြည်သူများအား ထပ်ဆောင်းထိုးနှံပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက သတ်မှတ်စုရပ်နေရာများတွင် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးကြပ်ပြီး မြို့နယ်ကုသရေးဦးစီးမှူး ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ စာရင်းများမှတ်ယူခြင်း၊ လာရောက်ထိုးနှံသည့်သူများအား ကိုယ်အပူချိန် တိုင်းတာခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ သွေးတွင်းအောက်စီဂျင်ပမာဏ တိုင်းတာခြင်း၊ ကျန်းမာရေး စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးကာ ပုံမှန်အခြေအနေရှိမှသာ စနစ်တကျကာကွယ်ဆေးထိုးနှံပေးကြောင်း သိရသည်။

အဆိုပါ ထပ်ဆောင်း ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက နိုင်ငံ့ဝန်ထမ်း နှစ်ဦး ၊ ပြည်သူ ၇၄ ဦး စုစုပေါင်း ၇၆ ဦးအား ထိုးနှံပေးခဲ့ပြီး မေ ၇ ရက်ထိ ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီးသူ ၆၃၉၄ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

သက်လွင်စိုး (ပြန်/ဆက်)

# ကိုဗစ်-၁၉ ရောဂါ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ



**နေပြည်တော် မေ ၈**

အကောက်ခွန်ဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် နယ်စပ်(လွယ်ဂျယ်)တွင် ကုမ္ပဏီတစ်ခုမှ Vitamin B12 Tablet အခု ၉၉၀၀၊ Benzyli Penicillin Sodium For Injection အခု ၃၆၀၀၊ Vitamin C Tablet အခု ၃၅၁၆၀၊ Oxytetracyclin Tablet ၆၀၀၀ ကီလိုဂရမ်၊ Vatimin B 12 Tablet ၂၉၁၉၀ ကီလိုဂရမ် တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လျှပ်စစ်ယာဉ်များအကြောင်း တစေ့တစောင်း

## ဝိုင်တူးကေ (စက်မှု)

**(ယမန်နေ့မှ အဆက်)**

**ဗို့အားမြင့် ဘက်ထရီမှ လျှပ်စစ်အန္တရာယ်ကာကွယ်ရေးဆိုင်ရာအခြေခံအချက်များ**

လျှပ်စစ်သုံးယာဉ်များတွင် အဓိကအရေးကြီးဆုံးသည် ဗို့အားမြင့်ဘက်ထရီဖြစ်ပါသည်။ အလုပ်လုပ်မည့် ဗို့အားသည် 60 V DC (သို့မဟုတ်) 30 V AC ထက်ကျော်လွန်ပါက အန္တရာယ်ရှိသည့် ဘက်ထရီဖြစ်ပါသည်။ ထို့ကြောင့် လျှပ်စစ်သုံးယာဉ်များအတွက် ယာဉ်ကိုယ်ထည်တည်ဆောက်ရာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အခြေခံအချက်အလက်စံနှုန်းများ၊ နည်းလမ်းများ၊ အကာအကွယ်အတားအဆီးများ၊ ယာဉ်ရှိ ဝိုင်ယာကြိုး၊ ဘက်ထရီများ၊ အန္တရာယ်ဖြစ်စေနိုင်သည့် ဗို့အားအစိတ်အပိုင်းများကို ယာဉ်ပေါ်တွင်ပါသည့် လူများမှ တိုက်ရိုက်ထိတွေ့ခြင်းမှ ကာကွယ်ရန်၊ သွယ်ဝိုက်ထိတွေ့ခြင်းမှ ကာကွယ်ရန်နှင့် လူများကို ထိခိုက်မှုမဖြစ်စေရန် လျှပ်ကာထားခြင်းနည်းလမ်းဖြင့် ကာကွယ်ရန် စသည့်အချက်များကို နိုင်ငံတကာစံနှုန်းများနှင့်အညီ တည်ဆောက်တပ်ဆင်ထားရန်ဖြစ်ပါသည်။ အသုံးပြုသူများအနေဖြင့် လိုက်နာသိထားသင့်သည့် ကာကွယ်ရေးဆိုင်ရာ အချက်အလက်များကိုလည်း အလွယ်တကူ သိရှိနားလည်နိုင်ရေးအတွက် ထုတ်လုပ်သူများက အသိပေးအမှတ်အသားသင်္ကေတကို မဖြစ်မနေ ထည့်သွင်းပေးရန် လိုအပ်ပါသည်။

ဗို့အား 60 V ထက်နည်းသည့် ယာဉ်များနှင့် ဆိုင်ကယ်များ၌ အသုံးပြုသည့် ဗို့သည် 48 V ဖြင့် အလုပ်လုပ်သည့်အချိန်တွင် ယာဉ်ကိုယ်ထည်အတွက် လျှပ်စစ်ဆိုင်ရာအကာအကွယ်များ မလိုအပ်သော်လည်း Li-Ion Battery အတွက် ဘေးကင်းလုံခြုံမှုဆိုင်ရာစံနှုန်းများ မဖြစ်မနေ ဆောင်ရွက်ရန် ဖြစ်ပါသည်။ ဘက်ထရီများသည် မီးလောင်၍ ပေါက်ကွဲလွယ်သဖြင့် တပ်ဆင်ရာတွင် အထိုင်ကို သေချာအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့မှသာ ယာဉ်မတော်တဆထိခိုက်မှုဖြစ်သည့်အခါတွင် ဘက်ထရီမှတစ်ဆင့် မီးလောင်ပေါက်ကွဲမှုမဖြစ်စေရန် လိုအပ်ပါသည်။ ဘက်ထရီကို ကိုင်တွယ်ခြင်း၊ လဲလှယ်ပြုပြင်ခြင်းများ ပြုလုပ်ရာတွင် တတ်ကျွမ်းနားလည်သည့် ပညာရှင်များဖြင့်သာ ကိုင်တွယ်ရန် လိုအပ်မည်ဖြစ်ပါသည်။

**EV Charging System (လျှပ်စစ်ယာဉ်များကို အားသွင်းသည့်စနစ်)**

**(က) Charging သွင်းခြင်းနည်းလမ်း**

လျှပ်စစ်ယာဉ်များ တွင်တွင်ကျယ်ကျယ် အသုံးပြုလာနိုင်ရန်အတွက် အများပြည်သူသုံး Charging Station များကို ဈေးဝယ်စင်တာများ၊ ဘတ်စ်ကားမှတ်တိုင်များ၊ ကားပါကင်များ စသည့်နေရာများတွင် အလွယ်တကူ အားသွင်းနိုင်ရေးအတွက်တည်ဆောက်ပေးသည့်နည်းလမ်းအပြင် ဘက်ထရီများကို အစားထိုး လဲလှယ်တပ်ဆင်ခြင်းနည်းလမ်း (Battery Swap System ) ကိုလည်း ထည့်သွင်းစဉ်းစားနိုင်ပါသည်။ ၎င်းသည် ဘက်ထရီများကို သီးသန့်အားသွင်းပေးနိုင်သည့် နေရာများထားရှိပေးပြီး အဆိုပါဘက်ထရီအစားထိုးလဲလှယ်သည့်နေရာ (Swap Station) မှ ဘက်ထရီနှင့် ယာဉ်တွင်ပါရှိသည့် ဘက်ထရီများကို အစားထိုးလဲလှယ်တပ်ဆင်ခြင်း နည်းလမ်းဖြစ်ပါသည်။

ဘက်ထရီများကို အစားထိုးလဲလှယ်တပ်ဆင်ခြင်းနည်းလမ်း ဆောင်ရွက်ခြင်းအားဖြင့် အားသွင်းချိန်ကို စောင့်ဆိုင်းရန်မလိုဘဲ လိုအပ်သည့် ဘက်ထရီ အလုံးအရေအတွက်အတိုင်း ပြောင်းလဲတပ်ဆင်ပြီးချိန်တွင် လိုရာခရီးကို ချက်ချင်းထွက်ခွာနိုင်ခြင်းဖြစ်ပါသည်။ ၎င်းလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက တင်သွင်း / ထုတ်လုပ်သည့် လျှပ်စစ်ယာဉ်နှင့်အတူ ဘက်ထရီအစားထိုးလဲလှယ်သည့် နေရာအတွက် ဘက်ထရီများ လုံလောက်စွာ ပါဝင်လာရန် လိုအပ်ပါသည်။

**(ခ) စံသတ်မှတ်ရန် လိုအပ်ခြင်း**

လျှပ်စစ်ကားတွင် အသုံးပြုမည့် အားသွင်းသည့် စနစ်နှင့်ပတ်သက်သည့် စံနှုန်းအား ရေရှည်တွင် တစ်နိုင်ငံလုံး၌ တစ်ပြေးညီအသုံးပြုနိုင်ရေးသတ်မှတ်ရန် လိုအပ်မည်ဖြစ်ပါသည်။ လျှပ်စစ်ယာဉ်များ၏ အားသွင်းစနစ်စံနှုန်းသည် ထုတ်လုပ်သည့် မူရင်းနိုင်ငံနှင့် ယာဉ်အမျိုးအစား (Brand)ပေါ်မူတည်၍ အားသွင်းရသည့် အားသွင်းခေါင်းနှင့် အထိုင် (Connector & Inlet ) များသည် ကွဲပြားခြားနားသည်။

ဥပမာအားဖြင့် လျှပ်စစ်ကားများ၏ Connector နှင့် Inlet သည် ဂျပန်စံနှုန်း CHAdeMO၊ တရုတ်စံနှုန်း GB/T၊ အမေရိကန်စံနှုန်း US-COMBO၊ ဥရောပစံနှုန်း EURO-COMBO အစရှိသည်ဖြင့် နိုင်ငံအလိုက် အခြေခံ၍ ထုတ်ထားခြင်းများဖြစ်ခြင်းတို့ကြောင့် အများပြည်သူသုံး Charging Station များ တည်ဆောက်မည်ဆိုပါက မတူညီသော Brand မျိုးစုံသည့်ယာဉ်များအတွက် အသုံးပြုနိုင်မည့် စံနှုန်းတစ်ခုတည်းဖြစ်နိုင်ရေးအတွက် စဉ်းစားရွေးချယ်၍ စတင်ဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

**သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ကာကွယ်နိုင်မည်ဖြစ်ခြင်းနှင့် လောင်စာဆီသုံးစွဲမှုများ ရေရှည်မှာ လျော့နည်းသက်သာသွားမည်ဖြစ်သည့်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးတွင် လျှပ်စစ်ယာဉ်များ တွင်ကျယ်စွာ အသုံးပြုနိုင်ရေးအတွက် EV ဆိုင်ရာ ပြပွဲ၊ ပြိုင်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ EV နှင့် စပ်လျဉ်းသည့် အဖွဲ့အစည်းများ ခိုင်မာအားကောင်းလာစေရန် အစီအမံများ၊ နည်းပညာသစ်များနှင့် ပညာရပ်ဆိုင်ရာများတွင် လေ့လာသင်ယူမှုများ၊ သုတေသနပြုလုပ်ခြင်းများ၊ ရေတိုရေရှည်အစီအမံများ၊ လမ်းပြမြေပုံများ၊ အချိန်ကာလအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ဘဏ္ဍာငွေသုံးစွဲနိုင်မှု အစီအမံများ၊ မူဝါဒ၊ ဥပဒေများဖြင့် ကျောထောက်နောက်ခံပြု၍ လျှပ်စစ်သုံးယာဉ်များ တွင်ကျယ်စွာ အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်နေကြပြီဖြစ်**

**လျှပ်စစ်ယာဉ်အမျိုးအစားနှင့် အားသွင်းမည့်စနစ်**

လျှပ်စစ်ယာဉ်များသည် ဘက်ထရီကို အားပြန်သွင်းပြီး အသုံးပြုရသည့် ယာဉ်ဖြစ်၍ အောက်ပါအတိုင်း အမျိုးအစား အုပ်စု လေးမျိုး ခွဲခြားနိုင်ပါသည် -

(၁) **လျှပ်စစ် နှစ်ဘီး၊ သုံးဘီး မော်တော်ဆိုင်ကယ်**များသည် ပုံမှန် Level 1 Charging စနစ် (110 V – 1.3 kW ) အသုံးပြုပြီး အိမ်သုံးမီတာယူနစ်မှ တစ်ဆင့် အားပြန်ဖြည့်နိုင်သောကြောင့် Public Charging Station မဖြစ်မနေ မလိုအပ်ပါ။

(၂) **လျှပ်စစ်လူစီးယာဉ်ငယ်**သည် အိမ်သုံးမီတာယူနစ်ဖြင့် အသုံးပြုသုံးစွဲနိုင်သကဲ့သို့ မြို့တွင်းခရီးတိုသွားသည့်အချိန်တွင် Public Charging Station များတွင် အသုံးပြုနိုင်မည် ဖြစ်ပါသည်။

(၃) **လျှပ်စစ်လုပ်ငန်းသုံးယာဉ်ငယ် (Light Truck)** သည် မြို့တွင်းပစ္စည်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အသုံးပြုသင့်သည့် ဝန်ပေါ့ယာဉ်ငယ်လေးများဖြစ်သောကြောင့် Battery Swap Station (သို့မဟုတ်) Public Charging Station များ ရှိလာပြီဆိုပါက အသုံးဝင်သည့် ယာဉ်များ ဖြစ်လာမည်ဖြစ်ပါသည်။

(၄) **လျှပ်စစ်ဘတ်စ်ကား (E-bus)** သည် Public Charging Station မဖြစ်မနေ လိုအပ်ခြင်းဖြစ်ပါသည်။ သတ်မှတ်ခရီးစဉ်လမ်းကြောင်းအကွာအဝေးအတိုင်း သွားရမည်ဖြစ်သဖြင့် ဆောင်ရွက်မည့် ကုမ္ပဏီလုပ်ငန်းအနေဖြင့် အုပ်စုအလိုက် ဆောင်ရွက်ခြင်းသည် စီးပွားရေးအရ ရေရှည်တွက်ခြေကိုက်နိုင်ခြင်းကြောင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စတင်ဆောင်ရွက်သင့်ပါသည်။

လျှပ်စစ်သုံးယာဉ်နှင့် လောင်စာဆီသုံးယာဉ် နှိုင်းယှဉ်အသုံးပြုခြင်းဖြင့် ရရှိနိုင်မည့် အားသာချက်/အားနည်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| လျှပ်စစ်ယာဉ်ငယ် | | ဓာတ်ဆီသုံးယာဉ်ငယ် | |
|---|---|---|---|
| ပတ်ဝန်းကျင်ကိုထိခိုက်စေမည့် အခိုးအငွေ့များ မထွက်ခြင်း | | | ပတ်ဝန်းကျင်ကိုထိခိုက်စေမည့် အခိုးအငွေ့များ ထုတ်လွှတ်ခြင်း |
| လျှပ်စစ်ဖြန့်ဖြူးရေး လုပ်ငန်းများ၌ အခွင့်အလမ်းရရှိခြင်း | | | ရေနံ ကုမ္ပဏီများ၌ အခွင့်အလမ်းရရှိခြင်း |
| ၁၀၀ % အားဖြည့်ထားပါက မိုင် ၁၀၀ ခန့်ထိ သွားနိုင်ခြင်း | | | ၁၀၀ % ဆီဖြည့်ထားပါက မိုင် ၃၀၀ ခန့်ထိ သွားနိုင်ခြင်း |
| အားသွင်းချိန် ၄၅ မိနစ်ခန့် ကြာခြင်း | | | ဆီဖြည့်ချိန် ၅ မိနစ်ခန့် ကြာခြင်း |
| ၁ မိုင်လျှင် ၂ $ ခန့်သာ ကုန်ကျခြင်း | | | ၁ မိုင်လျှင် ၁၂ $ ခန့် ကုန်ကျခြင်း |




Sources: internet

လျှပ်စစ်မော်တာကို နှစ်မျိုးပေါင်းစပ်အသုံးပြုရခြင်းဖြစ်ပြီး BEV မှာ အင်ဂျင်လုံးဝအသုံးမပြုရခြင်းများကြောင့် လေထုထဲသို့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှု လျော့နည်းသက်သာစေခြင်းဖြစ်ပါသည်။

ဆီစားနှုန်း သက်သာခြင်းကြောင့်လည်း လောင်စာဆီ အသုံးပြုမှုစရိတ် လျော့နည်းစေမှာလည်း ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ကာကွယ်နိုင်မည်ဖြစ်ခြင်းနှင့် လောင်စာဆီသုံးစွဲမှုများ ရေရှည်မှာ လျော့နည်းသက်သာသွားမည်ဖြစ်သည့်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးတွင် လျှပ်စစ်ယာဉ်များ တွင်ကျယ်စွာ အသုံးပြုနိုင်ရေးအတွက် EV ဆိုင်ရာ ပြပွဲ၊ ပြိုင်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ EV နှင့် စပ်လျဉ်းသည့် အဖွဲ့အစည်းများ ခိုင်မာအားကောင်းလာစေရန် အစီအမံများ၊ နည်းပညာသစ်များနှင့် ပညာရပ်ဆိုင်ရာများတွင် လေ့လာသင်ယူမှုများ၊ သုတေသနပြုလုပ်ခြင်းများ၊ ရေတိုရေရှည်အစီအမံများ၊ လမ်းပြမြေပုံများ၊ အချိန်ကာလအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ဘဏ္ဍာငွေသုံးစွဲနိုင်မှု အစီအမံများ၊ မူဝါဒ၊ ဥပဒေများဖြင့် ကျောထောက်နောက်ခံပြု၍ လျှပ်စစ်သုံးယာဉ်များ တွင်ကျယ်စွာ အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်နေကြပြီဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း လျှပ်စစ်ယာဉ်များ အသုံးပြုမည့်အစီအမံနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ချမှတ်ခြင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက "Public Transportation အတွက် ခရီးတိုမြို့တွင်းပြေးဆွဲသည့် လျှပ်စစ်ယာဉ်များ၊ လျှပ်စစ်ဘတ်စ်ကားများ တင်သွင်းထုတ်လုပ်အသုံးပြုနိုင်ရေးအတွက် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ဆောင်ရွက်ရန်" လမ်းညွှန်ချက်များအရ ထုတ်ပြန်ထားသည့် မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒပါလုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် EV ကဏ္ဍအတွက် ပြည်တွင်းထုတ်လုပ်မှုများကို ဖိတ်ခေါ်နိုင်ရေး EV Development Action Plan ရေးဆွဲဆောင်ရွက်လျက်ရှိရာ မူကြမ်းအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

လျှပ်စစ်သုံးယာဉ်များ၏ အားသာချက်မှာ ရိုးရိုးဓာတ်ဆီ (သို့မဟုတ်) ဒီဇယ်ဆီကားများထက် သဘာဝပတ်ဝန်းကျင်နှင့် ပိုပြီးသဟဇာတဖြစ်စေပါသည်။ ရိုးရိုးဓာတ်ဆီ (သို့မဟုတ်) ဒီဇယ်ဆီအင်ဂျင်သုံးသည့်ကားများက မောင်းနှင်နေစဉ်တွင် ဓာတ်ဆီ (သို့မဟုတ်) ဒီဇယ်ဆီအင်ဂျင်တစ်မျိုးတည်းကိုသာ သုံးခြင်းဖြစ်ပါသည်။ HEV နှင့် PHEV မှာ ဓာတ်ဆီ (သို့မဟုတ်) ဒီဇယ်ဆီအင်ဂျင်နှင့်

Action Plan (မူကြမ်း) အရ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် ၁၉ ရပ်ရှိပြီး ကနဦးမှာ တင်သွင်းအသုံးပြုခြင်းဖြင့် စတင်မှာဖြစ်ပြီး နောက်ပိုင်း EV များ အသုံးပြုမှုတွင်ကျယ်လာသည်နှင့်အမျှ ပြည်တွင်း၌ EV ယာဉ်အမျိုးမျိုးကို တပ်ဆင်ထုတ်လုပ်ခြင်းဖြင့် EV စက်မှုလုပ်ငန်းသို့ ရောက်ရှိရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

**စာမျက်နှာ ၂၅ သို့** ❐

# နောက်ကျဂိုးဖြင့် မြန်မာအသင်း အဖွင့်ပွဲတွင် အနိုင်ရ

**ရန်ကုန် မေ ၈**

(၃၁)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(က) ပထမနေ့ကို မေ ၈ ရက်က ဗီယက်နမ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း နောက်ကျဂိုးဖြင့် အမှတ်ပြည့်ရယူနိုင်ခဲ့သည်။

**ပိုမိုကြိုးစားရဖွယ်ရှိ**

ဒုတိယနေ့တွင် မြန်မာအသင်းက တီမောအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး ဗီယက်နမ်အသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။ မြန်မာအသင်းသည် အဖွင့်ပွဲတွင် အနိုင်ရခဲ့သော်လည်း ခက်ခက်ခဲခဲကစားခဲ့ရပြီး ပွဲပြီးခါနီးနာကျင်အချိန်ပိုသွင်းဂိုးကြောင့်သာ အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပွဲဦးထွက်အမှတ်ပြည့်ရခဲ့သော်လည်း ခြေစွမ်းပိုင်းအရ လိုအပ်ချက်များရှိနေသဖြင့် လာမည့်ပွဲများတွင် ပိုမိုကြိုးစားရဖွယ်ရှိနေသည်။



မြန်မာနှင့် တီမောအသင်း ယှဉ်ပြိုင်နေစဉ်။

မြန်မာအသင်းနည်းပြချုပ် ပိုပေါ့ဗ်သည် ပထမပိုင်းတွင် အသက်ကျော်ကစားသမားများနှင့် ပြည်ပကလပ်များတွင် ကစားနေသူများကို အသုံးမပြုဘဲ ပြည့်ဖြိုးသူ(ဂိုး)၊ ဟိန်းဇေယျာလင်း၊ စိုးမိုးကျော်၊ သက်ဟိန်းစိုး၊ ရန်ကျော်စိုး၊ မြတ်ကောင်းခန့်၊ အောင်ဝဏ္ဏစိုး၊ ဇော်ဝင်းသိန်း၊ ထက်ဖြိုးဝေ၊ ဝင်းနိုင်ထွန်းတို့ဖြင့် ပွဲထွက်ခဲ့သည်။

ပထမပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိသော်လည်း မြန်မာအသင်းက အခွင့်အရေးများ အသုံးချနိုင်ခဲ့သဖြင့် နှစ်ဂိုးပြတ် ဦးဆောင်နိုင်ခဲ့သည်။ မြန်မာအသင်းအတွက် ဂိုးများကို ၃၇ မိနစ်တွင် ဝင်းနိုင်ထွန်းနှင့် ၄၁ မိနစ်တွင် ထက်ဖြိုးဝေတို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းအစတွင် မြန်မာအသင်းနည်းပြချုပ်ပိုပေါ့ဗ်သည် ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ပြီး အသက်ကျော်ကစားသမားများဖြစ်သည့် မောင်မောင်လွင်၊ ဝင်းမိုးကျော်၊ အောင်ကောင်းမာန်အပါအဝင် ဟိန်းထက်အောင်တို့ကို လူစားလဲအသုံးပြုခဲ့သည်။

**ချေပဂိုးများပြန်သွင်း**

သို့သော် ဒုတိယပိုင်းတွင် မြန်မာအသင်းသည် တီမောအသင်း၏ ဖိအားပေးခြင်းကိုခံခဲ့ရပြီး ၅၂ မိနစ်တွင် မိုဇီနို၊ ၆၄ မိနစ်တွင် ဆိုရာရတ်စ်တို့က ချေပဂိုးများ ပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး တီမောအသင်းမှာ ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများ အသုံးမချနိုင်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးကို ၉၀+၅ မိနစ်တွင် အောင်ဝဏ္ဏစိုးက သွင်းယူခဲ့သည်။

ယနေ့ပွဲအပြီးတွင် အုပ်စု(က)၌ ဗီယက်နမ်နှင့် ဖိလစ်ပိုင်အသင်းက နှစ်ပွဲ ကစားလေးမှတ်စီ၊ မြန်မာအသင်းက တစ်ပွဲကစား သုံးမှတ်ရထားပြီး တစ်ပွဲကစားထားသည့် အင်ဒိုနီးရှား၊ နှစ်ပွဲကစားထားသည့် တီမောအသင်းတို့မှာ အမှတ်မရသေးပေ။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MFF**

---

**❍ ကျောဖုံးမှ**

လီဗာပူးအသင်းနဲ့ စပါးအသင်းတို့ပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် ဒုတိယပိုင်းမှာတော့ ဧည့်သည်အဖြစ်လာရောက်ကစားခဲ့တဲ့ စပါးအသင်းဟာ ပွဲကစားချိန် ၅၆ မိနစ်မှာ တိုက်စစ်မှူး ဆွန်ဟောင်မင်ရဲ့ သွင်းဂိုးကို ရရှိခဲ့ပြီး လီဗာပူးအသင်းက ၇၄ မိနစ်ရောက်မှသာ လူးဝစ်ဒိုင်ယက်ဇ်ရဲ့ သွင်းဂိုးနဲ့ ချေပဂိုးပြန်လည်ရရှိခဲ့တာကြောင့် သရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ စပါးအသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဆွန်ဟောင်မင်ဟာ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီနောက်ပိုင်း ပင်နယ်တီသွင်းဂိုးမပါဘဲ စပါးအသင်းအတွက် ပရီမီယာလိဂ်သွင်းဂိုး ၂၀ ကျော် သွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။

လီဗာပူးအသင်းဟာ လက်ရှိပရီမီယာလိဂ်ပွဲစဉ်(၃၅) ပွဲကစားပြီးချိန်မှာ ရမှတ်စုစုပေါင်း ၈၃ မှတ်ရရှိထားပြီး မန်စီးတီးအသင်းကတော့ ပွဲစဉ်(၃၄)ကစားပြီးချိန်မှာ ရမှတ်စုစုပေါင်း ၈၃ မှတ်ရရှိထားတာလည်း ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ မန်စီးတီးအသင်းက တစ်ပွဲလျော့ကစားထားပြီး လီဗာပူးအသင်းနဲ့ ရမှတ်တူအနေအထားမှာ ရောက်ရှိနေတာကြောင့် ပရီမီယာလိဂ်ဖလားရရှိမယ့်အခွင့်အရေးပိုမိုရှိနေတဲ့အသင်းလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

---

**❖ ဆီးဂိမ်းပြိုင်ပွဲမှ**

ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ)အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို မေ ၈ ရက်က ပြုလုပ်ခဲ့ရာ မြန်မာအမျိုးသမီးအသင်းနည်းပြချုပ် ဦးတင်မြင့်အောင် အပါအဝင် ထိုင်း၊ စင်ကာပူ၊ လာအို အသင်းများမှ နည်းပြချုပ်များ တက်ရောက်ခဲ့သည်။ မြန်မာအသင်းနည်းပြချုပ် ဦးတင်မြင့်အောင်က "ဆီးဂိမ်းပြိုင်ပွဲအတွက် အာရှဖလားပြိုင်ပွဲပြီးကတည်းက ပြင်ဆင်ခဲ့တာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲအတွက် ပြင်ဆင်ချိန်လုံလောက်မှုရှိပါတယ်။ ပြီးခဲ့တဲ့ အာရှဖလားပြိုင်ပွဲက အားနည်းချက်၊ အားသာချက် တွေအပေါ်မူတည်ပြီး အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားပါတယ်။ ဒီပြိုင်ပွဲမှာ အဓိကပြိုင်ဘက်ကတော့ အိမ်ရှင်ဗီယက်နမ်အပါအဝင် ထိုင်းနဲ့ ဖိလစ်ပိုင်ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်အသင်းတိုင်းမှာ ချန်ပီယံဖြစ်နိုင်တဲ့ အခွင့်အရေးလည်းရှိပါတယ်။ ကိုယ့်ဘက်က အတတ်နိုင်ဆုံး ကြိုးစားဖို့ပဲလိုတာပါ"ဟု ပြောသည်။

ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲကို မေ ၉ ရက်(ယနေ့) စတင်မည်ဖြစ်ပြီး ဖိလစ်ပိုင်အသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းပါဝင်သည့် အုပ်စု(ခ)ပွဲစဉ်များကို မေ ၁၀ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

---

MOEE YESC

Hot Plate သုံး၍ ရေနွေးအိုးတည်ပါက ရေနွေးဆူမှတ်ထက် အချိန်ကျော်လွန်မှုလူက မီးခလုတ်ကိုပိတ်ကြရသဖြင့် လျှပ်စစ်အသုံးပိုစေပါသည်။ ထို့ကြောင့် ရေဆူအမှတ်ရောက်သည်နှင့် အလိုအလျောက်ခလုတ်ပိတ်သော အီလက်ထရောနစ် ရေနွေးအိုးကို အသုံးပြုသင့်ပါသည်။




---

**❒ ကိုဗစ်-၁၉ မှ**

တရုတ်နိုင်ငံအနေဖြင့် အာရှအားကစားပြိုင်ပွဲ ပြန်လည်ကျင်းပမည့်ကာလကို ထပ်မံထုတ်ပြန်မည်ဖြစ်သည်။ မြန်မာအားကစားအဖွဲ့အနေဖြင့် ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သော်လည်း ယှဉ်ပြိုင်မည့် အားကစားနည်းများ မရွေးချယ်ရသေးကြောင်း သိရသည်။ မြန်မာအားကစားအဖွဲ့များအနေဖြင့် အာရှအားကစားပြိုင်ပွဲ ပုံမှန်အတိုင်းကျင်းပဖြစ်ပါက လက်ရှိယှဉ်ပြိုင်နေသည့် ဆီးဂိမ်းပြိုင်ပွဲအပြီးတွင် ဆက်လက်ပြင်ဆင်ရမည်ဖြစ်သော်လည်း ရွှေ့ဆိုင်းလိုက်သဖြင့် လာမည့်နှစ်မှသာ အားကစားပြိုင်ပွဲများ ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

၂၀၂၂ အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၄၀ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

**ကိုညီလေး**

---

**❒ စာမျက်နှာ ၂၄ မှ**

တင်သွင်းအသုံးပြုခြင်းနှင့်အတူ အရည်အသွေးကောင်းမွန်ပြီး စံချိန်စံညွှန်းနှင့်အညီ အသုံးပြုနိုင်ရေး ဦးစွာဆောင်ရွက်မည်ဖြစ်ခြင်းကြောင့် လက်ရှိတွင် EV ယာဉ်နှင့် ဘက်ထရီအတွက် စံချိန်စံညွှန်း သတ်မှတ်ထုတ်ပြန်နိုင်ရေးအတွက် အမျိုးသားစံချိန်စံညွှန်းကောင်စီနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

မကြာမီတွင် ကုလသမဂ္ဂ၏ ဥရောပဆိုင်ရာ စီးပွားရေးရာကော်မရှင် (United Nations of Economic Commission for Europe - UNECE) မှ ယာဉ်အတွက် ပြုစုထားသည့်စည်းမျဉ်း (UNECE Regulations) များမှ EV ဆိုင်ရာ UNECE Regulations နှစ်ခုကို တိုက်ရိုက်လက်ခံ၍ လျှပ်စစ်မော်တော်ကားအတွက် MMS UNECE R 100 (Electric Vehicle Safety) နှင့် မော်တော်ဆိုင်ကယ်ဘက်ထရီအတွက် MMS UNECE R 136 (Electric Motorcycle Battery Safety) များသည် မြန်မာစံချိန်စံညွှန်းများအဖြစ်ဖြင့် ထွက်ရှိလာတော့မည်ဖြစ်ပါသည်။ EV များတင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းများနှင့်အတူ လိုအပ်သည့် အခြေခံအဆောက်အအုံဖြစ်သော အားသွင်းစနစ်တည်ဆောက်ခြင်းများကို ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်စပ်ဝန်ကြီးဌာနများ ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကာဗွန်ထုတ်လွှတ်မှု အနည်းဆုံးဖြစ်စေရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု နည်းစေရေးနှင့် လောင်စာဆီအသုံးပြုမှု လျှော့ချနိုင်ရေး ရည်ရွယ်၍ လျှပ်စစ်ယာဉ်များ တွင်တွင်ကျယ်ကျယ် အသုံးပြုလာနိုင်ရန်နှင့် ပြည်တွင်း၌ ထုတ်လုပ်အသုံးပြုလာနိုင်ရန် ရေရှည်မြော်တွေး၍ ရှေ့ဆက်ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းစဉ်များကို ခိုင်မာသည့်မူဝါဒများအဖြစ် ချမှတ်၍ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ပြည်သူများ၏ အင်အားဖြင့် EV စက်မှုကဏ္ဍ ဖွံ့ဖြိုးရေးအတွက် တက်ညီလက်ညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း အကြံပြုဖော်ပြလိုက်ရပါသည်။ ။

**Reference များ -**

၁။ Brief History of Hybrid Cars sources by internet
၂။ History of Plug-in Hybrid Vehicle sources by Wikipedia
၃။ History of Battery Electric Vehicle sources by internet
၄။ www.adlittle.com/bev-icev
၅။ https://history-computer.com/tesla-a-complete-guide/
၆။ History of BYD company in USA
၇။ China issue three National standard for EV
၈။ www.ergon.com.au
၉။ https://bit.ly/2rFXjZ9
၁၀။ https://bit.ly/2IxBHI2
၁၁။ Evolution on Charging Standards by CHAdeMO Association in 30th AMEICC Meeting at Philippine
၁၂။ UNECE Regulation 100 (Electric Vehicle Safety)
၁၃။ UNECE Regulation 136 (Battery for Electric Motorcycle Safety)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၂၃ ဆူ | ၄၉၇ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၁. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၄ ခန်း | ၄၁၁ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၀၆ တိုင် | ၇၄ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၀ ခု | ၅၆၂ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၀ ကျင်း | ၁၆၃၆. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၇/၂၀၂၂-၂၀၂၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ Pipeline Intelligent Pigging ဝန်ဆောင်မှုလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | OS-001(2022-2023) | 24" Yadana Offshore Domestic Gas Pipeline Intelligent Pigging | MMK |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ ဘဏ္ဍာရေးဌာန၊ နေပြည်တော်တွင် (၁၆-၅-၂၀၂၂) ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို (၁၅-၇-၂၀၂၂)ရက် (၁၅:၀၀)နာရီတွင် နောက်ဆုံးထား၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ဌာန၊ နေပြည်တော်သို့ **(လူကိုယ်တိုင်)လာရောက်ပေးသွင်းရန်** ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၂၇၅/၄၁၁၃၃၁**

သို့လောင်ရုံ ငှားရန်ရှိသည်
50' x 100'(R.C)
90' x 100' (R.C)
စက်မှုဇုန်(၂)၊လှိုင်သာယာမြို့နယ်။
(နေရာအလွန်ကောင်း)
Ph : 09787200511

မိဘမေတ္တာ
ဒဂုံမြို့သစ်ဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊မြောက်ပိုင်း၊
ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
09 422 848 224

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

ပြည်ပထုတ်လုပ်သူ SHANGHAI TOPCHEMS INDUSTRY CO.,LTD သည် AGRIMAN MYANMAR CO.,LTD မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ရရှိထားသည့် အောက်ဖော်ပါပစ္စည်းMYANMAR THET NAY MIN CO.,LTD မှ ဖြန့်ဖြူးခွင့်လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်။ AGRIMAN MYANMAR CO.,LTD. အမှတ်(ခ-၈/၄၉)၊ ၆၇လမ်း၊ ၄၂x၄၃လမ်းကြား၊ မဟာမြိုင်(၁)လမ်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ Ph-09-769368158

| Sr | Trade Name | Active Ingredient | Registration Number | Registration Type |
|---|---|---|---|---|
| 1 | Top-Prince 50SC | Fipronil 50g/ISC | P2017-3411 | Provisional |

## ပိုးသတ်ဆေးကုန်သွယ်မှုအမည်ပြောင်းလဲကြောင်းအသိပေးကြော်ငြာခြင်း

ပြည်ပထုတ်လုပ်သူ SHANGHAI TOPCHEMS INDUSTRY CO,LTD. မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါပိုးသတ်ဆေးကို ကုန်သွယ်မှုအမည်ပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်။ AGRIMAN MYANMAR CO.,LTD. အမှတ်(ခ-၈/၄၉)၊ ၆၇လမ်း၊ ၄၂x၄၃လမ်းကြား၊ မဟာမြိုင်(၁)လမ်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ Ph:09-769368158

| Sr | Old Name | New name | Active Ingredient | Registration Number | Registration Type |
|---|---|---|---|---|---|
| 1 | Top-Prince 50SC | Top Shark | Fipronil 50/ISC | P2017-3411 | Provisional |

## ပိုးသတ်ဆေးကုန်သွယ်မှုအမည်ပြောင်းလဲကြောင်းအသိပေးကြော်ငြာခြင်း

ပြည်ပထုတ်လုပ်သူ SHANDONG TOPAGRI CO,LTD. မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါပိုးသတ်ဆေးကို ကုန်သွယ်မှုအမည်ပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်။ AGRIMAN MYANMAR CO.,LTD. အမှတ်(ခ-၈/၄၉)၊ ၆၇လမ်း၊ ၄၂x၄၃လမ်းကြား၊ မဟာမြိုင်(၁)လမ်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ Ph:09-769368158

| Sr | Old Name | New name | Active Ingredient | Registration Number | Registration Type |
|---|---|---|---|---|---|
| 1 | AM-Super King 1 EC | Eimartet | Emamectin Benzonate 1%EC | P2018-4197 | Provisional |

## ပိုးသတ်ဆေးကုန်သွယ်မှုအမည်ပြောင်းလဲကြောင်းအသိပေးကြော်ငြာခြင်း

ပြည်ပထုတ်လုပ်သူ ZIBO NAB AGROCHEMICALS LIMITED မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါပိုးသတ်ဆေးကို ကုန်သွယ်မှုအမည်ပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက် ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်။ TOPAGRI MYANMAR CO.,LTD. Block(2/C)၊ အမှတ်(၁၇)၊ နဝဒေးအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-883759773

| Sr | Old Name | New name | Active Ingredient | Registration Number | Registration Type |
|---|---|---|---|---|---|
| 1 | NAB-Super Queen 20SP | Super Queen | Acetamiprid 20% SP | P2018-4078 | Provisional |
| 2 | NAB-Min Thar 32.5SC | Min Pro | Azoxystrobin 20%+ Difenoconazole 12.5% SC | P2018-4232 | Provisional |

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အမှတ်(၇)အထည်စက်ရုံ(မြစ်သား)တွင် ၂/၈၀ ချည်များထုတ်လုပ်ရန်အတွက်လိုအပ်သော ပြည်ပချည်မျှင်ရှည်ဝါဂွမ်း(Extra Long) (၁၀၀) မက်ထရစ်တန်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တင်ဒါအဆိုပြုလွှာများတင်သွင်းရန် တင်ဒါပိတ်ရက်အား၂၉-၄-၂၀၂၂ (သောကြာနေ့)အစား ၁၂-၅-၂၀၂၂ (ကြာသပတေးနေ့)သို့ တိုးမြှင့်သတ်မှတ် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| တင်ဒါအမှတ် | - | ၀၁/ပြည်ပဝါဂွမ်းကုန်ကြမ်း (၂၀၂၂-၂၀၂၃) |
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၅-၄-၂၀၂၂ (အင်္ဂါနေ့) |
| တင်ဒါပိတ်ရက် | - | ၁၂-၅-၂၀၂၂ (ကြာသပတေးနေ့) |

၂။ အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းနိုင်ပါသည် -

**ထုတ်လုပ်ရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။**
**၀၆၇-၄၀၈၁၃၈၊ ၀၆၇-၄၀၈၄၃၉၊ ၀၆၇-၄၀၈၄၉၂။**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်အတွင်း ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်ပြည်ထောင်စု/ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် မြို့နယ်/မြို့/လမ်းအထူးအဖွဲ့များမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းများပေါ်ရှိ လမ်း/တံတားလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့် ရက်/အချိန် | (၉-၅-၂၀၂၂)မှ (၂၄-၅-၂၀၂၂)ရက်အထိ (၉:၃၀)နာရီမှ (၁၆:၀၀)နာရီ ရုံးချိန်အတွင်း |
| (ခ) | တင်ဒါပုံစံရောင်းချမည့်နေရာ | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တောင်ကြီးမြို့။ |
| (ဂ) | တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့် ရက်/အချိန် | (၂၅-၅-၂၀၂၂) ရက် (၁၆:၀၀)နာရီ |
| (ဃ) | တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် | (၂၆-၅-၂၀၂၂)ရက် နံနက် (၉:၃၀)နာရီ) |
| (င) | တင်ဒါဖွင့်လှစ်မည့်နေရာ | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တောင်ကြီးမြို့။ |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း ဖုန်း ၀၉-၄၂၈၅၅၅၅၉၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## ကချင်ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြစ်ကြီးနားမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်၊ ကချင်ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ကချင်ပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါမြို့များတွင် ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါသဖြင့် တရားဝင်လိုင်စင်ရ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | မြို့နယ် | လုပ်ငန်း |
|---|---|---|
| (က) | မိုးညှင်းမြို့ | (၄)ခန်းတွဲ(၄)ထပ် ဝန်ထမ်းအိမ်ရာတိုက်အမှတ်(၆)၏ ကျန်ရှိလုပ်ငန်း(၇၅%)ဆောင်ရွက်ခြင်း |
| (ခ) | ဗန်းမော်မြို့ | (၄)ခန်းတွဲ(၄)ထပ် ဝန်ထမ်းအိမ်ရာတိုက်အမှတ်(၅)၏ ကျန်ရှိလုပ်ငန်း(၇၅%)ဆောင်ရွက်ခြင်း |
| (ဂ) | ဗန်းမော်မြို့ | (၄)ခန်းတွဲ(၄)ထပ် ဝန်ထမ်းအိမ်ရာတိုက်အမှတ်(၆)၏ ကျန်ရှိလုပ်ငန်း(၆၀%)ဆောင်ရွက်ခြင်း |
| (ဃ) | မိုးမောက်မြို့ | (၄)ခန်းတွဲ(၄)ထပ် ဝန်ထမ်းအိမ်ရာတိုက်အမှတ်(၃)၏ ကျန်ရှိလုပ်ငန်း(၇၅%)ဆောင်ရွက်ခြင်း |
| (င) | မံစီမြို့ | (၄)ခန်းတွဲ(၄)ထပ် ဝန်ထမ်းအိမ်ရာတိုက်အမှတ်(၃)၏ ကျန်ရှိလုပ်ငန်း(၆၀%)ဆောင်ရွက်ခြင်း |

၂။ တင်ဒါဖွင့်မည့်ရက်အားထပ်မံကြော်ငြာပါမည်။

၃။ တင်ဒါအဆိုပြုလွှာများနှင့်စည်းကမ်းချက်များကို ရုံးချိန်အတွင်း ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့တွင် (၁၀-၅-၂၀၂၂)ရက် နံနက်(၉:၃၀)နာရီမှ စတင်ဝယ်ယူနိုင်ပြီး (၂၃-၅-၂၀၂၂)ရက် (၁၆:၀၀)နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၄။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ (ဖုန်း-၀၇၄-၂၅၂၉၂၆၂၊ ၀၇၄-၂၅၂၂၆၈၉) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့
## အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲမှုအောက်မှ တပ်ဖွဲ့ဝင်များဝတ်ဆင်ရန် ယူနီဖောင်းဝတ်စုံမှာယူဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲမှုအောက် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ဝတ်ဆင်ရန်အတွက် ယူနီဖောင်း(ပြောက်ကျား) ဝတ်စုံ (၅၀၇၂)စုံ ချုပ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်ရှိသဖြင့် တင်ဒါပေးသွင်းလိုသူများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

| မြို့နယ် | တင်ဒါခေါ်ယူမည့်အမျိုးအစား |
|---|---|
| မောင်တော | ယူနီဖောင်း(ပြောက်ကျား)ဝတ်စုံ(ဦးထုပ်)ပါ-၅၀၇၂ စုံ |

၂။ တင်ဒါလျှောက်လွှာများကို အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး(ကျီးကန်းပြင်)တွင် ၁၆-၅-၂၀၂၂ရက်မှ ၂၃-၅-၂၀၂၂ ရက်အထိ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်နေ့ရက် | - | (၁၆-၅-၂၀၂၂)ရက် |
| တင်ဒါပိတ်မည့်နေ့ရက်/အချိန် | - | (၂၃-၅-၂၀၂၂)ရက် (၁၆:၀၀)နာရီ |
| တင်ဒါပုံစံဝယ်ယူရန်နှင့် ရောင်းချမည့်နေရာ | - | အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး(ကျီးကန်းပြင်)၊ မောင်တောမြို့နယ် |

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၄၂၈၂၁၉၈၅၈၊ ၀၉-၄၀၀၄၇၇၀၅၂ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်အတွင်း ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် မြို့နယ်/မြို့/လမ်းအထူးအဖွဲ့များမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းများပေါ်ရှိ လမ်း/တံတားလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့် ရက်/အချိန် | (၉-၅-၂၀၂၂)မှ( ၂၄-၅-၂၀၂၂)ရက်အထိ (၉:၃၀)နာရီမှ (၁၆:၀၀)နာရီ ရုံးချိန်အတွင်း |
| (ခ) | တင်ဒါပုံစံရောင်းချမည့် နေရာ | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ လွိုင်လင်မြို့။ |
| (ဂ) | တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့် ရက်/အချိန် | (၂၅-၅-၂၀၂၂)ရက်(၁၆:၀၀)နာရီ |
| (ဃ) | တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် | (၂၆-၅-၂၀၂၂)ရက် နံနက်(၉:၃၀)နာရီ |
| (င) | တင်ဒါဖွင့်လှစ်မည့်နေရာ | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ လမ်းဦးစီးဌာန၊ လွိုင်လင်မြို့။ |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လွိုင်လင်မြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၃၁၀၀၂၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

ဒေါပုံမြို့နယ်၊ ယမုံနာလမ်းမကြီးပေါ်ရှိ ပေ(၂၅×၅၀)၊ (၇)ထပ်တိုက်လုံးချင်း၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ ဂရန်အမည်ပေါက်၊ မင်္ဂလာဈေးနှင့်အနီးဆုံး ရောင်းမည်။ ဖုန်း - ၀၉၄၀၀၅၅၃၇၅၅

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## အင်းစိန်မြို့နယ်တရားရုံးတော်
## ၂၀၁၉-ခုနှစ်၊ တရားမကြီးမှုအမှတ်-၂ နှင့်ဆက်သွယ်သည့်
## ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၉

| | | |
|---|---|---|
| ဒေါ်မြစိန် | ------------------- | (ဒီကရီအနိုင်ရသူ) |
| | နှင့် | |
| ဦးမြင့်ခိုင် | ------------------- | (တရားရှုံး) |

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ သီရိရတနာ(၃)လမ်း၊ အမှတ်(၅၇)၊ မြေညီထပ်နေ ဦးမြင့်ခိုင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၂ ခုနှစ်၊ မေလ၊ (၁၉)ရက်၊ (၁၃၈၄ ခုနှစ်၊ ကဆုန်လဆုတ် ၅)ရက်နေ့ မွန်းမတည့်မီ (၁၀)နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၂ ခုနှစ်၊ မေလ(၅)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲနိုင်သန်း)**
**မြို့နယ်တရားသူကြီး**
**အင်းစိန်မြို့နယ်တရားရုံး**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် ( ယခင်-ကမာရွတ်မြို့နယ် )၊ မြေတိုင်းရပ်ကွက်အမှတ်-(၂၈)၊ မြေကွက်အမှတ်-( ၁က? )အရ မြေဧရိယာ-( ၀. ၁၁၉ + ၀. ၀၄၉(လမ်း) = စုစုပေါင်းမြေဧရိယာ- ၀. ၁၆၈ ဧက)ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-(၆၁/အေ)၊ ပြည်လမ်း၊ (၁၁)-ရပ်ကွက်၊ လှိုင်မြို့နယ်ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် **ဒေါက်တာဦးစိုးမြင့်** ( PGU-၀၆၁၉၉၀ )နှင့် **ဒေါ်ခင်ခင်လှ** (၁၂/လမန (နိုင်) ၀၂၆၅၀၃)တို့ ပူးတွဲအမည်ဖြင့် မှတ်သားထားပြီး၊ ဒေါက်တာဦးစိုးမြင့် ကွယ်လွန်ပြီးနောက် ဆက်ခံပိုင်ဆိုင်သူ **ဒေါ်ခင်ခင်လှ**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်တို့ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို အပြီးချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| ဦးသွင်ဇာနည်ဦး(ဥပဒေဘွဲ့) | ဒေါ်ခိုင်ဇင်လတ်(ဥပဒေဘွဲ့) |
| အထက်တန်းရှေ့နေ(စဉ်-၄၈၄၇၄) | အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၀) |

အမှတ်-(၁၇၆)၊ ပထမထပ်၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၈၃၉၇၂၃၄၊ ၈၃၉၇၂၃၅၊၈၂၉၆၀၃၂။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျွန်တော့်ရဲ့ အမျိုးသားရေးရည်မှန်းချက် ၂ ခုရှိပါတယ်။

၁။ နိုင်ငံတော်ကြီး သာယာဝပြောရေး

၂။ တိုင်းပြည် စားရေရိက္ခာပေါများရေးတို့ ဖြစ်ပါတယ်။

ပြည်ထောင်စုကြီးတစ်ခုလုံး အေးချမ်းသာယာစွာနဲ့ လူတိုင်းလူတိုင်း ကိုယ်စိတ်ချမ်းသာစွာနဲ့ လုပ်ကိုင်စားသောက်နိုင်ပြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ရပါမယ်။

မြေပေါ်မြေအောက် သဘာဝအရင်းအမြစ်များ အသုံးချပြီး တိုင်းသူပြည်သားအားလုံးအတွက် စားရေရိက္ခာ မပူမပင်မကြောင့်မကြ ပြည့်စုံနေအောင် ဆောင်ရွက်ရေးပဲဖြစ်ပါတယ်။

တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာပဲရှိပါတယ်။ ပြည်သူလူထုရဲ့စွမ်းအားနဲ့ အကောင်းဆုံးဖြစ်အောင် ကျွန်တော်ကြိုးစားသွားပါမယ်။ အောင်မြင်မယ်လို့လည်း အပြည့်အဝယုံကြည်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်၏ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ နှစ်သစ်ကူးအခါသမယတွင် ပြောကြားခဲ့သည့် မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကားမှ ကောက်နုတ်ချက်)



လီဗာပူးအသင်းနှင့် စပါးအသင်း ယှဉ်ပြိုင်ကစားစဉ်။

## ပရီမီယာလိဂ်ဖလားရဖို့ မျှော်လင့်နေတဲ့ လီဗာပူးအသင်း စပါးအသင်းနဲ့ ပွဲစဉ်မှာ သရေတစ်မှတ်သာရရှိခဲ့

ယခုနှစ်ဘောလုံးရာသီမှာ ပရီမီယာလိဂ်ဖလားရရှိဖို့ မျှော်လင့်ထားတဲ့ လီဗာပူးအသင်းဟာ မေ ၇ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပါးအသင်းနဲ့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် သရေတစ်မှတ်သာ ရရှိခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❍

**ယနေ့ ဖတ်စရာ**

**သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ လုံးတော်ပြည့်မျက်ပါးရွှေသင်္ကန်း ကပ်လှူပူဇော်မှုလုပ်ငန်းနှင့် ကြာမှောက်ကြာလန်တို့တွင် ရွှေစင်ရွှေသားရွှေပြားသင်္ကန်းတော်များ ကပ်လှူပူဇော်မှုလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး**

စာမျက်နှာ » ၅

**ယူကရိန်းနိုင်ငံ၏ ကျန်းမာရေးလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ဂါဘရီယီးဆပ် ကီယက်ဗ်သို့ သွားရောက်**

စာမျက်နှာ » ၁၃

**အခန်းဆက် ဝတ္ထုရှည်**

စာမျက်နှာ » ၂၂




## ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အာရှအားကစားပြိုင်ပွဲ ရွှေ့ဆိုင်း

ရန်ကုန် မေ ၈

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၂၂ အာရှအားကစားပြိုင်ပွဲကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းလိုက်ပြီဖြစ်သည်။

ယင်းပြိုင်ပွဲကို စက်တင်ဘာ ၁၀ ရက်မှ ၂၅ ရက်အထိ တရုတ်နိုင်ငံ ဟန်ကျိုးမြို့တွင် ကျင်းပရန် စီစဉ်ထားသော်လည်း ကပ်ရောဂါအခြေအနေကြောင့် ရွှေ့ဆိုင်းကြောင်း ပြီးခဲ့သည့်ရက်ပိုင်းက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အာရှအားကစားပြိုင်ပွဲကို လေးနှစ်တစ်ကြိမ် ကျင်းပခြင်းဖြစ်ပြီး တရုတ်နိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ် သုံးကြိမ်မြောက် လက်ခံကျင်းပခွင့်ရရှိခြင်းဖြစ်သည်။

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❒

## ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာအမျိုးသမီးဘောလုံးအသင်း ဗီယက်နမ်နိုင်ငံ၌ လေ့ကျင့်

ရန်ကုန် မေ ၈

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် မေ ၇ ရက်မှစတင်ကာ ဗီယက်နမ်နိုင်ငံ၌ လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။



မြန်မာအမျိုးသမီးအသင်းသည် တောင်ကိုရီးယားခြေစမ်းခရီးစဉ်မှ မေ ၆ ရက်တွင် ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး မေ ၇ ရက်မှစတင်ကာ လေ့ကျင့်မှုများပြုလုပ်နေခြင်းဖြစ်သည်။ အိန္ဒိယကလပ် ဂိုကူလမ်အသင်းတွင် သွားရောက်ကစားနေသည့် တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းမှာလည်း မြန်မာအမျိုးသမီးအသင်း ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိလာချိန်တွင် အသင်းနှင့်စတင်ပူးပေါင်းလျက်ရှိပြီး ပြိုင်ပွဲဝင်ရန် အသင့်အနေအထားရှိနေပြီဖြစ်သည်။

စာမျက်နှာ ၂၅ ကော်လံ ၃ သို့ ❖